
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# အောင်ကျော်စွာ

## မရဏာရှေ့လိုက်ရ


စာမူခွင့်ပြုချက်အမှတ် - ၇၄၆/၂၀၀၄ (၇)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၉၂၃/၂၀၀၄ (၉)

၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ၊
ပထမအကြိမ်

တန်ဖိုး - ၃၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၀၉)လမ်း၊ ရန်ကုန်။


မောင်ကျော်လှိုင်
စေတနာ
စာပေ

# မရဏာရှေ့လိုက်ရ



# အောင်ကျော်စွာ

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊



# ဘဝဓော်မှ ဘဝဓော်သို့

အရှေ့မိုးကုတ်စက်ဝိုင်း၏ ဟိုမှာဘက်မှ အလင်းရောင်များသည် တိုးဝှေ့၍ ဝင်လာကြ၏။ အေးမြသော လေပြေသည်လည်း ဖြည်းညှင်းစွာ တိုက်ခတ်လျက်ရှိရာ ဆည်းဆာ၏ အလှကို ပို၍သာယာစေ၏။

နိုးစပြုပြီ ဖြစ်ကြသော ငှက်ကလေးများကလည်း တီတီတျာတျာနှင့် နေ၍ စေတမန်များသဖွယ် နေ့အစကို ဟစ်ကြွေးနှိုးပြုနေကြပေ၏။

ကျေးငှက်သာယံကာတို့ တေးသံသာများဖြင့် ကြွန်

www.burmeseclassic.com



ကြူး ပျော်မြူးနေကြသကဲ့သို့ ကျွန်ုပ်တို့၏နှလုံးသားတွင် ပီတိတွေ ဖုံးလွှမ်းလျက်သာ ရှိနေတော့၏။

ကိုဘမော် ... ကိုဘဇော်တို့ အမွှာညီအစ်ကို နှစ်ယောက်နှင့် ကျွန်ုပ်တို့ သုံးဦး အပျော်ကြီးပျော်နေကြသော်လည်း မသက်ဝေတစ်ယောက်မှာမူ ကျွန်ုပ်တို့ကဲ့သို့ ပျော်နေနိုင်မည် မဟုတ်ချေ။

အဘယ်ကြောင့်ဆိုသော် မသက်ဝေတစ်ယောက်မှာ စခန်းတဲစောင့်အဖြစ်နှင့် နောက်ပိုင်းတွင် ကျန်နေရစ်ခဲ့သောကြောင့်ပေတည်း။

ကျွန်ုပ်၏ အတွေးတို့သည် ကိုဘဇော်၏ စောစောလုပ်ကြရန် လှမ်းဆော်လိုက်သော အသံ၏အကြားတွင် ပျောက်ကွယ်သွားခိုက် မသက်ဝေ၏ ...

"အ ... မယ် ... လေး ... "

ဟု အသံကို ကြားလိုက်ရာ ကိုဘမော်မှာ စကားဆုံးအောင် မပြောနိုင်ရှာဘဲ ဇနီးဖြစ်သူမသက်ဝေထံသို့ ပြေးလွှားသွားလိုက်လေ၏။





"ကိစ္စမရှိပါဘူး ကိုဘမော် ... မသက်ဝေရဲ့ လက်ကို ကော်ဖီဖျော်တာ ... ရေနွေးအပူနည်းနည်းလောင်သွားတာပါ ... ဘာမှ မဖြစ်ပါဘူး ... "

ဟုပြောရင်း ကော်ဖီထည့်ပြီး စစ်ရေဘူးကို အဖုံးပိတ်ကာ ကိုဘမော် အားပေးနေရှာသည်။

ရမ်ပူဘူးဟု ဆိုသော်လည်း မသက်ဝေ၏ လက်ချောင်းကလေးများမှာ အနည်းငယ်တုန်၍သာ နေလေ၏။

ဤတွင် ကိုဘမော်သည် သူ့ဇနီးချော မသက်ဝေ၏ လက်ကလေးကို အသင့်အိပ်ကပ်တွင် ချိတ်ထားသော ဖောင်တိန်အား ဖြုတ်၍ ဆွတ်လိမ်းပေးလိုက်ပြီး ...

"ဝေ ... နေရစ်ဦးနော် ... ကိုယ်တို့မိုးမချုပ်မီ ပြန်လာခဲ့မယ် ... ထမင်းဟင်းကို ဦးဒိုးလုံးကို ချက်ပါစေ ... ဝေ ဘာမှ မလုပ်နဲ့တော့ ... ပျင်းရင် ယူလာခဲ့တဲ့ မဂ္ဂဇင်း စာအုပ်တွေ ဖတ်နေပေါ့ကွယ် ... "

"ကောင်းပါပြီတဲ့ ရှင် ... "

ဟု မသက်ဝေက ဖြေလိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကိုခင်မောင်ဦးနဲ့ ကိုဇော်တို့ရော ... ရိက္ခာအတွက် ကော်ဖီဗူး ကိုယ်စီယူလာကြ ... ဗူးချင်းလည်း မမှားကြနဲ့နော် ... ညီအစ်ကို နှစ်ယောက်က အကျီမှားဝတ်လို ဝတ်နဲ့..."

"ကဲပါဗျာ ... သူ့လင်ဟာများ သဝန်ကြောင်လိုက်တာ ..."

ဟု ကိုဘဇော်က သူ့ဘူးကို ဆွဲယူရင်း မသက်ဝေကိုပြောလိုက်ရာ အစ်ကိုဖြစ်သူ ကိုဘမော်က ပြုံးရယ်နေလျက် ...

"ကဲပါ ... သွားကြရအောင် ..."

ဟု ပြောလိုက်လေ၏။

ကျွန်ုပ်လည်း ရိက္ခာကော်ဖီဘူးကို လှမ်းယူရင်း မသက်ဝေ၏ စွေ့စပ်ပုံ၊ ကိုဘမော်၏ တစ်ခါတစ်ရံ တမော်တည်းမော်ကာ 'ဘို' ဆန်ကာ ချစ်နေလိုက်ကြပုံနှင့် ညီဖြစ်သူ ကိုဘဇော်၏ သည်းသည်းခံပုံတို့ကို စဉ်းစားမိကာ သူတို့သုံးဦးဘဝမှာ ကျေနပ်ပျော်ရွှင်စရာ ကောင်းလှပေ၏။

သို့ဖြင့် ကျွန်ုပ်တို့ ယောက်ျားသုံးဦးမှာ စီးတော်မြင်းကိုယ်စီနှင့် စခန်းချနေရာ တဲဟောင်းကလေးမှ ထွက်လာခဲ့ကြတော့၏။





မသက်ဝေမှာ ကာကီဝတ်စုံ ဆင်တူဝတ်ထားသော လင်တော်မောင်နှင့် မတ်တော်မောင်တို့ကို ကြည့်ရင်း လက်ပြကာ ကျန်ရစ်ခဲ့ရရှာလေသည်။

တကယ်တွင်တော့လည်း ကိုဘမော်နှင့် ကိုဘဇော်တို့ အမြွှာညီအစ်ကိုမှာ အရပ်မောင်းတူ၊ ဗလတူ၊ ရုပ်ချင်းခွဲမရအောင် တူသူ များဖြစ်လျက် ဤကာကီဝတ်စုံ စစ်ဖိနပ်နှင့် သက္ကလပ်ဦးထုပ် အညိုရောင်ဆင်တူနှင့်ဆိုပါက သကြားမင်းပင် ဆင်း၍ခွဲခြားနိုင်ပါမည်လား မပြောတတ်ပေ။

သို့ရာတွင် ကျွန်ုပ်နှင့် မသက်ဝေတို့ကတော့ သူတို့နှစ်ဦးကို ခွဲခြားနိုင်ပါသည်။ ကိုဘမော်မှာ ဗမာ့တော်လှန်ရေးတွင် ပါဝင်ခဲ့သူ တစ်ဦးဖြစ်သဖြင့် အသားရောင်များမှာ ရာသီဥတုဒဏ်ကြောင့် မဲနေ၍ ယခုအခါတွင် အသားလပ်လာပြီဟု ဆိုရသော်လည်း မူလအသားရောင်ကို မမှီသေးဘဲ အနည်းငယ်ကလေး ညိုသည်ဟု ဆိုနိုင်ပေသေးသည်။

ထို့အပြင် ကိုဘမော်၏ အသံမှာ အောင်မြင်ခန့်ညားပုံရ၏။ သို့ရာတွင် ၄င်းတို့ညီအစ်ကိုနှစ်ဦးကို တစ်ကွဲစီ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



စီတွေ့ရလျှင်ကား မသက်ဝေတစ်ယောက်တွင်ပင် အကျပ်ရိုက်စေ ရှိပေလိမ့်မည်။

ကိုဘမော်၏ ညာလက်မောင်းကို စစ်ဗိုလ်ဘဝတ ရခဲ့သော 'ရဲသစ်'ဆိုသည့် နာမည်ကို အမှတ်တရအနေဖြင့် အနီရောင် အနက်ရောင် နှစ်ရောင်ဖြင့် ထိုးထားသော'သိန်းစွန်' ရုပ်ကလေး ကိုသာ လှန်ကြည့်ရတော့မည်။

သူတို့ အမြွှာညီနောင် နှစ်ဦးကား ဤမျှပင်တူနိုင် လွန်းလှပေ၏။ လွန်ခဲ့သော ၂၄ နှစ်ခန့်ကမူ လူ့လောကအတွင်းသို့ အလုအယက် ဝင်ရောက်လာကြသော ညီအစ်ကိုနှစ်ယောက်၏ မိ ဘနှစ်ဦးခမျာ ပီတိတွေ ဖုံးလျှက်နေမည်ကို မြင်ယောင်မိပါ၏။

သူတို့ မိဘများသည်ကြေးရတက် ကွမ်းခြံပိုင်ရှင်မျာ ဖြစ်သည်နှင့်အညီ သားနှစ်ဦးစလုံးတို့အား မန္တလေး တက္ကသိုလ်သို့ ပင် ပို့လျှက် ပညာကိုသင်စေခဲ့ကြသည်။

ဥပစာအောင်မြင်ပြီးသော အခါတွင် ကိုဘမော်သည် ပညာဆက်လက်၍ မသင်တော့ဘဲ မိဘများ အလုပ်ဖြစ်သော ကွမ်း ခြံများကို ဦးစီးကာ လက်တွေ့လုပ်လာခဲ့လေသည်။





ကိုဘခေါ်မှာ စက်မှုတက္ကသိုလ်တွင် ဆက်လက် သင်ကြားနေခဲ့ရာမှ ဒုတိယနှစ် အောင်မြင်ပြီးသောအချိန်တွင် ဒုတိယကမ္ဘာစစ်ကြီးစတင်ခဲ့သောကြောင့် တက္ကသိုလ်ကျောင်းတော် ကြီးလည်း အဆက်ပြတ်ခဲ့ရလေ၏။

ထို့နောက် မကြာမီက မိဘနှစ်ပါးလုံးမှာလည်း ရှေ့ ဆင့်နောက်ဆင့်ဆိုသလို ဘဝတစ်ပါးသို့ ကူးပြောင်းသွားသော အခါ ၌ကား ကိုဘမော်သည် ညီဖြစ်သူ ကိုဘခေါ်အား စစ်ထဲမလိုက်ခဲ့စေဘဲ ကွမ်းခြံအလုပ်များနှင့် နေရစ်ခဲ့စေကာ သူကိုယ်တိုင်ကမူ မြေအောက်ဖက်စစ်တော်လှန်ရေးစခန်းဆီသို့ အသက်ပေးရောက် ကာ အမိနိုင်ငံတော်အတွက် ကာကွယ်ပေးခဲ့လေ၏။

သို့ဖြင့် စစ်ကြီးပြီးဆုံးပြီးနောက် ကိုဘမော်သည် ရှေ့ တန်းမှလက်ထပ်ယူလာသော ဇနီးလေး မသက်ဝေနှင့် ပြန်လည် ရောက်ရှိလာသောအခါ၌ကား ကိုဘမော်မှာ မိဘနှစ်ပါးကို ကတိ ပေးခဲ့သလို ကွမ်းခြံလုပ်ငန်းအလုပ်များနှင့် နေခဲ့သော်လည်း စိတ်ပါ ဝင်စားမှုနည်းသည်က တစ်ကြောင်း၊ ဓါတ်ဆေးပစ္စည်းများဖြစ်သော အင်ဒလင်းပိုးသတ်ဆေးရည်နှင့် ကွမ်းရွယ်မြစ်များ မတည်၍



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်လား မသိ၊ ကွမ်းခြံလုပ်ငန်းများ၊ ဆုတ်ယုတ်ခဲ့ပြီး ညီအစ်ကိုနှစ်ယောက်လည်း အားသစ်လောင်းကာ လုပ်ငန်းများကို ပြန်လည်အားစိုက်ခဲ့ကြရပေသည်။

ထို့ကြောင့် ယခုအခါတွင် ကွမ်းခြံလုပ်ငန်းများ ပြန်လည်အရှိန်ယူစပင် ပြုနေလေပြီ။ သို့ဖြင့် ကျွန်ုပ်တို့ သုံးယောက်ပေါင်း လောင်းကျော်မှာ ဆိုရမည့် သုံးဦးသားတို့မှာ ကိုယ့်အတွေးနှင့်ကိုယ် စကားမပြောဖြစ်ကြသေးဘဲ ခြေမြန်တော်ပြေးမြင်းများကိုသာ ခပ်သွက်သွက် စီးလာခဲ့ကြသဖြင့် ခရီးအတော်လေးပင် ပေါက်ရောက်ခဲ့ကြပေ၏။

ကိုဘမော်လည်း စခန်းချရန် နေရာသို့ရောက်ပြီဖြစ်သဖြင့် ဤနေရာသို့ ညနေနေမဝင်မီ အရောက်လာရမည့် အကြောင်းကိုပြောကာ မြင်းပေါ်မှဆင်းလျက် မြင်းကုန်းများ ဖြုတ်ပြီး သစ်ပင်အောက်တွင် ထားသောကြောင့် ကျွန်ုပ်တို့လည်း အလားတူ လုပ်ကြရလေ၏။

ကျွန်ုပ်လည်း အတော်ကလေး ဗိုက်ဆာနေပြီ ဖြစ်သဖြင့် စုပုံထားသော အိတ်များထဲမှ အစားအသောက်များကို ဆွဲယူ





စားသောက်နေမိရာ ကိုဘဇော်တစ်ယောက်လည်း ခွက်တစ်ခုနှင့် စမ်းချောင်းကလေးထဲမှ ရေများကို ခပ်ယူလာပြီးနောက် ကျွန်ုပ်တို့အနီးတွင် ထိုင်လာ၏။

ကိုဘဇော်လည်း မြင်းစီးလာ၍ ဆာလာဟန် တူသောကြောင့် ဖွင့်ပြီးသား အသီးယိုဗူးတစ်ခုကို ဖွင့်ကာ စားနေပါတော့သည်။

"အမှန်တော့ ဒီရွှေလိုက်ဂူရှာတနာသိုက်ကိစ္စလုပ်ငန်းကို လုပ်ဖို့ရာ ဆုံးဖြတ်ခဲ့ကြတုန်းကတော့ ကိုယ်ရယ်၊ ဗိုလ်တေဇာရယ်၊ ဗိုလ်ဗျူဂ္ဂရယ်ပဲ တို့များ သုံးယောက်စလုံး ဒီစခန်းတိုက်ပွဲမှာ အတူရှိခဲ့ကြတာပေါ့ ... "

"ဟုတ်လား ... အဲဒီအကြောင်းတွေ ကျွန်တော် အစက မသိဘူး ... "

ကိုဘမော်က ရေဘူးများကို ရေထပ်ဖြည့်နေရင်းမှ ပေါင်မုန့်ပလုပ်ပလောင်းနှင့်ပြောကာ ...

"ဒီလိုဆို တို့အစ်ကိုဟာက ... "

ဟု စကားကို ရပ်ထားစဉ် ညီဖြစ်သူ ကိုဘဇော်က



www.burmeseclassic.com

www.burmeseclassic.com



စကားကိုဆက်လိုက်သောကြောင့် ကိုဘမော်မှာ အံ့ဩသော အမူအရာနှင့် ကြည့်နေလေ၏။

တကယ်တော့လည်း တွေးကြည့်လိုက်လျှင် ဝမ်းနည်းကြေကွဲ၍ ငိုချင်စရာပင် ကောင်းလှ၏။ ဤရွှေလိုဏ်ဂူရတနာ သိုက်နေရာကို သိသောသူထဲတွင် ကိုဘမော်တစ်ယောက်သာ အသက်ရှင် ကျန်ရစ်တော့လျက် ဗိုလ်တေဇာနှင့် ဗိုလ်ဗျဂ္ဃတို့ကား ယခုမရှိကြတော့ပြီ။

သူတို့ မသေဆုံးမီကပင် သုံးဦးသား မိမိတို့ ကိုယ်ရင်တွင်းတွင်ရှိနေသော အကြံအစည်ကို ဖွင့်ဟတိုင်ပင်၍ စွန့်စားရန်သဘော တူဆုံးဖြတ်ပြီးကာမှ ဤကဲ့သို့ ဖြစ်သွားရခြင်းဖြစ်ရာ သွေးရိုးသားရိုး မှ ဟုတ်ပါသလောဟု သံသယဖြစ်ဖြစ်ဖွယ်ရာပင် ဖြစ်၏။

ဗိုလ်တေဇာ သေရသည်မှာတော့ မထူးဆန်းလှချေ။ ထိုသူမှာ စိတ်ကြမ်းကိုယ်ကြမ်းနှင့် ဂျပန်ခေတ်၌ စစ်တပ်ထဲတွင် အကြီးအကျယ် ရမ်းခဲ့သူ ဖြစ်သောကြောင့် လူမုန်းများသူ တစ်ယောက်ဖြစ်၏။ ထို့ကြောင့် တစ်လောဆီက ဗိုလ်တေဇာတစ်





ယောက်တည်းထွက်သွားရာမှ မြို့နှင့် မနီးမဝေးတောစပ်ကလေးတွင် နောက်မှနေ၍ ဓားနှင့် အသေခုတ်သတ်ခံရခြင်း ဖြစ်လေသည်။

ထိုအမှုမှာ ပြီးပြတ်ခြင်းမရှိဘဲ တရားခံအားလည်း ဖမ်းဆီးအပစ်ပေးနိုင်ခြင်း မရှိခဲ့ချေ။ သို့ရာတွင် ဗိုလ်ဗျဂ္ဃသေဆုံးသွားရသည့်အတွက်မူကား ဝမ်းနည်းစရာ ကောင်းလှပေသည်။

ဗိုလ်ဗျဂ္ဃ၏ နာမည်မှာ 'ကျား'ဟု အဓိပ္ပါယ်ရ၍ ကြောက်စရာကောင်းသလောက် လူမှာ နူးညံ့သိမ်မွေ့သောသူ တစ်ဦးဖြစ်ပြီးလျှင် အပြုအမူမှစ၍ ဗိုလ်တေဇာနှင့် ဆန့်ကျင်ဘက်ကြီးပင် ဖြစ်နေ၏။ သူရသတ္တိနှင့်ကား ပြည့်စုံသူတစ်ဦးပင် ဖြစ်၏။

တစ်နည်းအားဖြင့်ဆိုသော် ၎င်းတို့နှစ်ဦးမှာ နာမည်လွဲမှားနေသည်နှင့် တူလှပေ၏။ ဗိုလ်ဗျဂ္ဃမှာ တောလိုက်ဝါသနာပါပြီး လူအားရန်မူတတ်သော သားရဲတိရစ္ဆာန်များကိုသာ ပစ်ခတ်တတ်ခြင်း ဖြစ်လေသည်။ ဤသည်ပင် သူ၏သေခြင်းတရားကို ဖန်တီးလိုက်ခြင်းပင် ဖြစ်လေသည်။

"ဗိုလ်ဗျဂ္ဃလို လူမျိုးကို ကျားကိုက်ခံရတယ်ဆိုတာမျိုးဟာ အံ့ဩဖို့ ကောင်းလှတယ် အစ်ကိုရာ ... "



www.burmeseclassic.com

www.burmeseclassic.com



ညီဖြစ်သူ ကိုဘဇော်မှာ သူကိုယ်တိုင် တောလိုက်ကျင်လည်သူတစ်ဦးပီပီ မခံချင်သဖြင့်ပြောလိုက်ရာ ...

"ဒီလိုပေါ့ကွာ ... ရေကူးတတ်တဲ့သူ ရေနစ်လို့ သေရတယ်... မြွေအလပ္ပါယ်ဆရာ မြွေကိုက်လို့ သေရသတဲ့ကွ ... "

ကျွန်ုပ်လည်း သိပ်မကျေနပ်လှဘဲ ...

"အင်း ... တောလိုက်မုဆိုးတော့ ကျားကိုက်လို့သေရတယ်လို့ စကားပုံတစ်ခု တွင်ကျန်ရစ်ဦးမှာပေါ့ ... "

"ဘယ့်နှယ်လဲဗျို့ ... ကိုခင်မောင်ဦး ... "

ကိုဘဇော်နှင့် ကျွန်ုပ်တို့မှာ တသဘောတည်းဖြစ်နေရာ ကျွန်ုပ်ပြောပုံကို သဘောကျသွားကာ ရယ်ရင်း ...

"ဒါနဲ့ ဗိုလ်ဗျဂ္ဂဟာ အဆိပ်မိလို့သေသလို့ ဆေးရုံက ဆရာဝန်တွေ ပြောတယ်ဆို ... အဲဒါ မဆန်းဘူးလား အစ်ကိုရ ... "

ဟုပြောကာ ကျွန်ုပ်သောက်နေသော ကော်ဖီဘူးကို ဆွဲယူ၍ ကိုဘဇော်တစ်ယောက် သောက်နေပြန်၏။

"ဟာ ... ဒီဆရာဝန်ကလည်း အူကြောင်ကြောင်ပါကွာ ... သေသေချာချာ ပြောနိုင်တာ မဟုတ်ပါဘူး ... ကြားက





လည်း အဆိပ်တက်ချင် တက်ဦးမှာပေါ့ကွာ ... "

ဟုဆိုပြီး သူ့ကော်ဖီဘူးကို ထယူရန် ဟန်ပြင်နေသဖြင့် ကိုဘဇော်က သူသောက်နေသော ဘူးကို လှမ်းပေးကာ...

"အဆိပ်သာ မှန်ခဲ့ရင်တော့ ဗိုလ်ဗျဂ္ဂဟာ ကျွန်တော်ထင်သလောက် မလည်သေးဘူးပေါ့ ... အစ်ကိုရဲ့ ... ပယောဂကတော့ မပါပါဘူးနော် ... "

ကိုဘမော်လည်း ကော်ဖီသောက်နေရင်းမှ ရယ်မောကာ ...

"မင်းတို့ကောင်တွေ ... ကြံကြံဖန်ဖန်ကွာ ... ခက်လည်း ခက်ပါဘိတော့တယ် ... သူတို့နှစ်ယောက်သေသွားရတာ ရိုးရိုးသေတာလို့ မင်းတို့က မထင်ဘူးမှတ်တယ် ... "

"ဒီလိုဆိုလည်း ပြီးပါရောဗျာ ... "

ဟု ကျွန်ုပ်က ပြောလိုက်ရာ တစ်စုံတစ်ခုကို စဉ်းစားနေပုံရသော ကိုဘဇော်က ကျွန်ုပ်အား မော့ကြည့်လိုက်ပြီး...

"အေးကွ ... ကိုကိုရ ... ကျွန်တော်တို့ စိတ်ထဲမှာလည်း ခိုးလို့ခုလု ဖြစ်နေတာ ... နောက်ပြီး ထမင်းချက်ကြီး ဦးဖိုး



www.burmeseclassic.com

www.burmeseclassic.com



လုံးကလည်း သူ့ဆရာ ဗိုလ်ဗျူဂွသေဆုံးရတာ အဆိပ်မိသေတာပဲလို့ တထစ်ချ ယုံကြည်နေတုန်းပဲနဲ့ တူတယ် ... အခုလည်း ကြည့်လေ ... အစ်ကို့ကို အမြဲလိုပဲ သတိပေးနေတယ် ... သူ တယ်ပြီး စိတ်ချပုံ မပေါ်ဘူးကွ ... မထူးဆန်းဘူးလား ... ”

ဟု ပြောနေလေ၏။

“ဟုတ်တယ် ... ကိုဘမော်ရ ... ဗိုလ်တေဇာနဲ့ ဗိုလ်ဗျူဂွတို့ နှစ်ယောက် သေတဲ့ကိစ္စမှာ ကိုဘမော်ရဲ့ ပယောဂ မပါဘူးဆိုရင်တော့ ကိုဘမော်တို့ အကြံအစည်ကို တစ်ခြားတစ်ယောက်ယောက်ကများ သိနေသလားဗျာ ... ”

“ကိုခင်မောင်ဦးပြောတာ မဆိုးဘူး ... အစ်ကိုလည်း နည်းနည်းပါးပါး သတိထားရင် ကောင်းမယ် ... ”

“မင်းတို့နှစ်ယောက်က သိပ်အတွေးအခေါ် ခေါင်နေတာကိုး မင်းတို့ ထင်သလို ဖြစ်နိုင်ပါ့မလားကွာ ... ဒီကိစ္စ ရွှေလိုဏ်ဂူရတနာသိုက်ကို အသေအချာတွေ့ရမယ်ဆိုတာ အသေအချာမှ မဟုတ်ဘဲ ... တို့ကို အလကား သတ်မလား ...





မင်းတို့က ‘လုံဖျား ပခြေနား ... ကျီးကန်းက ချီးပါ’ဆိုတာမျိုးလို ဖြစ်နေပြီကွ ... ဟား ... ဟား ... ဟား ... ဟိုကောင်တွေ သူ့ဟာသူသေတာနဲ့ ကိုယ်က နင်းကန်ကြောက်နေရမယ် လို့ကွာ ... ဟား ... ဟား ... ဟား...”

ကိုဘမော်တစ်ယောက်လည်း ဟက်ဟက်ပက်ပက်ကြီးပင် ရယ်နေပြန်လေ၏။ ကျွန်ုပ်နှင့် ညီဖြစ်သူ ကိုဘဇော်တို့နှစ်ယောက်မှာလည်း သူရဲဘောကြောင်ရာရောကျနေသဖြင့် အသာပင်ငြိမ်နေရလေတော့၏။

သို့ရာတွင် ကိုဘမော်ကမူ ...

“အေးပါလေ ... ဒီနယ်မှာ ကိုယ်က ဗိုလ်ပါကွ ... ကိုယ့်ရှေ့မှာတော့ မင်းဘာမှ မဖြစ်စေရဘူး ဟေ့ ... ”

ဟုပင် အသားယူ၍ ပြောလိုက်လေ၏။

ဤကဲ့သို့ အတည်ပေါက်ပြောပြီး အသားယူတတ်သည်မှာ အစ်ကိုကြီးဖြစ်သူ ကိုဘမော်၏ နှစ်သက်စဖွယ်ကောင်းသော ဝါသနာကလေးတစ်ခုပင် ဖြစ်ပေတော့၏။

သို့ဖြစ်၍ ကျွန်ုပ်တို့လည်းအိုး ရယ်မောကာ စားသောက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ပစ္စည်းများကို အိပ်ထဲဆီသို့ ပြန်ထည့်လိုက်ကြလေ၏။ မြင်းများမှာ အနီးအနားတွင် မြက်စားလျက်ပင် ရှိနေကြ၏။

ဤတွင် ကိုဘမော်လည်း မြေပုံမိတ္တူသုံးခုကို ထုတ်ကာ ရွှေလိုဏ်ဂူရတနာသိုက်ရှိရာကို ပိုမိုထင်ရှားစေရန် မှင်နီဖြင့် ရေးချယ်ပြီး ကျွန်ုပ်တို့ကို တစ်ယောက်တစ်ရွက်စီပေး၏။ ကိုဘဇော်လည်း မြေပုံကို ထုတ်ကြည့်ပြီးနောက် ...

"ကဲ ... တို့တစ်တွေ လမ်းခွဲပြီးသွားကြမယ် ... တစ်နေရာမှာတော့ တစ်လမ်းစီခွဲရှာကြတာပေါ့လေ ... ညနေ ဒီနေရာကို တကယ်လို့ ရွှေလိုဏ်ဂူရတနာသိုက်ကို ရှာမတွေ့လည်း ပြန်ဆုံကြမယ် ... "

ဟုပြောပြီး မြင်းကိုပြင်ဆင်ကာ ဦးစွာစတင်၍ ထွက်ခွာသွားလေ၏။

ကျွန်ုပ်နှင့် ကိုဘမော်တို့နှစ်ဦးမှာ အတူတူ မြင်းများကို ခပ်သွက်သွက်ပင် စီး၍ လာခဲ့ကြရာ ...

"တောတောင်တွေ အနေအထားကတော့ နှစ်တွေကြာတော့ ပြောင်းလဲနေတာပဲကွ ... ကောင်းကောင်း မမှတ်မိ





သေးဘူး ဖြစ်နေတယ်... တစ်နေ့တည်းနဲ့ တွေ့ပါ့မလား မသိဘူး ... "

ဟု စတင်ပြောလိုက်၏။

"စစ်မရောက်ခင် မြားကုန်တဲ့ စကားမျိုးတွေ ပွဲမတိုးတော့ပါဘူး ... ကျွန်တော်ကတော့ စိတ်ထဲမှာ အခုလို မြေပုံနဲ့ အသေအချာရှာရင် တွေ့နိုင်ပါတယ်လေ ... "

ထို့နောက် ကျွန်ုပ်လည်း မြေပုံကို ဖြန့်ကြည့်လိုက်၏။ မြေပုံပါအချက်အလက်များမှာ ကိုဘမော်ကိုယ်တိုင် လွှန်ခဲ့သောညကပင် အသေးစိတ်ပြောပြထားပြီး ဖြစ်သောကြောင့် အလွတ်ကိုပင် ရနေပြီဖြစ်၏။

ထိုနေရာ၌ တွင်းအိုကြီးသုံးခုမှာ ဖိုခနောက်ဆိုင်သကဲ့သို့ ဖြစ်နေလျက် တောင်ဘက်ဆုံးတွင်း အရှေ့ဘက်တွင် တောင်ကမ္ဘူတန်းလေးရှိရာ ၄င်းအရှေ့တောင်ဘက်တွင် ရေကန်လေး ရှိသည်ဟု ဆို၏။

ကျွန်ုပ်တို့မှာ စခန်းချရာ နေရာမှ အရှေ့မြောက်ဘက်သို့ သွားလာနေကြခြင်းဖြစ်ရာ အလွယ်ကူဆုံးမှာ တောင်ကမ္ဘူနှင့် ရေအိုင်တစ်ခုခုကို တွေ့ရန်ပင် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကျွန်ုပ်လည်း အရှေ့ဘက်ဆုံး တောင်ကုန်းအစွန်းရှိ ဘေးတွင်ကြက်ခြေခတ်ထားသည်ကို သတိပြုမိကာ ကိုဘမော်အား မေးကြည့်ခဲ့ဖူး၏။

"အဲဒီ တွင်းထဲကို ဂျပန်အလောင်းတွေ ပစ်ချထားခဲ့တယ်… နံနက်လင်းအားကြီးကျတော့ ကိုယ်တို့လည်း အမိခံရတာနဲ့ ပြေးခဲ့ကြရတယ် … ခုလောက်ရှိရင် အရိုးတွေတော့ ရှိဦးမှာပေါ့ … "

"ကိုဘမော် ပြောသလိုဆိုရင် ဒီဂျပန်သိုက်မှာ ရှိတဲ့ရွှေတွေဟာ တော်တော်များမှာပေါ့ … ဒီလောက်များများ ရွှေတွေကို ဒီကောင်တွေ ဘယ်ကရတာလဲဗျ … "

"ကိုယ့်အထင်တော့ စစ်ဦးပိုင်းမှာ နယ်ချဲ့အင်္ဂလိပ် စစ်သားတွေ အပြေးမှာ ရွှေတွေ မသယ်နိုင်ဘဲ ကိုယ်လွတ်ပြေးရတဲ့အကြောင်းတွေ ကြားဖူးမှာပေါ့ … အဲဒီ နယ်ချဲ့အင်္ဂလိပ်စစ်သားတွေ ဝှက်ထားခဲ့တဲ့ ရွှေတွေနဲ့ တူပါတယ် … အဲဒီတုန်းက ဂျပန်တွေလည်း အလားတူ အခြေအနေမျိုးမှာ ရွှေတွေကို လိုဏ်ခေါင်းထဲမှာ ပုံဝှက်ထားခဲ့ရမယ် … အဲဒီ





ညက အပြင်းအထန် တိုက်ပွဲဖြစ်ကြတာဟာလည်း ဒီရွှေတွေအတွက်လို့ ထင်တယ် … ဘာကြောင့်လည်းဆိုရင် အခြေအနေမလှလို့ ပြေးရတော့မှာမို့ ရွှေအနည်းအကျဉ်းပါသွားရင် သူတို့အဖို့တော့ အထောက်အပံ့ ဖြစ်နိုင်တာပဲ … ဒါကြောင့် အဲဒီတိုက်ပွဲမှာ ဒီမြေပုံကို အရယူလိုက်တာပေါ့ …"

ဟုပြောပြီး ကိုဘမော်လည်း တစ်စုံတစ်ခုကို သတိရဟန်တွေနှင့် မှိုင်းဝေ၍ နေလေ၏။

ကျွန်ုပ်လည်း ဆက်လက်၍ မမေးတော့ဘဲ လမ်းကလည်း ဆိုးလာသဖြင့် မြင်းကိုသာ ဂရုစိုက်၍ စီးလာရာ မကြာမီပင် ညာဘက်သို့ တိမ်းကာ မောင်းနှင်နေရ၏။

"အင်း … ဒီလိုသာဆိုရင်တော့ တို့ရဲ့ ခရီးစဉ်ဟာ နီးလာပြီပဲ … တောင်ကုန်းကလေးကို အဝေးနေပြီး မြင်နေရပြီလား… "

"တောင်ကုန်းဆိုပေမဲ့ သိပ်မမြင့်ဘူး … ချိုင့်ဝှမ်းတွေ … လျှိုတွေကြောင့်သာ မြင့်သလိုဖြစ်နေလို့ အတော်ကလေးနီးမှမြင်ရလိမ့်မယ် …ဒီနေရာတစ်ဝိုက်ဟာ ကျောက်မြေတွေမို့ ရောက်ရင် သိသာပါတယ် … "



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်တွင်ပင် မြင်းခွာမှာ ကျောက်တို့ဖြင့် တင်ချက် တစ်ချက်တွင် ခတ်မိသံကို သတိပြုမိကာ ကျွန်ုပ်တို့လည်း စိတ်အားထက်သန်စွာဖြင့် မြင်းများကို အပြေးကိုယ်စီ ခိုင်းလိုက်မိကြပြန်၏။ အတော်ကလေး စိုင်းမိသောအခါတွင် သစ်ပင်များလည်း ရှင်းသွားပြီးလျှင် ကျွန်ုပ်တို့ ဘယ်ဘက်တွင် ကပ်လျက်သား တောင်ကုန်းကလေး တစ်ခုကို တွေ့ရလေ၏။

ကိုဘမော်လည်း ဤတောင်ကုန်းမှာ မြေပုံထဲတွင် ပါလာသော တောင်ကုန်းပင်ဖြစ်၍ ကျွန်ုပ်တို့မှာ မှန်းထားသည်ထက် အရှေ့ဘက်သို့ ရောက်နေကြကာ ကိုဘဇော်နှင့် တွေ့နိုင်လိမ့်မည် ထင်ကြောင်း ပြောပြလျက် ရေအိုင်ကလေးရှိမည့် ဘက်သို့ ဆက်လက်၍ မြင်းများကို မောင်းနှင်လိုက်ကြလေ၏။ နေမွန်းမတည့်မီပင် ထိုရေအိုင်သို့ ရောက်သွားကြရာ မြင်းပေါ်မှဆင်းပြီး အနားယူကြလေ၏။

ကျွန်ုပ်တို့လည်း ပေါင်မုန့်အနည်းငယ်နှင့် သစ်သီးယိုတို့ကို အစာပြေစားသောက်ပြီးနောက် ကျွန်ုပ်ကော်ဖီဗူးမှာ ကုန်သွားပြီဖြစ်၍ ကိုဘမော်က သူ့ကော်ဖီဗူးကို ဖွင့်ပေး၏။





ကျွန်ုပ်လည်း ကော်ဖီအနည်းငယ်ကို သောက်ပြီးနောက် ကိုဘမော်အား လှမ်းပေးလိုက်သည်တွင် ထိုဓာတ်ဗူးမှာ ညီဖြစ်သူ ကိုဘဇော်၏ ဓါတ်ဘူးဖြစ်နေသည်ကို သတိပြုမိကာ ဘတိုက်ကရိုက်နှင့် ဘူးမှားယူသွားဟန် တူပေ၏။

စားသောက်ကြပြီးနောက် ကျွန်ုပ်တို့လည်း အချိန်ဖြုန်းကြတော့ဘဲ လမ်းရှင်းနေသော ရေအတိုင်အရှေ့ဘက် ကမ်းစ၌ မြင်းများကို မောင်းနှင်စီးနင်းခဲ့ကြရာ ... ကိုဘမော်က ထင်နေသော မြင်းခြေရာများကို ညွှန်ပြလိုက်ကာ ...

"ညီလေး ... ဘဇော်က ကျွန်တော်တို့ထက်တောင် ဒီနေရာကို ဦးစွာရောက်နေတာကိုး ... ဘဇော်က ဒါမျိုးများတော့ တကယ် စိတ်ချရတဲ့ ကောင်ပဲကွ ... "

"အင်း ... သူ့အရင်တွေ့တယ်ဆိုပြီး ကြွားဦးမှာပေါ့လေ ..."

ဟု ကျွန်ုပ်ကလည်း ရယ်ကာမောကာ ပြောဆိုပြီး လှမ်းလာခဲ့ကြလေတော့၏။

မကြာမီပင် တောင်ကုန်းအစွန်းရှိ ကြက်ခြေအမှတ်ပြထားသော ကွင်းနှင့်နီးကပ်လာပြီဖြစ်လျက် မြင်းများကို ခက်ခဲစွာပင် မြန်သထက်မြန်အောင် စီးခဲ့ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တောင်ကုန်းအကွယ်မှ လွန်လာပင် ကိုဘဇော် စီးလာသော အုန်းခွံရောင် မြင်းကြီးကို မြင်လိုက်ကြရသဖြင့် ကျွန်ုပ်တို့လည်း မြင်းများကို ဒုန်းစိုင်းကြပြန်ရာ လူကိုကား အရိပ်အရောင်မျှပင် မတွေ့ရချေ။

၄င်း၏ စီးတော်မြင်းကမူ ကျွန်ုပ်တို့ထံသို့ပင် ပြေး၍လာနေလေ၏။ ပထမမှာ ကိုဘဇော်မှာ တွင်းကြီးထဲသို့ ဆင်းကြည့်နေပြီဟု မှတ်ထင်ရသော်လည်း ကျွန်ုပ်တို့တွင်းစပ်နားသို့ ရောက်သွားသောအခါ၌ကား ...

ကိုဘဇော်အား အထူးလိုက်၍ ရှာနေရန် မလိုတော့ချေ။ သူသည် တွင်းဘက်ဆီသို့ မျက်နှာမူလျက် မလှုပ်မရှက် ဝမ်းလျားမှောက်၍ လဲနေခြင်းကို မြင်တွေ့လိုက်ရသဖြင့် မြင်းတွေပေါ်မှ နှစ်ယောက်သား ခုန်ဆင်းလာခဲ့ကြကာ သူ့ထံဆီသို့ ပြေးသွားမိ၏။

"ဘဇော် ... ညီလေးဘဇော် ... "

ဟုခေါ်၍ ကိုဘဇော်အား ပွေ့ယူလိုက်ကြသောအခါတွင်ကား မျက်နှာမှာ အနည်းငယ်ရှုံ့မဲ့နေဟန်ရှိပြီး ညိုရောင်သန်းနေ





ခြင်းကို သတိပြုလိုက်မိ၏။ ကျွန်ုပ်မှာ နားမလည်နိုင်အောင် ရှိနေပြီး ကိုဘမော်မှာမူ တွေဝေ၍သာနေ၏။

"ညီလေး ... သေပြီ ... "

ဟု ကိုဘမော် နှုတ်ခမ်းမှ ထိုစကားတစ်ခွန်းကိုသာ ကျွန်ုပ်နားနှင့် ဆတ်ဆတ်ကြားလိုက်ရလေ၏။ အမှန်တကယ် ဆိုရပါမူ ကျွန်ုပ်သည်ပင် ကိုဘဇော်တစ်ယောက် သေပြီဆိုခြင်းကို နားဖြင့်လည်း မယုံ၊ မျက်စေ့ဖြင့်လည်း မယုံနိုင်အောင် ရှိနေသော်လည်း သေပြီ ဆိုသည်ကိုမူကား စိတ်အတွင်းထဲကတော့ သိနေပါ၏။

ကံကြမ္မာ အကြောင်းတရားမှာ ထူးခြားဆန်းကြယ်လွန်းလှပေ၏။ ကိုဘဇော် ဘာကြောင့်သေရသနည်း။ ဤမေးခွန်းကို တွေးမရအောင်ပင် ရှိ၏။

တစ်လောကလုံးတွင် ကိုဘဇော်ကို ကျွန်ုပ်ထက်သိသူမရှိချေ။ သူ့အား လွန်ခဲ့သော (၇)နှစ်ခန့်က သိခဲ့၏။ သူနှင့် အတူနေခဲ့၏။

ကျွန်ုပ်၏ မိဘများကပင် သူတို့ညီအစ်ကိုနှင့်နေလျှင် စိတ်ချ၏။ ဂျပန်ခေတ်တစ်ခေတ်လုံး တေပေပျက်စီးမည်စိုး၍



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်အား သူတို့ရှိရာ တောပိုင်းစပ်နှင့် ဝေးရာတွင် နေစေခဲ့၏။

ထို့ကြောင့် ကိုဘဇော်လောက် ဘေးအန္တရာယ်ကို မြင်တတ်သောသူ မရှိ။ ကျွန်ုပ်ကိုယ်တွေ့ပင် သူ၏ လျှင်မြန်ဖျတ်လတ်မှု၊ ဖြတ်ထိုးဉာဏ်ကောင်းမှု၊ သတ္တိရှိမှုတို့ကြောင့် အသက်ဘေးမှ လွတ်မြောက်ခဲ့ရပေါင်း များလှပေပြီ။

ဤကဲ့သို့ ကျွန်ုပ်၏ အသက်ကိုလည်း ကြိမ်ဖန်များစွာ ကယ်ခဲ့ဖူးသောသူ၊ အခြေခံပညာမှစပြီး အစစ အရာရာပင် သွန်သင် ပြသခဲ့သော သူ၊ နောက်ဆုံးဒုတိယကမ္ဘာစစ်ပြီးသော အချိန်၌ပင်လျှင် မိဘများက ပညာသင်ကြားရန် ခေါ်စဉ် သူ့အား ခွဲခွာ၍ မသွားလိုသော ကျွန်ုပ်အား ယခုမူ ခွဲခွာ၍ သွားခဲ့လေပြီ။

ထို့ကြောင့် ကျွန်ုပ်မှာ သူ့အတွက် ဝမ်းနည်းနေခြင်းထက် သူ၏ ရန်သူကို ရှာဖွေလက်တုံ့ပြန်လိုသော စိတ်များပိုမိုပင် ဖြစ်ပေါ်လာခဲ့ပေ၏။

သို့သော်လည်း ...

"အသက်ကို အန္တရာယ်ပေးတတ်တဲ့ ဘေးရန်ကို အသေအချာ မသိသေးသမျှ မင်းအသက်ဟာ စိတ်မချရဘူး ... "





ဟု ကိုဘဇော်ဆိုသူ မကြာမကြာပြောတတ်သော စကားများကို သွား၍ သတိရလိုက်မိ၏။

ကျွန်ုပ်လည်း ထိုအချိန်ကြမှပင် ပတ်ဝန်းကျင်ကို သတိပြုလိုက်မိ၏။ လိုဏ်ဂူတွင်းကြီးထဲ၌ကား နေရောင်၏ အောက်၌ လူသေအရိုးများဖွေး၍ နေပေ၏။

ထိုတွင်းလိုဏ်ဂူကြီးမှာ အမှန်တကယ်တွင် မတ်စောက်မြင့်မားသော လျှိုကြီးသဖွယ် ဖြစ်နေပေရာ မြေပုံထဲတွင်ပါသည်ကို ထောက်၍ ထိုဘက်ပိုင်းရှိ လျှိုကြီးများမှာ နောက်မှ မိုးဒဏ်လေဒဏ်ကြောင့် ပြိုကျပြီး ဖြစ်ပေါ်လာဟန်ရှိပေ၏။

ကျွန်ုပ်ရပ်နေသော နံရံဘက်မှာ အနည်းငယ်ပြေလျှက် လူတစ်ယောက် ကောင်းစွာဆင်းနိုင်ပုံရ၏။ ထိုအခိုက်တွင် နံရံအောက် တစ်ဝက်လောက်၌ သစ်ပင်ခြုံလေးတစ်ခုကို ချိတ်နေသော ကိုဘဇော်၏ ဦးထုပ်ကို မြင်တွေ့လိုက်မိ၏။

ကိုဘဇော်တစ်ယောက် လိုဏ်ခေါင်းအတွင်းထဲပင် ဆင်းခဲ့လေပြီလော ... သို့ဆိုလျှင် ဘေးအန္တရာယ်သည် တွင်းထဲမှ ဖြစ်ဟန်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ်ပါက ဖြစ်နိုင်ချေရှိသော နည်းလမ်းမှာ လေများ တိုက်ခတ်၍ပင် ဦးထုပ်က တွင်းထဲသို့ လွင့်ကျသွားခြင်း ဖြစ်ပေသလော။

လေမှာတွင်းဘက်သို့ တိုက်ခတ်နေသဖြင့် ထို အချက်သည်လည်း ဖြစ်နိုင်ပေရာ ကျွန်ုပ်အဖို့ အလင်းရောင်နှင့် ပိုမို နည်းကပ်လာနိုင်ဖွယ်ရာ အကြောင်းရှိလေ၏။

ကျွန်ုပ်လည်း ဦးထုပ်ကို ကောက်ယူရန် ခပ်ပြေပြေ ရှိနေသော နေရာဘက်မှာ ဂရုစိုက်၍ ဆင်းသွားကြည့်၏။ ဦးထုပ် အနီးသို့ ရောက်စဉ်တွင် အထက်မှ အသံကြားသဖြင့် မော့ကြည့် လိုက်မိရာ ဒရယ်လေးတစ်ကောင်မှာ မြင်းနှင့်လူများကို တွေ့လိုက် သောကြောင့် လန့်သွားဟန်တူကာ လိုဏ်ခေါင်းထဲသို့ ဆင်းပြီး ကျွန်ုပ်ရှိရာဘက်သို့ ပြေးလာနေသည်ကို တွေ့ရလေ၏။

အနားဆီသို့ ရောက်မှ ကျွန်ုပ်အား မြင်သဖြင့် ဒရယ် က ကွေ့ပြီးလျှင် အောက်ချိုင့်ဝှမ်းတစ်လျှောက် ဆင်းပြေးပြန်လေ ၏။ ဤနေရာတွင် ကျွန်ုပ် တစ်သက်တာအဖို့ အလွန်ထူးခြားသော အဖြစ်အပျက်တစ်ရပ်ကို မျက်ဝါးထင်ထင်ပင်လျှင် တွေ့မြင်လိုက်ရ ပေတော့၏။





ဒရယ်ကလေးမှာ ၄–၅ လှမ်းမျှ ဆင်းပြေးပြီး တစ်ခါ တည်း ခွေလျက်သား လဲကျသွားသည်ကို တွေ့ရကာ အသက်နှင့် ဘင်းကွာသွားသကဲ့သို့ မလှုပ်မယှက်ရှာတော့ချေ။

ကျွန်ုပ်မှာ ကိုယ့်မျက်စိကိုယ်ပင် မယုံနိုင်ဘဲ များစွာ မှ အံ့သြတွေဝေလျက် ငေးကြည့်နေမိ၏။ မြွေဆိုးတစ်ကောင်ကပင် ပေါက်လိုက်လေသလောဟု မှော်လင့်ချက်ကြီးစွာဖြင့် ထိုအနီးနား တစ်ဝိုက်တွင် ရှာဖွေကြည့်မိပါသော်လည်း လှုပ်ရှားနေသော မည် သည့်သက်ရှိ သတ္တဝါတစ်ကောင်တစ်လေမျှကိုပင် မတွေ့ရပါချေ။

ကျွန်ုပ်လည်း လုံးဝနားမလည်နိုင်သော အမှုအရာ နှင့် အပေါ်သို့ မော့ကြည့်လိုက်မိ၏။ ဤတွင် ကိုဘမော်တစ် ယောက်မှာလည်း ထူးဆန်းလွန်းလှသော မျက်လှည့်ပြကွက်တစ်ခု ကို မြင်တွေ့လိုက်ရသော လူတစ်ဦးအသွင်ဖြင့် တအံ့တသြ ဖြစ်နေ ခြင်းကို တွေ့လိုက်ရလေ၏။

သို့ရာတွင် သူ၏ မျက်နှာပေါ်၌ကား တစ်စုံတစ်ခု ကို ပြင်းပြင်းထန်ထန် ပြန်လည်စဉ်းစားနေဟန် အရိပ်အရောင်များ ယှက်သန်းလျက် ရှိနေပေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုဘမော်၏ အသွင်ကား မြှုပ်ကွက်လုပ်ထားသော မျက်လှည့်ဆရာ၏ အရင်းအမြစ်ကို ဖေါ်ထုတ်တော့မည်ကဲ့သို့ ရှိပေ၏။

ကျွန်ုပ်လည်း ကြံရာမရ ဖြစ်ကာ အသေအချာ ကြည့်မည်ဟု ဦးထုပ်ကို ကောက်ယူရန် ဆက်လက်ဆင်းသွားမိပြန်လေတော့၏။ ကျွန်ုပ်မှာ ဒရယ်ကလေး၏ အဖြစ်အပျက်ကို မြင်ရသော်လည်း မိမိကိုယ်တိုင် ထိုသို့ ဖြစ်သွားလိမ့်မည်ဟူ၍ကား လုံးဝ မတွေးမိ။ ဆက်စပ်၍မျှ မရ။

မျက်စိလည်သွားသဖြင့် မျက်လှည့်ဆရာ အနီးသို့ တိုး၍ ကြည့်လိုသူကဲ့သို့ ဖြစ်မိလေသည်။ တစ်နည်းအားဖြင့် ဆိုသော် ဘေးအန္တရာယ်၏ ဇစ်မြစ်ကို မသိသည်ဖြစ်သောကြောင့် ၎င်းကို စူးစမ်းခြင်းပွင်လျှင် ထိုဘေးအန္တရာယ်၏ ခံတွင်းသို့ သက်ဆင်းမိသည်နှင့် တူနေ၏။

ဤကား ကျွန်ုပ်၏ မဟာအမှားပင်တည်း။ ဤသို့ အမှားမျိုးမှားကာ လူ၏အသက်ကို အရင်းတည်ရသည် ဖြစ်ရ တစ်ခါမှားမိခါမျှဖြင့် နောင်တပင် မရနိုင်သော အဖြစ်သို့ ရောက်





တော့မည်ကား မလွဲတည်း။ ထိုအမှားကား သေမင်းတမန်၏ ဓိဝိန်ချုပ်ခံရသော ကွယ်လွန်အနိစ္စ ရောက်ရခြင်းပေတည်း။

အကြောင်းသော်ကား၄င်းဦးထုပ်ကို ကျွန်ုပ်ကောက်ယူရန် ကုန်းလိုက်သည်တွင် ကမ္ဘာမြေကြီးသည် ခြေနှစ်ချောင်းအောက်မှ ချော်ထွက်သွားလေပြီတကားဟုသာ တွေးလိုက်နိုင်တော့၏။

နောက်ဆုံး ကျွန်ုပ်လည်း ထိတ်လန့်အံ့သြခြင်းကြားမှ တုန်လှုပ်စွာ ရှန်းကန်ကြည့်၏။ သို့ပါသော်လည်း ကျွန်ုပ်၏ ကိုယ်ခွာ ကျွန်ုပ်မပိုင်တော့ပြီ။ အသက်ရှုလျက် ရှိနေကြောင်းကိုကား ကောင်းစွာ သတိပြုမိပါသေးသည်။

အသက်ရှုနေလျက်နှင့်ပင် အသက်ရှုကျပ်ပြီး မွန်းလျက်သာ နေတော့၏။ ဤမျှထက် နီးစပ်ပေါ်လွင်အောင်ကိုကား ကျွန်ုပ်မရေးတတ်တော့ပြီ။

ထိုအခိုက် ကျွန်ုပ်တွေးမိသည်မှာ ကျွန်ုပ်၏ အသက်ကို စောင့်ရှောက်မည့်သူ မရှိတော့သော အချိန်တွင် မိမိကိုယ်မိမိ ခစောင့်ရှောက်နိုင်စွာ တကားဟု ဝမ်းနည်းမိလျက် ထိုသူပင်လျှင်



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်သူ မကာကွယ်နိုင်သော အဖြစ်မျိုး၌ ကျွန်ုပ်က ဘာများ တတ်နိုင်ဦးမည်လောဟု သံသယဖြစ်ကာ အားလျော့လိုက်စဉ်တွင် ကျွန်ုပ်၏ ရုန်းကန်လှုပ်ရှားမှုများမှာ တဖြည်းဖြည်း ငြိမ်သက်သွားကာ အလင်းရောင်များလည်း ဆိတ်သုဉ်းစပြုနေပေပြီ။

ကျွန်ုပ်ကား ဆုံးရှုံးနေပြီဖြစ်၏။ လူတစ်ယောက်၏ သေခြင်းနှင့် ရှင်ခြင်း၏ ကြားနယ်နမိတ်တွင် ယိမ်းယိုင်ကာ မထိန်းနိုင်တော့ပြီ။

"ကိုဘမော် ... ကိုဘမော် ... ကျွန်တော့်အသက်သခင် ဖြစ်သော ကိုဘမော် ... "

မောဟိုက်ခြင်း ဝေဒနာကို ယူခုအချိန်မျိုးတွင် စာဖြင့်ရေးစွမ်းခြင်းငှာ မဖြစ်နိုင်ပါချေ။ သွေးတိုးနေသော အသံများပင် နားထဲ၌ တဒုန်းဒုန်း မြည်နေပေတော့၏။ အမှောင်ထုဘောင်တဖြည်းဖြည်း ကွယ်ပျောက်သွားသော အချိန်တွင် ကိုဘမော်သည် ကျွန်ုပ်အား အသက်ပြန်လည်ရှူနိုင်ရန် ကြက်ခြေခီနည်းဖြင့် အသက်ရှူခိုင်းနေ၏။

သို့ဖြင့် ကျွန်ုပ်သည်ကား သေရွာမှ တစ်ခေါက် ပြန်





လာနိုင်ခဲ့ပေပြီ။ မကြာမီ ကျွန်ုပ်သတိကောင်းစွာ ရလာသောအခါ အားအင်ချိနဲ့နေသော ကျွန်ုပ်အား သစ်ပင်တစ်ပင်တွင် ကိုဘမော် ထားပြီး အပါးမှ ခွာသွားပြန်၏။

ထို့နောက် သူသည် သေဆုံးသွားသော ညီဖြစ်သူ ဘဇော်၏ ညာလက်မောင်းကိုပင့်ကာ ဘော့ပင်နီ၊ ပြာ၊ နက်တို့ ရေးခြစ်နေသည်ကို တွေ့ရသောအခါ နားမလည်နိုင်အောင် အံ့အမူ ထူးခြားနေသော ကိုဘမော်ကို အံ့သြစွာဖြင့် ကြည့်နေမိ၏။

ပြီးသွားသောအခါ၌ကား ကိုဘဇော်၏ ညာဘက် မောင်းတွင်လည်း အနီရောင်၊ အနက်ရောင်ဖြင့် ချယ်ထား ရဲသစ်ဆိုသည့် နာမည်နှင့် 'သိန်းစွန်' ရုပ်လေးဖြစ်နေခြင်းကို တွေ့ရ၏။

ထို့ကြောင့် သူ၏ ရည်ရွယ်ချက်ကို တစစနှင့် ရိပ်မိ လာတော့သည်။ သို့ရာတွင် ကျွန်ုပ်မရှင်းလင်းနိုင်သော အချက်မှာ ဘမော်သည် အဘယ်ကြောင့် မသက်ဝေအား စိတ်ဒုက္ခရောက် စေပါသနည်း။

အမှန်တကယ်ပင် ကိုဘဇော်၏ အလောင်းကို တွေ့



www.burmeseclassic.com

www.burmeseclassic.com



ရပါမှ မသက်ဝေတစ်ယောက် သောကမီးတောက်လောင်လျက် မှ
ဆွေးဒုက္ခ ဆင်းရဲခြင်း ရောက်ရှာပေတော့မည်။

ကိုဘမော်လည်း ကျွန်ုပ်အား တစ်ချက်ကြည့်၍ ပြုံး
လိုက်ကာ ...

"မင်းကတော့ သိပ်အံ့ဩနေပြီပေါ့လေ ... ကဲ ... သွားကြ
မယ် ... အမောပြေအောင် ရေသောက်လိုက်ဦးကွာ —
အချိန်တောင် အတော်ကုန်သွားပြီ ဟေ့ ... "

ဟုပြောရင်း ညီဖြစ်သူ ကိုဘဇော်၏ အလောင်းအ
ကိုဘမော်သည် သူ၏မြင်းပေါ်တွင် မှောက်လျက်သား တင်ပေး
လျှင် သောက်ပြီးစက အောက်ချထားဟန် ကော်ဖီထည့် ဓါတ်
ကိုပါ မြင်းပေါ်တွင် ချိတ်ပေးလိုက်လေ၏။

ထို့နောက် ကျွန်ုပ်ကိုလည်း မြင်းပေါ်တွင် အော
တင်ပေးကာ သူကိုယ်တိုင်ကမူ ကိုဘဇော်၏ မြင်းပေါ်တွင် တ
လိုက်ပြီး ကိုဘဇော် စီးလာသော အုန်းခွံရောင် မြင်းကိုမူ တွဲခေါ်
လျက် အန္တရာယ်များလှသော မရဏာလိုဏ်ဂူတွင်းကြီးမှ ထွက်
ခဲ့ကြလေတော့၏။





အတော်ကြာ ငြိမ်သက်နေကြပြီးနောက် ကိုဘမော်
ရှင်းပြသည်မှာ ...

"ဒီလိုတွင်းမျိုး မြန်မာပြည်မှာ ရှိလိမ့်မယ်လို့ မထင်မိဘူး
ကွာ ... အိန္ဒိယပြည် နီပေါနယ်မှာတော့ ရှိတယ်လို့ ကြား
ဖူးတယ် ... ဒီတွင်းထဲမှာ 'ကာဗွန်ဒိုင်အောက်ဆိုဒ်' ဓါတ်
ငွေ့တွေ ကိန်းဝပ်နေတယ် ... မင်းတို့ ကျောင်းမှာ သင်ရ
မှာပေါ့ကွာ ... အဆိပ်ငွေ့ မဟုတ်ပေမဲ့ ဒီအငွေ့က လေ
ထက်လေးတာကြောင့် သူရှိတဲ့နေရာမှာ အောက်ဆီဂျင်ဆို
တဲ့ လေထုဟာ တည်ရှိမနေနိုင်ဘူးပေါ့ ... လေမရှိတော့
အသက်ရှူမှုကို အားပေးတဲ့ အောက်ဆီဂျင်ဓါတ်ငွေ့ မရှိဘူး
ပေါ့ ... ဒါကြောင့် ဒီတွင်းထဲမှာ ကျသွားတဲ့ သက်ရှိသတ္တဝါ
မှန်ရင်တော့ ကာဗွန်ဒိုင်အောက်ဆိုဒ် ဓါတ်ငွေ့တွေနဲ့ပဲ မွန်း
ပြီး သေရမှာပဲ ... ကိုယ်လည်း ဒရယ်ကလေးတစ်ကောင်
သေသွားတာ မြင်တော့မှ အံ့ဩနေရတော့တာပဲ ... "

"ဒါဖြင့် ကိုဘမော်က ဘယ်လိုလုပ်သိသွားရတာလဲ ဟင်..."

"ကိုယ်လည်း ဒီ မရဏာရွှေလိုဏ်ဂူတွင်းကြီးကို သိပ်မသကာ



www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ ညီလေး ဘဇော်လက်ထဲက ယူထားတဲ့ မြေပုံစာရွက်ကို မီးခြစ်ရှို့ပြီး တွင်းထဲကို ပစ်ချလိုက်တယ် ... အဲဒီအချိန်မှာ မင်းက ဘယ်လိုက ဘယ်လိုအောက်ကို ရောက်သွားလိုက်မှန်း မသိဘူး ... စက္ကူမီးလုံးဟာ မင်းရဲ့ခြေထောက်နားလည်းရောက်သွားရော မီးငြိမ်းပြီး မီးခိုးတွေ အူတက်လာတာ တွေ့ရတာပဲ ... အဲဒါမြင်တာနဲ့ ကိုယ်လည်းအတင်းဆင်းပြေးလာတာပဲကွ ... မင်းကတော့ ယက်ကန်ယက်ကန် ဖြစ်နေပြီလေ ... ဘာကြောင့်လဲဆိုတော့ ဒီအငွေ့ဟာ အသက်ရှူရုံတင် အားမပေးရုံသာမကဘူး ... အလားတူပဲ မီးလောင်ကျွမ်းခြင်းကိုလည်း အားမပေးဘူး ... ဒါ ကိုယ်တိုင်ကလည်း မလောင်ဘူးဆိုတာ မင်းတို့ သိပ္ပံပညာ ဓါတ်ငွေ့တွေ အကြောင်း သင်ရတဲ့အထဲမှာ သူတို့ရဲ့ အစွမ်းသတ္တိတွေထဲမှာ ပါမှာပေါ့ကွ ... ”

ကျွန်ုပ်မှာ ထိုအချိန်က တက္ကသိုလ် စာမေးပွဲကို ဖြေဆိုထားသောနှစ်ဖြစ်ရာ အထွေထွေသိပ္ပံမှာ ဘာသာတစ်ရပ်အနေနှင့် သင်ကြားရသည် ဖြစ်သောကြောင့် အတော်ပင် နားလည်လျက်ရှိပေပြီ။





“အင်း ... တော်ပါသေးရဲ့ ... ကိုယ်ပြေးဆင်းလာလို့ မင်းကို ပွေ့ယူလိုက်တဲ့အချိန်မှာ မင်းက ငြိမ်ကျသွားတာကို တွေ့ရတော့ ကိစ္စတော့ ချောပြီလို့ အောက်မေ့နေတာ ... နည်းနည်းသာ နောက်ကျသွားရင်ဖြင့် ... ”

“ဒါဖြင့် ... ကိုဘမော်ကတော့ ဘာမှမဖြစ်ပါဘဲလား ... သြော် ... အသက်အောင့်ထားလို့လား ... ”

“အေးပေါ့ကွ ... လက်ကိုင်ပုဝါနဲ့ နှာခေါင်း၊ ပါးစပ်တွေကိုပါ ဆီးပြီးမှ အသက်အောင့်ပြီး ဆင်းရတာလေ ... ”

“အင်း ... ကိုဘဇော် တစ်ယောက်တော့ အသွားမတော် တစ်လှမ်းဆိုတဲ့ စကားအတိုင်း သေရှာပြီနော် ... ”

ကျွန်ုပ်ကဲ့သို့ပင် မချိမဆန့်သေသွားရှာမည်ဖြစ်သော ကိုဘဇော်၏ အဖြစ်ကို တွေးမိသဖြင့် လွန်စွာပင် ဝမ်းနည်းကာ ယူကြုံးမရ ဖြစ်မိပါတော့သည်။

“အင်း ... ညီလေး မောင်ဘဇော်ကတော့ ကံအကြောင်းမလှလို့ သေသွားရပြီမို့ အကြောင်းမထူးနိုင်တော့ဘူးပေါ့ကွာ ... ပြီးတော့ မင်းလည်း အခုပြောစကားကို သေသေ



www.burmeseclassic.com

www.burmeseclassic.com



ချာချာ နားထောင်နော် ... ပြီးတော့ နှုတ်လည်း လုံပါ

"ကျွန်တော် ကတိပေးပါတယ် ကိုဘမော် ... "

"ဒီလိုကွ ... ကိုယ့်မှာ အသက်အာမခံ ကုမ္ပဏီမှာ စစ်ဖြ

နီးလောက်က ဆိုပါတော့ကွာ ... ငွေငါးသောင်းနဲ့ အသ

ကို အပေါင်ထားခဲ့တယ် ... ကိုယ့်မှာလည်း အခုအလ

အကိုင်အတွက် ခြံလုပ်ငန်းတွေ ပြန်ပြီး လုပ်ကိုင်ရမှာမို့

လိုနေတယ်ကွာ ... "

"ကဲ ... ဒါလောက်ဆို မင်းသိရောပေါ့ကွာ ... အဲ ... ဒါ

မှ မင်းကို တစ်ခုသတိပေးချင်တာက နာမည်ကို မှားမ

ဖို့ပဲ ... ကိုယ်ဟာ အခုအချိန်ကစပြီး ဘမော်မဟုတ်

ဘဇော်ဆိုတာကို မင်းနားလည်ထားဖို့တော့ လိုတ

နော်... ခင်မောင်ဦး ... "

"ဟုတ်ကဲ့ပါ ... ကိုဘဇော်ဆိုတဲ့ နာမည်ကို အခုကတည်း

စတင်ပြောင်းခေါ် လိုက်ပါ့မယ် ... အင်း ... မသက်

တစ်ယောက်တော့ လင်သေတယ်ဆိုပြီး ဘယ်လောက်

ရောက်ရှာမလဲ ... "





"ခဏပေါ့ကွာ ... မသက်ဝေကိုလည်း အခြေအနေကြည့်ပြီး ပြောသင့်ရင်လည်း ပြောပြရမှာပေါ့ ... "

ထိုသို့ ပြောရင်းဖြင့်ပင် သူရိန်နေမင်းကြီးလည်း မိုးကုတ်စက်ဝိုင်းအောက်သို့ ငုပ်လျှိုး၍ သွားခဲ့လေတော့၏။


* * *



www.burmeseclassic.com

www.burmeseclassic.com









## မသက်ဝေကို လမ်းခွဲခဲ့ခြင်း

နံနက်ခင်းတွင် ပျော်ရွှင်မှုတွေနှင့် ပြည့်လျှမ်းခဲ့သော ထိုတဲဟောင်းကလေးကား ညတွင်ခြောက်ခြားကွဲဝမ်းနည်းမှုတွေနှင့် ပိတ်ဖုံးလျက်သာ ရှိလေ၏။

မသက်ဝေ ခမျာမှာတော့ ဆက်၍ပင် ငိုကြွေးနေရှာလေသည်။ တကယ်ဆိုတော့ သူမသည် ကိုဘမော်သေသည်ကို မယုံနိုင်အောင်ပင် လှုပ်၍လှုပ်၍ နှိုးနေသည်နှင့် တူလှပေရာ ကိုဘမော်(အဖြစ်မှ ပြောင်းလဲထားသော) ကိုဘဇော်ကတော့မူ မမြင်ရက်သလိုသာ ကြည့်နေရင်း သက်ပြင်းချ၍သာနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ညအမှောင်ထုသည် တစ်စထက် တစ်စ လွှမ်းမိုး လာသောအချိန်တွင် စခန်းချရာ တောထဲရှိ တဲကလေးထဲ၌ကား တစ်ချက်တစ်ချက် မချုပ်တည်းနိုင်ဘဲ ... ပေါ်ထွက်လာသော မသက်ဝေ၏ ရှိုက်သံမှလွဲ၍ ပကတိ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။

ကျွန်ုပ်နှင့် ကိုဘဇော်မှာ ကိုဘမော်၏ အလောင်း နံဘေးတွင် ရောက်နေကြ၍ မသက်ဝေကမူ အခန်းထဲသို့ အမည် ပြောင်းထားသော ကိုဘဇော်မှ ပို့ပေးခဲ့သဖြင့် အနီးတွင်မရှိချေ။

တကယ်ဆိုတော့ ကိုဘဇော်အဖြစ် ဟန်ဆောင် ထားရသော ကိုဘမော်ကိုယ်တိုင်မှာလည်း မည်မျှဆွေးနေရှာမည် ကို ကျွန်ုပ်တွေး၍ ကြည့်မိလိုက်ပါ၏။

ကိုဘမော်သည် မသက်ဝေကို ချစ်သလို ကိုဘဇော် ကိုလည်း ချစ်ရှာပေသည်။ ယခုမူ အလွန်ချစ်ကြသော အမြွှာညီအစ် ကို နှစ်ယောက်မှ တစ်ယောက်က မရှိတော့ရာ အဘယ်သို့လျှင် မဆွေးရှာဘဲ ရှိပါမည်နည်း။

"ခင်မောင်ဦးရေ ... "





ကိုဘဇော်က တိတ်ဆိတ်ခြင်းကို စတင်ဖြိုခွင်းလိုက် ၏။

"မင်း အဖြစ်မျိုးကြုံသွားတဲ့ လူတစ်ယောက်ဟာ ဒီမရဏာရွှေ လိုဏ်ဂူတွင်းအပေါ်ကို ပြန်ရောက်အောင် တက်နိုင်ပါဦး မလားဟင် ... "

ထိုမေးခွန်းကြောင့် ကျွန်ုပ်မှာ တွေ၍သွားရပြန်ပါ၏။ သို့ရာတွင် အဖြေကတော့ ရှင်းနေ၏။

"ဆင်ကောင်ကြီးတောင် ပြန်တက်လာနိုင်မယ် မထင်ဘူး ကိုဘဇော် ... "

"ဒီအဖြစ်မျိုးကလည်း ခွန်အားနဲ့ မဆိုင်နိုင်ဘူးလို့ ကျွန်တော် တော့ ယူဆတယ် ... အသက်မရှုနိုင်လို့ သေရတဲ့အဖြစ်မျိုးပဲ တကယ်လို့ အပေါ်ရောက်လာရင်ကော အသက်ရှုလာနိုင် ပြီပဲ ... သေနိုင်စရာ အကြောင်းမရှိနိုင်ဘူး ... မဟုတ်ဘူး လားဟင် ... "

ကျွန်ုပ်လည်း ဖြစ်ပျက်သမျှတို့ကို ပြန်လည် စဉ်းစား နေဟန်ဖြင့် တွေနေပြီးနောက် ကိုဘဇော်၏ မျက်နှာကို သေချာစွာ



www.burmeseclassic.com

www.burmeseclassic.com



ကပ်ပြီး ကြည့်နေလေ၏။

သူ၏ မေးခွန်းကြောင့် ကျွန်ုပ်လည်း ဦးနှောက်ကို အတော်ကလေး အလုပ်ပေးလျက်နေရာ ကိုဘဇော်အဖို့ ဖြစ်နိုင်စရာ နှစ်မျိုးသာ ရှိလေသည်။

တွင်းထဲတွင် မသေက တွင်းအပေါ်တွင် ပြန်ရောက်လာလျှင်ကား သေနိုင်စရာ အကြောင်းမရှိချေ။ ကျွန်ုပ်မှာ အသည်းထိတ်ထိတ်ရှိစဉ်က ဘာမျှမစဉ်းစားနိုင်သော်လည်း အသက်ဘေးအန္တရာယ်နှင့် ကင်းဝေး၍ သွေးအေးအေးနှင့် တွေးကြည့်သောအခါတွင်ကား အတော်ပင် ဘာဘာဝကျအောင် စဉ်းစားတွေးတောနိုင်ပေ၏။ သို့ဆိုလျှင် တစ်ဦးတစ်ယောက်က လုပ်ကြံသွားခဲ့လေသလား။

သဏ္ဌာန်မှာ မီးလင်းနေသော ဖရောင်းတိုင်နှင့်တူလှပေ၏။ ကျောင်းတွင် သိပ္ပံပညာ လက်တွေ့ခန်းတွင် ဆရာကြီး လုပ်ကိုင်ပြသည်ကို သတိရလာမိ၏။ ကျွန်ုပ်လည်း စားပွဲပေါ်၌ ထွန်းထားသော ဖယောင်းတိုင်အနီးသို့ ကပ်သွားကာ မှောက်တင်ထားသော ဖန်ခွက်ကြီးကြီးတစ်ခုကို လှမ်းယူ၍ တိုနေပြီဖြစ်သော ဖယောင်းတိုင်ကို အုပ်လိုက်လေ၏။





ကိုဘဇော်လည်း ကျွန်ုပ်၏ အပြုအမူကို လှမ်း၍ ကြည့်နေရာ ဖယောင်းတိုင်၏ အလင်းရောင်သည် ဖြည်းဖြည်းနှင့် မှိန်သွားသည်နှင့်အမျှ လောင်ကျွမ်းနေသော မီးတောက်လုံးလေးသည်လည်း တဖြည်းဖြည်း သေးငယ်သွားလေရာ နောက်ဆုံးငြိမ်းတော့မည် ပြုသောအခါမှ ဖန်ခွက်သတိနှင့် ညင်သာစွာ ဖွင့်လိုက်၏။

ဤတွင် ဖယောင်းတိုင်၏ အလင်းရောင်မှာ မူလကအတိုင်း တစ်ခဏခြင်း ပြန်လည်လင်းလာလျက် တောက်လောင်မြဲတောက်လောင်နေ၏။

"ဒါ ... ကျွန်တော့်အဖြစ်မျိုးပဲ မဟုတ်လား ... "

ကိုဘဇော်သည် ကျွန်ုပ်အား ချီးကျူးအံ့ဩသော အမူအရာနှင့် ကြည့်နေလေ၏။ ကျွန်ုပ်လည်း ဖန်ခွက်ကို တစ်ဖန် ပြန်၍ မှောက်ထားလိုက်ရာ မီးရောင်လည်း တဖြည်းဖြည်းနှင့် မှေးမှိန်လာပြီးမှ နောက်ဆုံးတွင် လုံးဝကွယ်ပျောက်သွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ယခုအချိန်၌ကား ဖန်ခွက်ကို ဖွင့်ပါသော်လည်း ဖယောင်းတိုင်မှာ ပြန်လည်၍ မီးလင်းနိုင်တော့မည် မဟုတ်ပေ။ ထိုစမ်းသပ်ချက်နှစ်ခုတွင် ကိုဘမော်၏ အဖြစ်မျိုးကား မည်သည့်အချက်နှင့်မှ မတိုက်ဆိုင်တော့ပါတကား။

ထိုခဏ၌ ကိုဘဇော်(တစ်ဖြစ်လဲ) ကိုဘမော်သည် ကျွန်ုပ်အနားသို့ ရောက်လာရာ ဖယောင်းတိုင် အတိုဘေးတွင် တစ်ပိုင်းတစ်စစီ လောင်ကျွမ်းထားသော စက္ကူစကလေးကို ကောက်ယူကြည့်လိုက်ပြန်လေ၏။

ထိုစက္ကူစလေးကို ကျွန်ုပ်ကပင် စတင်မြင်ခဲ့သော်လည်း စမ်းသပ်ရာတွင် စိတ်စောနေသဖြင့် ဖယောင်းတိုင်မီးညှိထားသော စက္ကူစုတ်ကလေးဟု ထင်မိကာ ဂရုမပြုမိချေ။

သို့သော် ထိုစက္ကူစုတ်ကလေးသည် ရှုပ်ထွေးနေသော ပြဿနာကို ဖြေရှင်းလိုက်ပါပြီ။ အကြောင်းသော်ကား မီးမလောင်သောအပိုင်းတွင် ထင်ရှားစွာ ကျန်နေသေးသော စာများကား ...





အဆိပ် ... ပုလင်း ...

မင်းယောကျ်ား ...

သူ့ သောက်မိ ...

ကိုကို ... ပြောထားတာ ...

တာဝန်ကို စိတ်ချပါရစေ ...

ဟူ၍ ဖြစ်လေသတည်း။

အခန်းပေါက်တွင် ချိတ်ဆွဲထားသော မှေးမှိန်လှသည့် လသာမှန်အိမ်လေး အလင်းရောင်အောက်တွင်ကား ပကတိ ဘိတ်ဆိတ်လျက် ရှိနေ၏။

အစ်ကိုဖြစ်သူ ကိုဘမော်၏ မျက်နှာပြင် တစ်ခုလုံးမှာ အုံ့ညိုသောအမူအရာများ ပျောက်ကွယ်သွားတော့လျက် တိမ်ဖုံးသော လမင်းဆီမှ မျက်နှာပြင်နှင့် တူလှပေ၏။ တကယ်လည်း ကိုဘမော်နှင့် ကိုဘဇော်တို့ ညီအစ်ကို၏ အဖြစ်ကား ဆိုးဝါးလှချေ သတကား။



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍သာ ကိုဘဇော်(တဖြစ်လဲ) ကိုဘမော်က ကျွန်ုပ်အား မေးခွန်းထုတ်မမေးခဲ့လျှင်သော်လည်းကောင်း၊ မေးပင်မေးသော်လည်း ကျွန်ုပ်ကိုယ်တိုင်က တိကျမှန်ကန်စွာ ဖြေနိုင်ရန် လုံလောက်သော သိပ္ပံပညာ အခြေခံမရှိခဲ့ပါလျှင် လည်းကောင်း၊ ဖယောင်းတိုင် စမ်းသပ်မှုကို မလုပ်ခဲ့လျှင် ထိုစက္ကူစုတ်ကလေးကိုလည်း တွေ့နိုင်လိမ့်မည်မဟုတ်။ (အဖြစ်အပျက် အမှန်ကိုလည်း သိနိုင်မည်မထင်)။

အခြေအနေမှာလည်း ယခုလောက်ဆိုးလာဖွယ်ရာ အကြောင်းလည်း မရှိနိုင်တော့ချေ။ ကိုဘမော်လည်း စိတ်ဒုက္ခရောက်စရာမရှိ၊ ရုံမက မသက်ဝေလည်း စိတ်မဆင်းရဲ၊ ကျွန်ုပ်လည်း စိတ်ထိခိုက်စရာမလို။

သို့သော် လူ့လောက ဓာတ်ခုံဆိုသည်ကား ထင်သလိုလည်း မဖြစ်၊ မထင်သလိုလည်း ဖြစ်တတ်ချေသည် မဟုတ်ပါလား။

မှုန်ရီပျပျ အလင်းရောင်တွင် မင်းမူနေသော ဆိတ်ငြိမ်ခြင်းကို အခန်းတွင်းမှ မသက်ဝေ၏ မချင့်မရဲ လှိုက်လှဲစွာ ငိုရှိုက်





သံက ဖြိုခွင်းလိုက်ရာ ကိုဘမော်၏ တစ်ကိုယ်လုံးမှာ သိသိသာသာ တုန်လှုပ်သွားလျက် မျက်နှာလေးမှာ တင်းမာသွားပေ၏။

ထို့ကြောင့်လည်း မဃအေ လင်္ကာထဲ၌ ...
မာယာကာရီ၊ ပလီနှုတ်လျှမ်း
တွေ့ရာယမ်း၍၊ ဖုံးလွှမ်းကာသို့
လျှာမချို့ဘူး။
နွားနို့ကုလား၊ ထန်းသမားတို့
မှုသားမဖက်၊ ရေမစွက်သည်
သက်သက်မရှိ၊ ဟူတုံဘိသို့
ဣတ္ထိတံတွာ၊ ဓမ္မတာတည့်
ဖွတ်လျှာသဏ္ဍာန်၊ နှစ်ခွညက်နှင့်
မမှန်သည်သာ၊ များလှစွာ၏။ တဲ့။

“သြော် ... အလွန်မှပင် ကြောက်စရာကောင်းလှသော မိန်းမတွေပါ တကား ... ”

မသက်ဝေ၏ ကော်ဖီပူးချင်း မမှားကြရန် ပြောလိုက်သော စကားများ၊ ကော်ဖီထည့်ရာတွင် အယောင်ယောင်



www.burmeseclassic.com

www.burmeseclassic.com



အမှားမှား လောင်းထည့်ပုံများ၊ တုန်တုန်ရီရီဖြစ်နေသော လ ချောင်းကလေးများကြောင့် အပူလောင်ခဲ့ပုံများကို ကျွန်ုပ်လည် ပြန်လည်ကြားယောင်၊ မြင်ယောင်နေမိပေသည်။

ထိုမျှဖြင့် မကသေးပါ။ ယခု အတောအတွင်း မသ ဝေ၏ အမူအယာတွေမှာလည်း ထူးခြားလှ ရုံမက ဖြစ်သ အကြောင်းတို့ကား မယုံကြည်နိုင်ဖွယ်ရာပင်။

သို့သော်လည်း ပုစ္ဆာတစ်ပုဒ်ကို အဖြေမှန်ရှာဖ လျှင် မည်သို့ပင် တွက်ပါသော်လည်း ထိုအဖြေသာ ထွက်ရသ မသက်ဝေအား အခြားနည်းဖြင့် ကြည့်၍ မရနိုင်တော့ချေ။

ချစ်စရာကောင်းသော မသက်ဝေ၊ ကျွန်ုပ်၏ အခ တစ်ယောက်လို ခင်မင်ရင်းနှီးရပါသော မသက်ဝေ၊ လင်ယောက် ကိုဘမော်ကို အသက်ပေးပြီး ချစ်ပါသည်ဆိုသော မသက်ဝေ။

ဤမသက်ဝေသည် အလီလီသော ဂုဏ်ပုဒ်ဝိသေ နတို့ဖြင့် မညီတော့ပါတကား။

ဩော် ... ရက်စက်လှသည့် မသက်ဝေ၊ သစ္စာမဲ့ သည့် မသက်ဝေအား ကိုဘမော်မှာ စစ်ဗိုလ်၊ စစ်သားတစ်ယော





ဖြစ်သည်နှင့်အမျှ တကယ်ရက်စက်ရမည့် နေရာတွင် ရက်စက်နိုင် သော်လည်း မသက်ဝေ အပေါ်တွင်ကား မုန်း၍ရဟန်မတူ။ ဖုံး ကွယ်နိုင်အောင်ပင် ကြိုးမားလှချေ၏။

ကျွန်ုပ်တို့ နှစ်ဦးအတွက် အချိန်သည် ခက်ခဲစွာပင် ကုန်လွန်နေသည်ဟု ထင်ရပေသည်။ ကျွန်ုပ်တို့ နှစ်ဦးလုံးပင် ဤကဲ့ သို့သော အခြေမျိုးတွင် ကြာရှည်စွာ မနေလိုကြပေ။

ထို့ကြောင့် နံနက်လင်းလျှင် ညီဖြစ်သူကိုဘဇော် အား တဲနှင့် မနီးမဝေးတွင် မြှုပ်နှံခဲ့ပြီးနောက် ကိုဘမော်နှင့် ကျွန်ုပ် တို့လည်း ထိုတဲငယ်ရှိရာ တောတွင်းပိုင်းထဲမှ မြင်းကိုယ်စီဖြင့် အပြီး အပိုင်ပင် ထွက်ခွာလာခဲ့ကြလေတော့၏။

ကျွန်ုပ်တို့အား ရှင်ဆိုင်တွေ့ရန် ရှောင်နေလေ့ရှိသော သမင်းချက်ကြီး ဦးဒိုးလုံးနှင့် မိုက်မဲလှသော မသက်ဝေတို့အား ထိုတောထဲမှာပင် ထာဝရ လမ်းခွဲလာကြခြင်းလည်း ဖြစ်ပေတော့ သတည်း။

* * *



www.burmeseclassic.com

www.burmeseclassic.com









## ထူးဆန်းသော အဆိပ်ခတ်ငွေ့

"အခုပြောခဲ့တဲ့ အဖြစ်အပျက်တွေဟာ ... တကယ့်အဖြစ်အပျက်မှ ဟုတ်ရဲ့လားကွာ ... ခင်မောင်ဦးရာ ... "

ကျွန်ုပ်က အထက်ပါအတိုင်း ကိုဘမော်နှင့် ကိုဘ[ဆော်]တို့၏ အမြွာညီအစ်ကိုအကြောင်းနှင့် အဆိပ်ခတ်သတ်ခဲ့သော [သူ]နီးဖြစ်သူ မသက်ဝေတို့အကြောင်းကို ပြောပြဖြစ်လိုက်သည့် အခါတွင် ကျွန်ုပ်၏ သူငယ်ချင်းဖြစ်သူ ကိုသိန်းဆွေမှ မေးလိုက်ခြင်း[ပင်]ဖြစ်၏။

"ဒီ ... စီအိုတူး ခေါ် ကာဗွန်ဒိုင်အောက်ဆိုဒ်ကို အနံ့မြူရဲ့



www.burmeseclassic.com

www.burmeseclassic.com



သင်္ကေတအဖြစ် ခေါ်ကြတာမဟုတ်လား ... ”

ဟု ကိုသိန်းဆွေက ထပ်မေးလိုက်ပြန်၏။

“ဟုတ်ပါတယ်...စီအိုတူးဆိုတာ သဘာဝအတိုင်း တည်ရှိနေတတ်သလို ... လေထဲမှာလည်း စီအိုတူးသက်သက်နဲ့ တည်ရှိတတ်ပါတယ် ... ၎င်းဟာ လောင်စာများကို လောင်ကျွမ်းခြင်းနဲ့ သတ္တဝါတို့ အသက်ရှူခြင်းကိစ္စမှာ အားမပေးပါဘူး ဒီဓာတ်ငွေ့တွေဟာ စမ်းရေတွေမှာ ရောနှောပါဝင်နေတတ်ကြသလို အချို့အရပ်ဒေသတွေမှာ ... မြေကြီးထဲကကို ထွက်ရှိနေတတ်ကြပါတယ် ... ဥပမာ အိန္ဒိယပြည်(နီပေါ) အနီးရှိ (ဂရုတိုဒယ်ဂူကြီး)ထဲမှာ နှစ်ပေ သုံးပေထိတိုင်အောင် ... ကာဗွန်ဒိုင်ဆောက်ဆိုဒ်ဓာတ်ငွေ့တွေ ဖုံးလွှမ်းနေတာကြောင့် လူ ... ခွေး အစရှိတဲ့ သက်ရှိသတ္တဝါတွေ မှန်သမျှ ဂူထဲဝင်လိုက်တာနဲ့ တစ်ပြိုင်နက်တည်း လဲသေပျက်စီးကြရဖူးသတဲ့ ... ဒီလိုအဖြစ်အပျက်မျိုးကို ဂျာဗားကျွန်းမှာလည်း ရှိခဲ့ဖူးပါတယ် ... သက်ရှိသတ္တဝါတွေမှန်သမျှ တစ်ခဏချင်း သေသွားတတ်တာမို့ မရဏချိုင့်ဝှမ်းကြီးလို့ တင်





စားခေါ်ဝေါ်ခဲ့ကြပါတယ် ... ဒီမရဏာချိုင့်ဝှမ်းကြီးရဲ့ အကျယ်အဝန်းကတော့ မိုင်ဝက်ခန့်လောက်ရှိပြီး ... ပေသုံးဆယ်အနက်ရှိတာကြောင့် ... ဒီချိုင့်ဝှမ်းကြီးအောက်ခြေမှာ လူတို့ရဲ့အကြွင်းအကျန် အရိုးများ ... ကျား ဝက် ခေါင်းငှက် သတ္တဝါတွေရဲ့ အရိုးစုများနဲ့ ပြည့်နှက်နေသတဲ့ ... ဒီချိုင့်ဝှမ်းကြီးအတွင်းကို ခွေးများမောင်းလွှတ်ကြည့်လိုက်ရင် ၁၄ စက္ကန့်အတွင်းလောက်မှာ ပက်လက်လန်လဲကာ လှုပ်ရှားခြင်းမပြုနိုင်ကြတော့ဘူး ... ကြက် ငှက်များကို လွှတ်လိုက်ပြန်ရင်လည်း အောက်ခြေမရောက်မီ အသက်ပျောက် သွားရတယ်တဲ့ကွ ... ”

“ဟုတ်တယ်လေ ... ဒီကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ဟာ အသုံးမပြုဘဲနေတဲ့ ရေတွင်းအိုကြီးတွေထဲမှာ ရှိတတ်ကြတယ် ... ဒါကြောင့် တချို့နယ်က ရွာတွေမှာ ရေတွင်းထဲဆင်းဆယ်ကြတာ လူတွေအစုလိုက် အပြုံလိုက် သေကုန်ကြတာမျိုးတွေ ကြားဖူး ... ကြားဖူးကြပေလိမ့်မယ် ... ငါကတော့ ဒီအဖြစ်မျိုးနဲ့ သေရတဲ့လူတွေဟာ မချိမဆံ့နဲ့ သေရပြီး



www.burmeseclassic.com

www.burmeseclassic.com



သိပ်သနားဖို့ကောင်းတာပဲလို့တောင် စဉ်းစားမိဖူးသေး
တယ် ... အခုတော့ ကိုယ့်သူငယ်ချင်းတစ်ယောက်ကိုယ်
တိုင်လည်း ဒီလိုမရဏာသေတွင်းထဲက ထွက်လာခဲ့တာကိုး
ကွ ... အင်း ... အစတုန်းက စကားမစပ်မိကြဘဲကိုး ...

"စကားမစပ် ဆိုသလို ... ကျွန်တော်ကိုယ်တိုင်ကလည်း
ဒီအဖြစ်အပျက်တွေက (၃)နှစ်ကျော်ကြာခဲ့ပြီမို့ မေ့မေ့
ပျောက်ပျောက်ဖြစ်နေခဲ့တာပါ ... အခုသူငယ်ချင်းသိန်းဆွေ
နှင့် လောကဓာတ်ပညာကို စိတ်ဝင်စားတဲ့သူတွေဟာ —
လျှို့ဝှက်နက်နဲတဲ့ ပညာမျိုးတွေကိုလည်း ကြိုက်နှစ်သက်
တတ်တဲ့အကြောင်းပြောကြရင်း ... ကျွန်တော့်အဖြစ်အပျက်
မှန်တစ်ခုကိုလည်း သတိရသွားတာပဲလေ ... "

တကယ်လည်း ကျွန်ုပ်ဘဝတွင် ကိုဘမော်၊ ကိုဘ
ဖော်တို့ အမြွာညီအစ်ကိုနှင့် မသက်ဝေတို့ ဖြစ်ပျက်ခဲ့သော
အကြောင်းတို့အား အိပ်မက်သဖွယ် တဖြည်းဖြည်းပျောက်ကွယ်နေ
သည်မှာ အမှန်ပင်ဖြစ်၏။

သူတို့နှင့် ခွဲခဲ့ပြီးနောက် ကျွန်ုပ်မှာအထက်မြန်မာ





ပြည်၏တစ်ခုတည်းသော မန္တလေးတက္ကသိုလ်တွင် ယခုပညာဆက်
လက်သင်ကြားနေဆဲအချိန်ကာလပင်ဖြစ်သည်။

ထို့ကြောင့် တစ်နေ့တွင် သူငယ်ချင်းသိန်းဆွေမှာ
လောကဓာတ်ပညာတွင် သူ့ဘယ်လောက်ဝါသနာကြီးခဲ့သလဲဟူ၍
အောက်ပါအတိုင်းပင် ပြောပြပြန်လေ၏။

"လောကဓာတ်ပညာနဲ့ စုံထောက်အတတ်ပညာနှစ်ရပ်စလုံး
မှာ ... တူညီတာ တစ်ချက်ရှိတယ်ဗျ ... အဲဒါ ဘာလဲဆိုရင်
တစ်ခုနဲ့ တစ်ခုဟာ ဆက်စပ်နေရုံတင်မကဘူး ... သဘာဝ
ကျအောင် တွေးယူပုံတွေ ... လက်တွေ့နဲ့ သက်သေထုတ်ပုံ
တွေအားလုံးဟာ စိတ်ဝင်စားစရာတွေပါပဲ ... ဒါနဲ့ ခင်ဗျား
မှာ ... မရဏာရွှေလိုဏ်ဂူကြီးရဲ့ မြေပုံဆိုတာကော ... အခုရှိ
သေးရဲ့လား ... "

သိန်းဆွေလည်း တိုနေပြီဖြစ်သော စီးကရက်ကို
ပြတင်းပေါက်မှ လွှတ်၍ပစ်လိုက်ပြီးမှ ကျွန်ုပ်အား မေးလိုက်ခြင်းဖြစ်
၍ ကျွန်ုပ်ကလည်း ...

"အေး ... ရှိသေးတယ်ကွ ... ကိုယ်လည်း အမှတ်တရပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ်ဆိုပြီး ... သိမ်းထားလိုက်တယ်လေ ... ”

ဟုပင် အဖြေမှန်ကို ပြောပြမိလေတော့၏။

“ဒီလိုဆို ... တို့လည်း ကျောင်းပိတ်ရက် စွန့်စွန့်စားစား သွားကြည့်ချင်တယ်ကွာ ... ကိုခင်မောင်ဦးအနေနဲ့ကော ဒီကိုသွားမယ်လို့များ စိတ်ကူးထားသေးသလားဟင် ... ”

“ကိုယ်တစ်ယောက်တည်းနဲ့တော့ မဖြစ်နိုင်ဘူးပေါ့ကွာ ... နောက်ပြီး ... ကိုဘဇော်အဖြစ် နာမည်ပြောင်းထားတဲ့ ကိုဘမော်ကလည်း ရှိသေးတယ်လေ ... သူ့သဘောကလည်း ဘယ်လိုလည်း မသိဘူး ... စိတ်နာပြီး ဒီနေရာကို ပြန်သွားလို့မှ စိတ်ကူးပါမလား မဆိုနိုင်သေးဘူးကွ ... ”

ဟုပြောရင်း ကျွန်ုပ်လည်း သေတ္တာထဲမှ အခြားစာရွက်များနှင့်အတူ ထည့်ထားသော မြေပုံစာရွက်ကို ထုတ်ယူပြီး ပြလိုက်လေ၏။

“ဩော် ... မြေပုံကတော့ အကျအနပါလားကွ ... ကိုယ်ကတော်ရိ ... ရော်ရိလုပ်ထားတာ မှတ်နေတာ ... ဒါနဲ့ နေပါဦး ... အခုလိုဆိုရင် ... ဒီမြေပုံမျိုး မင်းဆီမှာတစ်ခုအပြင် ကိုဘမော်ဆီမှာလည်း တစ်ခုပဲရှိတော့တာပေါ့နော် ... ဒီ့ပြင် ရှိသေးသလား ... ဟိုသေသွားတဲ့ ဗိုလ်တေဇာနဲ့ ဗိုလ်ဗျူဂွတို့နှစ်ယောက်ဆီမှာရော ... ရှိသေးသလား ... ”

“သူတို့ဆီမှာ ပါမသွားဘူးကွ ... ကိုယ့်ဆီမှာရှိတဲ့ စက္ကူမျိုး ၂ ခုထပ်လုပ်ထားတာဟာ သူတို့ဖို့ပဲ ... သူတို့ကို မပေးရသေးဘူးပေါ့ ... ကိုဘမော်ဆီက မြေပုံဟာ မူရင်းပဲ ... စစ်တပ်မှာသုံးတဲ့ ကွန်တို ... မြေပုံဆွဲနည်းတွေနဲ့ သုံးထားတာမို့ ဒါလောက် ... တိတိကျကျပါတာပေါ့ကွာ ... ”

သူငယ်ချင်းသိန်းဆွေလည်း မြေပုံကို အသေအချာကြည့်ပြီးနောက် ကျွန်ုပ်အား ပြန်ပေးရင်း ...

“အင်း ... မင်းဟာက တကယ့်စိတ်ဝင်စားစရာတစ်ခုပါလားကွာ ... အခုလို ... မြေပုံတွေသာ မကြည့်ရဘူးဆိုရင်တကယ့်အဖြစ်အပျက်တွေလို့တောင် ထင်မိမှာမဟုတ်ဘူး ... ”

ဟု သူငယ်ချင်းသိန်းဆွေမှာ ချစ်ခင်လေးစားဖွယ်ကောင်းလှစွာသော ပွင့်လင်းမှုစကားကိုဆိုလိုက်လေ၏။ ပြီးတော့ သိန်းဆွေမှာ သူတစ်ပါးကျေးဇူးကို သိတတ်ပြီး တရားမျှတမှုကို အင်







www.burmeseclassic.com

www.burmeseclassic.com



မင်တတ်သူလည်းဖြစ်၏။

တစ်ခါတစ်ရံတွင် အပြောကြီးသည်၊ အပြောပိုသည်ဟု ထင်ရဖွယ်ရှိသော်လည်း တကယ်တမ်းကြလျှင် အပြောနှင့်အဟောညီအောင် ကြိုးစားတတ်သူတစ်ယောက်လည်း ဖြစ်၏။

အကြည်စားလည်း သန်သူတစ်ယောက်ဖြစ်လျက်ခင်မင်သူများက ကလော်ဆဲပါလျှင်လည်း အမှတ်မရှိ သွားဖြဲ၍ခံနေတတ်ပေ၏။ သူ့အရပ်အမောင်းမှာ (၅)ပေ (၄)လက်မခန့်ရှိပြီးလျှင်ကျွန်ုပ်ထက် နှစ်လက်မခန့် မြင့်ပြီး၊ ကိုယ်အဆစ်အပေါက်မှာ အရပ်နှင့်လိုက်လျောသည်ဖြစ်သောကြောင့် အတော်ပင်ကြည့်၍ကောင်းလျက် ယောကျ်ားပီသပေသည်။

ထို့အပြင် မျက်စိစူးရှကြည်လင်တောက်ပသည့် မျက်လုံးအစုံကလည်း စိတ်ဓာတ်ကြံ့ခိုင်ခြင်းကို ပြသလျက်ရှိရာ ကျွန်ုပ်ပင်လျှင် အစဦး သူနှင့်မျက်စိခြင်းယှဉ်မိရာတွင် ကိုယ့်စိတ်အားကိုသံသယဖြစ်မိပေသေး၏။

သို့ရာတွင် ကျွန်ုပ်တား တစ်ယောက်အကြောင်းကိုတစ်ယောက်ကောင်းစွာသိရှိလိုက်ကြပေပြီ၊ တစ်ယောက်ကို တင်





ယောက် အားကိုးခြင်း၊ ယုံကြည်ကိုးစားခြင်းတို့ဖြင့် ပြည့်လျှမ်းလျက်ပို့မိုခင်မင်မှုကို ရှေးရှုကာ တကယ့်ညီရင်းတစ်ယောက်ကို တွေ့ကြရသည့်အလား ကျွန်ုပ်သည် စွန့်စားမှုခရီးအတွက် လက်ကိုဆွဲကိုင်ဆုပ်ညှစ်လိုက်ကာ ...

"မဖြစ် ဖြစ်အောင် သွားရောက်ကြမယ် ... "

ဟု သံဓိဋ္ဌာန်ချလိုက်ကြပေတော့သည်။

"ကဲ ... ဒီလိုဆို ... ဘယ်အချိန်လောက် သွားကြမလဲ ဟင် ... "

"ကိုယ်တို့ နွေကျောင်းပိတ်ချိန်မှာ သွားကြရင် မကောင်းဘူးလား ... "

ဟု မောင်သိန်းဆွေက အကြံဉာဏ်ပေးလိုက်၏။

"အင်း ... ကျွန်တော်လည်း အဲဒီအချိန်မှာပဲ သဘောကျပါတယ် ... "

"ဒါနဲ့ ... ကိုခင်မောင်ဦး ... ခင်ဗျား မိတ်ဆွေ ... ဟို ... ကိုဘမော်ဆိုသူရဲ့ သဘောထားသိဖို့ ... ဘယ်လိုဆက်သွယ်မေးမြန်းကြည့်မှာလဲ ... ဟင် ... "



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ... ငွကျတယ်ကွ ... ကိုဘမော်ကို ဘယ်မြို့ ... ဘယ်

ဒေသမှာ သွားရောက်ရှာရမှန်းမသိဘူးဖြစ်နေတယ်ကွာ"

သိန်းဆွေလည်း ကျွန်ုပ်ပြောနေသည်ကို နားထော

နေရာမှ ...

"ဒီလိုလုပ်ရင် မကောင်းဘူးလား ... ကျုပ်တို့နှစ်ယောက်

တည်းသာဆိုရင် အင်အားနည်းနေမယ် ... နှလုံးရည်ရေ

လက်ရုံးရောပါ စိတ်ချလုံခြုံရမဲ့ မိတ်ဆွေတစ်ယောက်

အချိန်ယူပြီး စစ်ဆေးရွေးချယ်ကြည့်ကြသေးတာပေါ့ ... ပြီ

တော့ ကိုဘမော်ကို ဆက်သွယ်လို့မရနိုင်လို့ရှိရင် ... ကိုယ်

တို့ဟာ ... ကိုယ်တို့ပဲ ရှေ့လိုက်ဂူသွားမဲ့ကိစ္စကို လုပ်ကြတာ

ပေါ့ ... အောင်မြင်ခဲ့လို့ရှိရင် ... သူ့ကို ခွဲပေးလိုက် ကျန်တာ

ကို ကိုယ်တို့သုံးယောက်ယူပေါ့ ... ဒီအတောအတွင်းမှာ

လည်း ကိုဘမော်ဆိုသူနဲ့ တွေ့မယ်ဆိုရင် တွေ့နိုင်သေးတာ

ပဲ မဟုတ်လား ... ဘာပဲဖြစ်ဖြစ် ... ဒီ ကိုဘမော်ဆိုတဲ့သူ

ကျေးနပ်အောင်လုပ်ပေါ့ကွာ ... ကိုယ်တို့အနေ နဲ့ကတော့

ဘာမှအရေးကြီးလှတယ် မဟုတ်ပါဘူး ... စွန့် စွန့်စားစား





ဗဟုသုတအဖြစ်သွားရရင် ပြီးတာပဲ မဟုတ် လား ...

မအောင်မြင်ခဲ့လို့ရှိရင်လည်း ကိုယ်တို့စရိတ်ကုန်ရုံ အပြင်

မရှိပါဘူး ... "

"အေး ... ကောင်းသားပဲ ... မောင်သိန်းဆွေ ... မင်းရဲ့

စိတ်ကူးအကြံအစည်က မဆိုးပါဘူး ... ဒီကိစ္စကြီးက ကိုယ့်

အပေါ်မှာ တာဝန်မကင်းဘူးလို့ ထင်နေတယ် ... မြန်မြန်

ကိစ္စပြီးသွားရင် ... မြန်မြန်အေးတာပဲကွာ ... "

"လက်တွေ့ ပရက်တီကယ် ... စာမေးပွဲပြီးပြီးချင်း သွားကြ

မှာဆိုတော့ ... မတ်လဝက်လောက်အထိရောက်သွားလိမ့်

မယ်ထင်တယ် ... ဒီအတောအတွင်းမှာ မင်းနဲ့ ကိုယ်နဲ့က

ပြီးနိုင်သလောက် စီစဉ်ထားကြတာပေါ့ကွာ ... "

"အေး ... ကောင်းသားပဲ ... လက်နက်တွေ ... ဘာတွေလို

ဦးမယ်ထင်တယ် ... ဒီအတွက် ကိုယ့်အိမ်က လိုင်စင်နဲ့ကိုင်

တဲ့ ခြောက်လုံးပြူးတစ်လက်ယူခဲ့မယ်လေ ... "

"ကြိုးကျယ်လိုက်တာကွာ ... မင်းလက်ထဲသေနတ်ရှိနေရင်

တော့ ... ကိုယ်တို့အသက်စည်းစိမ်ကို စိတ်ချရမယ်မထင်



www.burmeseclassic.com

www.burmeseclassic.com



ဘူး … ဒါကြောင့် ဒီသေနတ်ယူလာမယ်ဆိုရင် … ကိုယ်ပဲ ကိုင်ထားမှဖြစ်မယ်နော် … ”

ဟု ကျွန်ုပ်အား ကိုသိန်းဆွေက နောက်ပြောင်ကို စယ်ကာပင် ပြောလိုက်လေ၏။

* * *





## မြေပုံအခိုးခံရပြီ

ထိုနေ့ညကမူ ကျွန်ုပ်လည်း တော်တော်နှင့် အိပ်မပျော်ဘဲရှိနေလေ၏။ အမှန်ပင် ပြန်လည်စဉ်းစားကြည့်မိသောအခါ မရဏာရွှေလိုဏ်ဂူမြေပုံပိုင်ရှင် ကိုဘမော်အား သွား၍အမှတ်ရလာပေသည်။

ကိုဘမော်နှင့် ကျွန်ုပ်မတွေ့ကြရသည်မှာလည်း အတော်ကြာပေပြီ။ သူ ဘာတွေများလုပ်၍ ဘယ်သို့ရောက်နေသည်ကိုလည်း မသိ။ မရဏာရွှေလိုဏ်ဂူတွင်းကြီးဆီသို့ ပြန်လည်စွန့်စား



www.burmeseclassic.com

www.burmeseclassic.com



သွားလိုသောအခါတွင်မှ ကိုဘမော်ကိုတွေ့ရလျှင် မည်မျှကောင်း
မည်နည်း။

အမှန်မှာ ဤမြေပုံမှာ သူ၏မြေပုံပင်ဖြစ်လေသ
မဟုတ်ပါလော။ သို့ဖြင့် ကျွန်ုပ်လည်း အတိတ်ဆီမှ ကိုဘမော်
ဘဇော်တို့ညီအစ်ကိုနှင့် မသက်ဝေတို့အကြောင်းတွေး၊ တွေးမိ
ရာ တွေးနေမိရင်းမှ တစ်မှေးမှေးဖြင့် အိပ်ပျော်ခြင်းနှင့် သတိ
တို့၏အကြားတွင် ရောက်နေသောအချိန်တွင် 'တရှပ် ... ရှပ်'အသံ
လိုကြားသဖြင့် နိုးလာလေ၏။

ပထမသော် 'ရှပ် ... ရှပ် ... 'အသံမှာ ကျွန်ုပ်၏အ
ထဲမှဟု ထင်ရသော်လည်း မှန်ပြတင်းမှဝင်လာသော လရောင်
အလင်းရောင်တွင် မည်သူတစ်ဦးတစ်ယောက်ကိုမှ မတွေ့ရ

ထိုသို့ရှိစဉ် ကိုသိန်းဆွေအခန်းဘက်မှထင်၍ သေ
စွာ နားထောင်သော်လည်းမဟုတ်ဘဲ ၄င်းအခန်းမှာ လုံးဝငြိမ်
နေသည်ကိုတွေ့ရပြီး ပြတင်းပေါက်ရှိရာ တောင်ဘက်ထရံ
ခေါင်းရင်းဆီက ကြားနေရသည်မှာ အထင်ရှားပင်။

သို့ဖြင့် ... ကျွန်ုပ်လည်း ဂရုစိုက်၍နားထောင်





မိမိ၏အသက်ရှုသံမှလွဲ၍ မကြားရချေ။ သို့ရာတွင် ကျွန်ုပ်လည်း
မသက်သာသေးသဖြင့် အသက်ပင်အောင့်၍ ထားမိသော တစ်ခဏ၌
'ကလစ်'ဆိုသော အသံကလေးအပြင် အသက်ပြင်းစွာရှုနေသံပင်
ကြားရပြန်၏။

ထိုအချိန်တွင်ကား ကျွန်ုပ်မှာ ကြက်သီးများ တဖြန်း
ဖြန်းပင် ထနေမိပေတော့သည်။ တစ္ဆေခြောက်ခြင်းပေလော။ မဖြစ်
နိုင်ပေ။ ဤနေရာတွင် တစ္ဆေခြောက်တတ်သည်ဟု မကြားမိဖူး
ချေ။ ဤအခန်းထဲ၌လည်း ကျွန်ုပ်တစ်ယောက်မှလွဲ၍ မည်သူတစ်ဦး
တစ်ယောက်မှ မရှိကြောင်းမှာ အသေအချာပင်ဖြစ်လေ၏။

ထို့ကြောင့်ပင် ခုတင်အောက်ဆီသို့ပင် ငုံ့ကြည့်မိပေ
သည်။ အုတ်ထရံဖြူဖြူဖွေးဖွေးမှလွဲ၍ မည်သည့်သတ္တဝါတစ်ကောင်
တစ်မြီးမျှမရှိ။ အသံကမူ ကျွန်ုပ်အနီးမှပင် ဖြစ်လျက် စက်ကိရိယာ
ခြင်း ထိခိုက်သလိုလို၊ တထက်ထက်ပင် ကြားမြဲ ကြားနေရ၏။

တစ်ချက်ထူးဆန်းသည်မှာ ထိုအသံသည် သာမည
အကြားမျိုးမဟုတ်ဘဲ တယ်လီဖုန်းခွက်ထဲမှကြားရသောအသံနှင့်
တူလှသည့်အပြင် လုံးဝပျောက်ကွယ်သွားခြင်းလည်းမရှိဘဲ တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတွင် တိုးနေတတ်ပြီး တစ်ခါ တစ်ခါတွင်လည်း အတော်ပင် ကျယ်လောင်လာတတ်ပေ၏။ အနီးဆုံး ဥပမာတင်ပြရမည်ဆိုလျှင် ရေဒီယိုအသံအတိုးအကျယ်ကို ကစားပေးနေသည်နှင့် တူလှပေသည်။

ကျွန်ုပ်လည်း ဤသို့ဖြင့် ကြာကြာမနေနိုင်တော့ဘဲ သေသေချာချာအသံလာရာကို လိုက်၍ရှာရလေတော့၏။ အကယ်၍သာ ကျွန်ုပ်သည် အကြောင်းမဲ့သက်သက် မောင်သိန်းဆွေအား ချက်ချင်းသွားနှိုးရန်အကြံရပါက သာကောင်းပေလိမ့်ဦးမည်။ သို့ရာတွင် ကျွန်ုပ်မှာ မောင်သိန်းဆွေအားနှိုးရန် အားနာ၍တစ်ကြောင်း ကိုယ့်ဟာကိုယ်ခံပြင်းလှသည်ကတစ်ကြောင်းကြောင့်တစ်ယောက်တည်းသာ အလုပ်ရှုပ်နေရသည်။

အသံမှာ တစ်စစနှင့် ကျယ်လာပြီးလျှင် ကျွန်ုပ်လည်း အုတ်နံရံတစ်လျှောက် တရွေ့ရွေ့နှင့် သွားနေမိလေ၏။ ထိုအခိုက် အသံများမှာ လုံးခနဲ တိုးဝင်လာသောအခါ၌ကား ကျွန်ုပ်ကိုယ်တိုင်ပင် လန့်၍မခုန်မိရန် မနည်းကြီးပင် သတိထားနေရပေတော့သည်။

ယခုမှပင် ကျွန်ုပ်လည်း အသံ၏သဘောတရားကို





နားလည်မိပြီဖြစ်ရာ စောစောက တွေးအကြောင်းစဉ်းစားမိပြီး ကြက်သီးထမိသော ကိုယ့်အဖြစ်ကိုပင် များစွာရှုံ့ချမိတော့၏။

အကြောင်းသော် အသံမှာ ရေပိုက်အပေါက်မှလာနေခြင်းဖြစ်ရာ ထိုရေပိုက်မှာလည်း မောင်သိန်းဆွေအခန်းနှင့် ကျွန်ုပ်အခန်းကို ဆက်နေပြီးရှိ၏။ ကျွန်ုပ်၏အခန်းဘက်မှမဟုတ်သောကြောင့် မောင်သိန်းဆွေ၏အခန်းဘက်မှ ဖြစ်ရပေမည်။

ထိုအခါမှပင် မောင်သိန်းဆွေ၏အခန်းတွင် သူခိုးဝင်နေသည်ကို အတတ်တွေးတော့ကာ အိပ်ရာနံဘေးတွင် ချိတ်ထားသော ဓားမြှောင်ကို ဖြုတ်ယူပြီးလျှင် တံခါးအနီးသို့ကပ်၍ သွားလေ၏။

မင်းတုံးကို တတ်နိုင်သမျှ အသံမမြည်အောင် ဖြုတ်နေစဉ်း စဉ်းစားမိသည်မှာ မောင်သိန်းဆွေသည် အိပ်ပျော်နေဟန်ရှိသဖြင့် တံခါးကို တစ်ခါတည်းဆောင့်ဖွင့်ပြီး ဝင်လိုက်ပါက သူ့အား သတိပေးပြီးဖြစ်ပေမည်။

သို့သော် တစ်ဖန်ပြန်၍ စဉ်းစားမိသည်မှာ အသံပေးလိုက်ပါက တစ်ဖက်တွင်ရောက်နေပြီးဖြစ်သော ရန်သူအား အခွင့်



www.burmeseclassic.com

www.burmeseclassic.com



ရေးသာအောင် လုပ်သည်နှင့်တူနေ၏။ ထို့ကြောင့်ပင် တံခါးကိုဖြည်းညင်းစွာတွန်း၍ ဖွင့်နေရာ ပြတင်းပေါက်မှာပွင့်၍နေသည်ကို တွေ့ရပြီး ဝင်လာသောလရောင်အောက်တွင်ကား ခုတင်ပေါ်၌မောင်သိန်းဆွေသည် မလှုပ်မယှက် ဝမ်းလျားမှောက်လျက်အတိုင်းပဲ အိပ်မောကျနေဟန်ရှိပြီး အသံမှာကား အခိုက်အတန့်အားဖြင့် တိတ်ဆိတ်နေ၏။

ဤကား မကောင်းသောအထိမ်းအမှတ်ဖြစ်လျက်ရန်သူသည် ကျွန်ုပ်၏ခြေလှမ်းကို ရိပ်မိဟန်ရှိပြီး ကျွန်ုပ်တို့နှစ်ဦးမှာ တစ်ဦးကိုတစ်ဦး မတွေ့ကြသေးသော်လည်း တစ်ဦးရှိကြောင်းကိုကား တစ်ဦးသိနေကြပေပြီဟု တွေးမိလေ၏။

ဤကဲ့သို့သောအခြေအနေတွင် တံခါးကိုတအားဆောင့်ဖွင့်လိုက်ခြင်းဖြင့် မောင်သိန်းဆွေအား အိပ်ရာမှနိုးစေခြင်းသည်လျှင် ကျွန်ုပ်အဖို့ အကောင်းဆုံးဖြစ်သည်ဟု ယူဆကာ ကျွန်ုပ်လည်း အနည်းငယ်ဟနေပြီဖြစ်သော တံခါးရွက်ကို လက်နှစ်ဖက်ဖြင့်တအား ဆောင့်တွန်းလိုက်လေတော့သည်။

အသံသည် ဒိုင်းခနဲမြည်ပြီး ခုတင်ခြေရင်းဘက်တွင်





ညှိရန်သူသည် အံ့အားသင့်စွာ အလန့်တကြားထ၍ ခုန်လိုက်ကာမနှောင်းပင် မောင်သိန်းဆွေလည်း အိပ်ရာပေါ်မှခုန်၍ထလိုက်ာ စိတ်ထဲမှတ်ထင်လိုက်သော ကျွန်ုပ်လည်း ဤတစ်ကြိမ်မှာတက်စင်အောင် လွဲလေတော့၏။

အကြောင်းသော်ကား တံခါးသံလုံးဝမမြည်သည့်ပြင် ထရံသို့ကပ်သွားအောင်လည်း မပွင့်ဘဲ တခြားနေရာဘက်င်လည်း မည်သူတစ်စုံတစ်ယောက်မျှ မတွေ့ရတော့သည်တွင်မှာသူတော် ကိုရွှေသူခိုးမှာ တံခါးကြားတွင် ပိတ်မိနေတော့မည်ကိုးမိလိုက်သည်တွင် တံခါးရွက်လည်း တုံ့ခနဲရပ်သည်နှင့် တစ်ပြိုင်တ် 'အင့်'ခနဲအသံထွက်လာသည်ကို ကြားရလေ၏။

ကျွန်ုပ်၏ အလစ်ကိုချောင်းနေမည်ဖြစ်သော သူ၏ဖြစ်ကို ကျွန်ုပ်လည်း ကျော့နပ်သွားခါ မိပြီဟုလှည့်လိုက်သည်တွင်နိမြင်းစွာဖြင့် ဆောင့်လိုက်သောတံခါးရွက်၏ ပြန်လည်နှတ်က်မှုကြောင့် သတိပင်လစ်ခနဲ ဖြစ်မသွားရန် မနည်းထိမ်းထားရ၏။

အမှန်ကိုဆိုရလျှင် ကျွန်ုပ်မှာ ကြောက်ရွံခြင်းထက်



www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်အံ့အားသင့်ခြင်းက ပိုနေပေသည်။

ထိုအခိုက် ကျွန်ုပ်ပင် မိုက်ခနဲဖြစ်သွား၍ တိမ်တိုက်များကပင် လရောင်အား ကွယ်ဖုံးသွား၍ပေလော မဝေခွဲတတ်ပေ အခန်းထဲတွင် အလင်းရောင်မှာ မှုန်မွှားမွှားဖြစ်သွားလေသည်။

သို့ရာတွင် ကျွန်ုပ်လည်း သတိထား၍ကြည့်နေရ အခန်းနံရံမှာ အဖြူဖြစ်သဖြင့် ရိပ်ခနဲလှုပ်ရှားသွားသော သဏ္ဌာ တစ်ခုကိုမြင်လိုက်သည်နှင့် တစ်ပြိုင်နက် အလစ်မပေးတော့ဘဲ ခု ၍အုပ်လိုက်လေသည်။

ကျွန်ုပ်တို့နှစ်ယောက်လည်း 'ဝုန်း'ခနဲ လဲကျသွား ချိန်မှာ ခုတင်ခြေရင်းဘက်သေတ္တာနှစ်လုံးကြားထဲတွင် လုံးထွေး နေကြလေ၏။

ထိုအခါ ကျွန်ုပ်သတိပြုမိသည်မှာ မည်သည့်အချိန်က လွင့်ထွက်သွားသည်မသိ ဓားမြှောင်မှာ ကျွန်ုပ်လက်ထဲတွင် မ တော့ချေ။

သို့ရာတွင် ကျွန်ုပ်အတွက် ကံကောင်းပေသေး၏ ရန်သူအား အပေါ်မှနေ၍ အုပ်မိနေပြီး ထိုသူမှာ ကျွန်ုပ်၏အောင်





တွင် ပြားပြားဝပ်နေလျက် ဘယ်ဘက်တွင် သေတ္တာများခံနေကာ ညာဘက်တွင် ခုတင်ရှိနေသောကြောင့် အခိုက်အတန့်အားဖြင့် ကျွန်ုပ်က အရေးသာနေပေ၏။

သူ၏လက်နှစ်ဘက်လုံးမှာ အောက်တွင် ထောက်၍ အားပြုနေရာ လက်ထဲ၌ လက်နက်တစ်စုံတစ်ရာရှိသည်ကို မတွေ့ ရသောအခါ ကျွန်ုပ်လည်း အားတက်လျက် လဲနေရာမှ အထမခံဘဲ လက်ရဖမ်းမိရန် ကြိုးစားရလေတော့မည်။

မှောက်လျက်သားလဲနေသည်မှာ ထိုလူအဖို့ ပြန်ထရန် ခဲယဉ်းသလို ကျွန်ုပ်အဖို့မှာလည်း အမေ့ထိုးရန်မှာ မလွယ်ကူပေ။ ထို့အတူ သူ၏မျက်နှာကိုမြင်နိုင်ရန်မှာလည်း အတော်ပင်ခက်၏။

ကျွန်ုပ်မှာ အမှောင်ထဲတွင် မျက်စိကျင့်သားရလာသော်လည်း သူ၏မျက်နှာအောက်ပိုင်းမှာ လက်ကိုင်ပဝါဖြင့် စည်းထားသည်ကို မထင်မရှားပင်ဖြစ်ရလေတော့သည်။

သို့သော် ချောင်လည်းကျသဖြင့် အလင်းရောင်မှာ အတော်နည်းနေပေသည်။ အမှောင်ထဲတွင်ကား ခပ်ပြင်းပြင်းမှ



www.burmeseclassic.com

www.burmeseclassic.com



ထုတ်နေကြသော ကျွန်ုပ်တို့နှစ်ဦး၏အသက်ရှုသံမှလွဲ၍ ဘာသံမျှ မကြားရ၊ မောင်သိန်းဆွေ အိပ်ပျော်နေခြင်းကား တုပ်တုပ်လျှပင် လှုပ်ပုံမပေါ်သေးချေ။

မောင်သိန်းဆွေမှာ အလွန်အအိပ်ဆတ်သူဖြစ်ရာ အဘယ်ကြောင့် ယခုတိုင် မနိုးသေးသည်ကို ကျွန်ုပ်မှာမတွေးတတ်အောင်ရှိနေ၏။ ထိုအတောအတွင်း တစ်စုံတစ်ခုသာ မလုပ်ကိုင်နိုင်ပါကလည်း ခက်ချေတော့မည်။

ထိုသူမှာလည်းဗလခေသူတစ်ယောက်မဟုတ်သည့်အပြင် ထိုသူအနားယူလို ကျွန်ုပ်မှာလည်း နားခွင့်မရ၊ အားကုန်စိုက်ပြီး မနားတမ်းချုပ်ကိုင်ထားရလေသည်။ ထို့ထက် ဥကျသော အချက်မှာ လဲသွားစဉ်က ကျွန်ုပ်၏ဘယ်ဘက်ခြေထောက်မှာ ထိုသူ၏အောက်ဘက်သို့ဝင်သွားပြီး သေတ္တာဖြင့်ညှပ်လျက် ဖိနေသောကြောင့် ကျောပေါ်မှခွစီးမိရန်မှာလည်း မဖြစ်နိုင်အောင်ပင် ရှိနေပါ၏။

"သူခိုးပါဗျို့ ..."

ဟု အော်ရန်မှာလည်း တကယ်တမ်းကျလျှင် အလွန်





ကြောင်သောကိစ္စဖြစ်လျက် သတ္တိမရှိရာလည်းကျနေသောကြောင့် အော်ရမှာ ပါးစပ်မရဲဘဲရှိနေပြန်သည်။

သို့သော် လူတို့၏သဘောကား ဝစီကံအမှုကို ရှက်ကြောက်တတ်ကြသော်လည်း မနောကံအမှုကိုလူမသိသောကြောင့် ရှက်ကြောက်ခဲ၏။

ထို့အတူပင် ကျွန်ုပ်မှာ ပါးစပ်က မောင်သိန်းဆွေအား အော်မနိုးသော်လည်း တခြားနည်းဖြင့်နိုးရန် ရည်ရွယ်ရလေ၏။ ကျွန်ုပ်၏လက်မှာ ခုတင်တိုင်ခြေရင်းကို မလှုပ်နိုင်အောင် ဖက်ထားရာ အောက်ကလူက ရုန်းတိုင်း ခုတင်မှာလှုပ်နေလေတော့၏။

ကျွန်ုပ်လည်း အတော်ပင်ဟုတ်ချေပြီဟု အောက်မေ့လျက်ရှိရာ တစ်ချက်တွင်မူ ထိုလူလည်း အားကုန်စိုက်၍ ထဲလိုက်ဟန်ဖြင့် ခုတင်ပင် မြှောက်တက်သွားကာ 'ထိုင်း'ခနဲ ပြန်ကျလိုက်သော ခဏ၌ ကျွန်ုပ်၏မျက်စိများထဲ၌ လက်ခနဲ မြင်လိုက်ရပြီးနောက် သတိလစ်သွားလေတော့၏။

သတိရလာသောအချိန်၌ကား ကျွန်ုပ်တစ်ယောက်တည်းသာဖြစ်နေလျက် ကျွန်ုပ်၏ဦးခေါင်းအထက်နားတွင်မူ ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးတစ်လုံးကို ဇ်တွေ့ရ၍ စဉ်းစားမနေတော့ဘဲ မျက်နှာထက်သို့ ရေများကိုဖွင့်ပြီး လောင်းလိုက်မှ သက်သာရာရသွားတော့၏။

နောက်စေ့မှာ အနည်းငယ်ဖုနေသည်ကို စမ်းမိပြီး လဲနေရာမှထကာ မောင်သိန်းဆွေအား နှိုးရလေသည်။ ကိုယ့်လူမှာ တော်တော်နှင့် နိုး၍မရဘဲရှိနေသဖြင့် ကျန်နေသောရေများကို မျက်နှာပေါ်သို့လောင်းချလိုက်မှ ယောင်ချာချာနှင့် ထလာလေတော့၏။

"ဟ ... ဟ ... ဘာဖြစ်တာလဲဟ ... "

ဤတွင်မှ ကျွန်ုပ်လည်းအကြောင်းစုံပြောပြလိုက်ရာ မောင်သိန်းဆွေလည်း အိပ်ချင်ပြေသွားတော့ကာ အဓိပ္ပါယ်ပေါက်သွားဟန်တူလျက် မျက်နှာပြင်တွင် လှုပ်ရှားမှုလေးများ ယှက်သန်းလာပြီး ပစ္စည်းများကိုစစ်၍ ကြည့်သည်တွင် ရွှေလိုက်ဂူရတနာမြေပုံမှာ မရှိတော့သည်ကို တွေ့လိုက်ရလေ၏။

ကျွန်ုပ်လည်း မှန်တစ်ချပ်လပ်နေသော ပြတင်းတံခါးကိုကြည့်ကာ မကျေမနပ်ဖြင့် ...

"ဒါနဲ့ ... ကိုယ့်ခေါင်းကို ဆော်သွားတာ ... ဘယ်ကောင်လဲကွ ... "





ဟုမေးရာ မောင်သိန်းဆွေလည်း ပြုံးပြီး ...

"အဲဒီ ... ခေတ်ဗူးပြုတ်ကျတာနေမှာပါပဲ ... ကိုယ် နံနက်က ရေအပြည့်ထည့်ပြီး ခုတင်ခြေရင်း ခြင်ထောင်တိုင်မှာ ချိတ်ထားတာကိုးကွ ... "

ပြောမှ ကျွန်ုပ်လည်း အကြောင်းကံဖန်လာပုံကို ရှင်းသင်းသွားလေတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com









# ကိုဘမော်(သို့မဟုတ်) ကိုဘမော်

ထိုနေ့နံနက်၌ ကျွန်ုပ်အတော်လေး နေမြင့်မှအိပ်ရာကထလေရာ မောင်သိန်းဆွေကမူ ကျွန်ုပ်၏စားပွဲတွင်ထိုင်ရင်း မှတ်တမ်းစာအုပ်လေးကို ကြည့်ရှုနေလေသည်။

သူ့ကိုကြည့်ရသည်မှာ စီးကရက်ကလေး တဖွာဖွာနှင့် အတော်ပင်စိတ်အေးလက်အေးရှိနေပေသည်။ ကျွန်ုပ်လည်း ခေါင်းအုံးကို လက်အောက်သို့ဆွဲခုလိုက်ရင်း ကိုယ်ကိုခပ်စောင်းစောင်းထားကာ ... မောင်သိန်းဆွေအား ...



www.burmeseclassic.com

www.burmeseclassic.com



"မင်း … ဒီမှတ်တမ်းစာအုပ်ကိုကြည့်ရင်း တစ်ခုခုတော့ ဖြစ်တော့တာပဲကွာ … ဟော့ကောင် … မင်းဟာ မင်းလည်း ကြည့်ပြီးလုပ်ဦး … ကိုယ်တော့ ခပ်ရှိန်းရှိန်းတောင်ဖြစ်လာပြီ … "

ဟုပြောလိုက်လေရာ မောင်သိန်းဆွေလည်း စာအုပ်ကို ပိတ်လိုက်ရင်း ကျွန်ုပ်အားကြည့်ကာ ပြုံးလျက် …

"ဒီတစ်ခါတော့ … ဓာတ်ပုံတွေကြည့်တာပါကွ … ကိုယ့်အနေနဲ့ သေသေချာချာသိချင်တာလေးတစ်ခုရှိလို့ အင်း … တစ်ခုတော့ အတော်ကလေး ဟုတ်နေပါပြီ … "

ဟု ဆိုလေ၏။

"အေး … မင်းဟာမင်း ဟုတ်နေကွာ … ညတုန်းကတော့ အသေအလဲ ခွအိပ်နေပြီး ကိုယ်တစ်ယောက်တည်း စိတ်မောလူမော အတော့်ကိုဖြစ်သွားရတယ် … "

ဟုပြောရင်း ကျွန်ုပ်မျက်စိလည်း စားပွဲပေါ်ထောင့်နားတွင် တင်ထားသောဓားမြှောင်တစ်စုံချောင်းပေါ်သို့ ရောက်သွားလေရာ …





"အဲဒီဓားမြှောင်က မနေ့ညကလူရဲ့ ဓားမြှောင်ကျန်နေတာ မဟုတ်လား … "

"ဟုတ်မှာပေါ့ … ကိုယ်လည်း အခု … မင်းပြောမှ မြင်မိတာပါပဲ … "

"ဒီကောင်က … လက်နက်ယူလာပြီး ခပ်ပေါ့ပေါ့နဲ့ မသုံးဘဲထားခဲ့တာ … အဲဒါ ဘာသဘောလဲကွ … "

"ဘာဆန်းလဲကွ … ကိုယ်တို့နှစ်ယောက်လုံးက သူ့ကိုမခုခံနိုင်မှန်း တပ်အပ်သိနေပြီ နေလို့နေမှာပေါ့ … ပြီးတော့ သူ အဓိကလိုချင်တဲ့ ရွှေလိုက်ဂူရတာနာမြေပုံက ရသွားတယ် မဟုတ်လား … "

"တော်စမ်းပါကွာ … မင်းကောင်က ဘာကောင်မို့လဲ … ကံကောင်းလွန်းလို့ လွတ်သွားတာကွ … "

"ကိုယ်ကတော့ လူကိုဘာမှ ရန်မရှာသွားတာကိုပဲ ကျေးဇူးတင်လှတယ် … ကွာ … ပစ္စည်းပါတာတော့ ပါ ပါစေပေါ့ ကိုယ်လစ်လို့ ခံရတာပဲ … ကဲ … ထကွာ … မျက်နှာလေး ဘာလေးသစ်လိုက်ဦး … လန်းလန်းဆန်းဆန်းဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



အောင်လေကွာ ... ဒီနေ့ ပါသွားတဲ့မြေပုံအခြေအနေ
လည်း သိရအောင် စနည်းနာကြည့်ကြသေးတာပေါ့ -

ဟုပြောသဖြင့် ကျွန်ုပ်လည်း အိပ်ရာခုတင်ပေါ်
၌ သွားတိုက်ခြင်း၊ မျက်နှာသစ်ခြင်းအမှုများကို ပြုကာ အခန်းထဲ
ပြန်ဝင်လာလိုက်၏။

"ဟေ့ ... မောင်သိန်းဆွေရေ ... ကိုယ်တော့ ဦးနှောက်
အတော်ကြည်လင်သွားပြီကွ ... ပြီးတော့ ကိုယ်တစ်
စားကြည့်မိတယ် ... ရွှေလိုဏ်ဂူရတနာမြေပုံကို မနေ့
လာခိုးတဲ့သူခိုးဟာ ... မနေ့က ကိုယ်တို့နှစ်ယောက်
တမ်းစာအုပ်ဖတ်ပြီး ပြောနေတာတွေကိုကြားသွားတဲ့
တစ်ယောက်ယောက်တော့ ဖြစ်တယ်ဆိုတာတော့ သေ
တယ်ကွ ..."

"အင်း ... ဒါကတော့ သေချာတယ် ... သူငယ်ချင်း
ဒါပေမဲ့ ... မင်းနဲ့ ကိုယ်နဲ့ ပြောနေတဲ့အချိန်မှာ ဘယ်သူ
ဦး တစ်ယောက်မှတော့ ရောက်မလာခဲ့ဘူးလေ ... အ
အပြင်တစ်နေရာက ချောင်းပြီးနားထောင်သွားတာ





မှာပေါ့ ..."

ဟု မောင်သိန်းဆွေကလည်း စဉ်းစားဝေဖန်ကာ
ထင်မြင်ချက်များ ပေးလိုက်ပြန်လေ၏။

ဤတွင် ... ကျွန်ုပ်ကလည်း ...

"သေတ္တာသော့ကို ရေပိုက်မှာ ချိတ်ထားတာ ... ဒီကောင်
ရအောင်ယူသွားတာကိုတော့ ချီးမွမ်းဖို့ကောင်းတယ်ကွ..."

ဟုပြောပြီး သောက်လက်စ စီးကရက်ကို ပြတင်း
ပေါက်မှတစ်ဆင့် လွှင့်ပစ်လိုက်ခါ ကျွန်ုပ်တို့သူငယ်ချင်းနှစ်ယောက်
သည်း အတန်ကြာအောင်ပင် အတွေးကိုယ်စီနှင့် ငြိမ်နေကြလေ၏။

ထို့ကြောင့်ပင် ကျွန်ုပ်တို့နှစ်ဦးမှာ အခန်းထဲသို့ပင်
လူဝင်ရောက်လာခြင်းကို မသိလိုက်ကြဘဲ ထိုသူ၏အခန်းတံခါးပိတ်
သံကြားမှပင် နောက်သို့လှည့်ကြည့်လိုက်ရာ ခပ်မှန်မှန်ပင် ကျွန်ုပ်
တို့အခန်းထဲသို့ လှမ်းဝင်လာသော လူတစ်ယောက်ကို တွေ့ရလေ
တော့သည်။

ထိုသူမှာ နှုတ်ခမ်းမွေးနှင့်လူပင်ဖြစ်လျက် ကျွန်ုပ်
အား ခပ်ပြုံးပြုံးပင် ကြည့်နေရာ ကျွန်ုပ်မှာ မည်ကဲ့သို့ပြောရမည်ကို



www.burmeseclassic.com

www.burmeseclassic.com



မသိဘဲရှိနေစဉ် ...

"မောင်ခင်မောင်ဦး ... ငါ့ကို မမှတ်မိဘူးလားကွ ... "

ဟု ပြောလေတော့မှ ...

"သြော် ... ကိုဘမော် ... ခင်ဗျားကို မျှော်နေတာနဲ့ အ[illegible]
ပဲ ... အခုလို စောစောစီးစီးရောက်လာတာ ဝမ်းသာ[illegible]
ဗျာ ... "

ဟု ကျွန်ုပ်က ဝမ်းသာအားရပြောလိုက်သည်[illegible]
တစ်ပြိုင်နက် သူငယ်ချင်းမောင်သိန်းဆွေမှာ မယုံနိုင်အောင်[illegible]
လျက် နှုတ်ခမ်းမွေး၊ ပါးသိုင်းမွေးနှင့် ကိုဘမော်ဆိုသူကို [illegible]
အပြောင်းသားဖြင့် စူးစူးစိုက်စိုက်ကြည့်နေတော့သည်ကို [illegible]
လေတော့၏။

ထို့အတူ နှစ်ရှည်လများ ပေါင်းသင်းလာခဲ့[illegible]
ကိုဘမော်၏အကြည့်များကလည်း မောင်သိန်းဆွေဘယ်လို[illegible]
အကဲခတ်နေဟန်တူသဖြင့် ကျွန်ုပ်က လျင်မြန်စွာပင် ...

"သြော် ... အစ်ကိုဘမော် ... ဒါက ကျွန်တော့်ရဲ့သူ[illegible]
အရင်းအခြာတစ်ယောက်ပါပဲ ... အစစ စိတ်ချရသူ[illegible]





ဟု ထောက်ခံစကားပြောဆိုလိုက်ရ၏။

ပြီးတော့ သူငယ်ချင်းမောင်သိန်းဆွေကလည်း ...

"ဟုတ်ပါတယ် ကိုဘမော် ... ကျွန်တော်ဟာ သူစိမ်းတစ်ယောက် မဟုတ်ပါဘူး ... ဟောဒီက ကိုခင်မောင်ဦးနဲ့ ညီအစ်ကိုအရင်းလို ခင်မင်နေကြပြီး ကိုဘမော်တို့ရဲ့ အတွင်းရေးက ကိစ္စအားလုံးကို တစ်နေ့ကမှ ပြောပြလို့ သိနေပါပြီ ... "

ဟု ရှင်းလင်းပြောပြတော့မှ ကိုဘမော်တစ်ယောက်[illegible] စိတ်အတော်အေးသွားပုံရပြီး ...

"သြော် ... သြော် ... "

ဟု ယဉ်ကျေးဖွယ်အာမေဋိတ်သံကို ပြုလိုက်လေ၏။

"အစ်ကိုဘမော်က ပါးသိုင်းမွေးတွေ ... နှုတ်ခမ်းမွေးတွေနဲ့ဆိုတော့ ... ကျွန်တော်တောင် ရုတ်တရက် မနည်းကြီးကို ပုံဖမ်းယူလိုက်ရတာဗျာ ... "

"အေး ... အသာနေဦး ... မောင်ခင်မောင်ဦးရ ... အခုလာတာ မှတ်မိအောင်လာတာ မဟုတ်ဘူးကွ ... မင်းနဲ့ ငါတွေ့



www.burmeseclassic.com

www.burmeseclassic.com



ချင်လို့ ... တမင်စုံစမ်း မေးမြန်းပြီးအရောက်လာခဲ့ရတာပဲ

လေ ... ”

“ကိစ္စအရေးကြီးရှိလို့လား ... အစ်ကိုဘမော် ... ”

“သိပ်အရေးကြီးတာပေါ့ ... မောင်ခင်မောင်ဦးရ ... ”

ဟု နီဒါန်းပျိုးကာ လိုရင်းကိုဆိုတော့ရာ ကျွန်ုပ်မှာ ဝမ်းသာရသည်ပင် မချင့်မရဲကြီးဖြစ်နေပေ၏။

“မောင်ခင်မောင်ဦးရေ ... မင်းနဲ့ ကိုယ်နဲ့ကွဲသွားပြီးတဲ့နောက် ... မသက်ဝေရဲ့ မထင်မှတ်တဲ့ လုပ်ရပ်ကြောင့် စိတ်ဒုက္ခရောက်ခဲ့ရတာပေါ့ကွာ ... အေးလေ ... မင်းလည်း ဒါလောက်တော့ တွေးနိုင်မှာပေါ့ ... ”

“ဟုတ်ကဲ့ ... တွေးမိပါတယ် ... အစ်ကိုဘမော် ... အချင်းကြီးရင် အမျက်ကြီးတတ်ကြတယ်ဆိုတဲ့ စကားကလည်း ရှိထားတယ်မဟုတ်လား ... ”

“အေး ... ဒီလိုကွ ... မသက်ဝေကို တောထဲက တဲလေးမှာ ပစ်ထားခဲ့ပြီးအချိန်မှာ ... ကိုယ်လည်း ဒေါသကိုမချုပ်တီးနိုင်လို့ ရက်စက်နိုင်ပေမဲ့ တကယ်တမ်းကတော့ စိတ်အတော်





ထိခိုက်မိတယ် ... သူ့အပေါ်မှာ အဆိုးကိုမြင်နေတဲ့အချိန်မှာတောင် ကိုယ့်စိတ်က ဒါလောက်ဖြစ်နေသေးတာ ... နောက်သွေးအေးရင် ကိုယ့်စိတ်ဟာ ဘယ်လောက်အထိဖြစ်သွားမယ်ဆိုတာ မင်းတို့ပဲ စဉ်းစားကြည့်တော့ပေါ့ကွာ ... အမှန်တော့လည်း ... မသက်ဝေနဲ့ ကိုယ်ဟာ တစ်ဦးကိုတစ်ဦး တကယ်တမ်းချစ်ကြလို့လည်း ... ဒုတိယကမ္ဘာစစ်အတွင်းကိစ္စတွေ ဒါလောက်ရှုပ်နေတဲ့ကြားထဲကနေပြီး ... သူ့ကို ဘေးအန္တရာယ်တွေ အမျိုးမျိုးကစွန့်စားကယ်တင်လာခဲ့တာဆိုတော့ ... မင်းသိတဲ့အတိုင်းပဲ မသက်ဝေက ကိုယ့်အပေါ်မှာ ဘယ်လိုစိတ်ထားမလဲဆိုတာ ... ထင်တဲ့အတိုင်းလည်း ကိုယ်တို့နေတဲ့အချိန်အတွင်းမှာ အပြစ်ဆိုလို့ တစ်စက်မှမရှိအောင် နေတာကိုတွေ့ခဲ့ရတယ် ... အစစ အရာရာ ကိုယ့်အပေါ်မှာလိုက်လျောပြီး ကိုယ်ပြောသမျှကျေကျေနပ်နပ်ရှိတယ် ... ကိုယ့်အပေါ်မှာ ဂရုစိုက်သလောက်လည်း သူ့တာဝန်ကို သူလေးစားတယ် ... အဲ ... အချုပ်ဆိုရမယ်ဆိုရင် အမယာဒေဝီ ချီးမွမ်းခန်းတွေ လုပ်မနေပါရစေနဲ့



www.burmeseclassic.com

www.burmeseclassic.com



တော့ကွာ ... ကိုယ်ပြောလိုတာက မသက်ဝေဟာ ဘယ်နည်းနဲ့မှ ကိုယ်တို့ထင်သလို ကောက်ကျစ်ယုတ်မာခဲ့တာဟာ မဖြစ်နိုင်ဘူးလို့ ... သွေးအေးတဲ့အခါမှာ စဉ်းစားကြည့်မိတယ် ... ဒီတော့ တစ်ခုခု မသေမချာဘဲ မှားသွားပြီလို့ ကိုယ်တွေ့ယူဆမိလာတယ် မင်းတို့အနေနဲ့က ကိုယ့်ကိုခင်ဗျားက ... ကိုယ့်မယားမို့ မခွဲနိုင်လို့ သံယောဇဉ်ခင်တွယ်နေလို့ ဘယ်လိုဘယ်ညာနဲ့ ပြောချင်ပြောမယ် ... ဒါပေမဲ့ ကိုယ်ကိုယ်တိုင်ပေါင်းသင်းလာခဲ့တဲ့ ကိုယ့်ဇနီးအကြောင်းကိုတော့ ပိုပြီးသိနိုင်တဲ့လူမရှိနိုင်ပါဘူးကွာ ... ဟုတ်တယ်မဟုတ်လား ... မောင်ခင်မောင်ဦး ...

ဒီလိုနဲ့ကိုယ်ကလည်း မသက်ဝေမှာ တကယ်မပြစ်ရှိပါ့မလားဆိုပြီး ... သံသယဖြစ်လာတယ်ကွ ... အဲဒီ့လို ကိုယ့်တို့ကိစ္စတွေဟာ ကိုယ့်စိတ်ထဲမှာ အတော်ကြီးကို ရှုပ်နေတဲ့ကြားထဲမှာ ထူးထူးဆန်းဆန်းကိစ္စတစ်ခု လာကြုံရပြန်တယ် ... မောင်ခင်မောင်ဦးသိတဲ့ အတိုင်းပဲကွာ ... ကိုယ်တို့အခြေအနေဟာဝ ကိုယ်ကသေသွားပြီး ညီလေးဘဇော်က ကျန်





နေရစ်ရတယ်လို့ တမင်လုပ်ကြံထားတယ် မဟုတ်လား ... အဲဒီလိုပဲ ထမင်းချက်ကြီး ဦးဒိုးလုံးနဲ့ ဇနီးဖြစ်သူ မသက်ဝေတို့က ထင်ထားခဲ့ကြသလို ပတ်ဝန်းကျင်အားလုံးကလည်း ထင်နေကြတာကိုးကွ ... အဲဒီလိုနေတုန်း တစ်နေ့မှာ ကိုဌေးလှိုင်ဆိုသူတစ်ယောက် ကိုယ့်ဆီကိုဆိုက် ဆိုက်မြိုက်မြိုက်ရောက်လာတယ် ... သူကပဲစပြီး ... ”

“ခင်ဗျားဟာ ကိုဘဇော်ဆိုတာ မဟုတ်လားခင်ဗျာ ... ဘာညာနဲ့ အစချီပြီး ကိုယ့်အစ်ကို ... ကိုဘမော်သေဆုံးသွားတာကိုကြားရတဲ့အတွက် အတော်ပဲဝမ်းနည်းမိတဲ့အကြောင်းတွေကိုပြောပြလာတော့တာကိုးကွ ... ကိုယ်လည်း ပထမတော့ ခပ်အမ်းအမ်းဖြစ်နေတာပေါ့ ... ပြီးမှ အထိုက်အလျောက်ဆိုသလို ပြောရင်းနဲ့ အကဲခတ်နေမိတယ် ... ”

ကိုဘမော်လည်း စကားပြောနေသည်ကို ခေတ္တရပ်သူ၏အိပ်ထောင်တွေထဲတွင် ဟိုစမ်း သည်စမ်းနှင့်လုပ်နေပြီးမှ ချောင်စီးကရက်ဘူး အကောင်းစားကလေးကို ထုတ်ယူလိုက်



www.burmeseclassic.com

www.burmeseclassic.com



ဤတွင် စီးကရက်ဗူးပေါ်တွင် လှပစွာထွင်းထုထားသော ခြင်္သေ့ရုပ်ကလေးကိုလည်း သတိပြုပြီးကြည့်လိုက်မိသည်။ ဗူးကိုဖွင့်လိုက်ရာတွင် စီးကရက်တစ်လိပ်မှမရှိတော့သည်ကို တွေ့ရကာ ကိုဘမော်လည်း အိပ်ထဲတွင်ပြန်၍ထည့်လိုက်ပြီးနောက် မောင်သိန်းဆွေလှမ်းပေးသော စီးကရက်ဗူးထဲမှ တစ်လိပ်ကိုနှုတ်ယူလိုက်ရင်း ကျေးဇူးတင်စကားပြောလိုက်လေ၏။

ထို့နောက် တစ်ဖန်ဆက်၍ ကိုဘမော်က ပြောပြန်သည်မှာ ...

"အင်း ... အဲဒီလိုရှိတုန်း သူက ဘာပြောတယ်ထင်သလဲ ကိုယ်တို့ မရဏာရွှေလိုဏ်ဂူနဲ့ပတ်သက်ပြီး အတော်ပဲလျှို့ဝှက် လုပ်ပြီးထင်နေတဲ့ကိစ္စကို ဒီကိုဌေးလှိုင်ဆိုတဲ့လူက သိနေတယ် ကွ ... သူပြောပုံက ဟိုဂျပန်တွေမြှုပ်သွားခဲ့တဲ့ ရွှေလိုဏ်ဂူ အကြောင်းနဲ့ပတ်သက်ပြီး ... ကွယ်လွန်သွားသူ ကိုဘဇော် က သူ့ကိုတိုင်ပင်ဖူးတဲ့အကြောင်း ... သူလည်း ဒီလိုစွန့်စား တဲ့အလုပ်မျိုးကို အတော်ဝါသနာပါတာမို့ အတူတကွ ပါဝင် စွန့်စားချင်တဲ့အကြောင်းတွေ ... ကိုဘမော်ကိုယ်တိုင်က





ရွှေလိုဏ်ဂူရှိတဲ့ မြေပုံတွေ ဘာတွေထုတ်ပြပြီး ... သွားရမဲ့ နေရာတွေ ဘာတွေတောင် ဆွေးနွေးဖူးသေးတဲ့အကြောင်း နောက် ... သူကခရီးလွန်နေတဲ့အတွက် ကိုယ်တို့ခရီးထွက် ကြရာမှာ မလိုက်နိုင်ဘဲဖြစ်ရပုံတွေပါ ပြောပြတော့မှ ကိုယ် လည်း အတော်လေးကိုပဲ အံ့အားသင့်သွားတာပေါ့ကွ ... ဒီလူ ကိုဌေးလှိုင်ဟာ ကာယကံရှင်ကိုယ့်ကိုလာပြီး လိမ်ပြော နေတယ်ဆိုတာကတော့ ... ရှင်းနေတာပဲကွ ... ဒါပေမဲ့ သူကလည်း အတော်ကြီးကိုပြည့်ပြည့်စုံစုံသိနေတာကို တွေ့ ရတော့ ကိုယ်လည်းမတွေးတတ်အောင် ဖြစ်နေတာပေါ့ ... တကယ်လည်း အံ့သြမိစရာမကောင်းပေဘူးလားကွယ် ... ဒီမရဏာရွှေလိုဏ်ဂူမြေပုံအကြောင်းကို သိကြတာက ... ဗိုလ် တေဇာနဲ့ ဗိုလ်ဗျဂ္ဂတို့ သေသွားတဲ့နောက် ကိုယ်တို့(၃) ယောက်ပဲရှိကြတော့တာ ... တစ်ခါ ညီလေးဘဇော် မရှိ တော့တဲ့နောက် ... မင်းနဲ့ ကိုယ်နဲ့နှစ်ယောက်ပဲ သိကြ တော့တာကိုးကွ ... "



www.burmeseclassic.com

www.burmeseclassic.com



"နောက် ... မောင်ခင်မောင်ဦးနဲ့ ကိုယ်နဲ့ ကွဲသွားပြန်တော့လည်း မောင်ခင်မောင်ဦးက ချက်ချင်းဆိုသလို ဒီမန္တလေးတက္ကသိုလ်ကျောင်းကို ပြောင်းသွားတော့ ... တခြားလူတစ်စုံတစ်ယောက်ကို ပြောပြခဲ့ဖို့ အချိန်ရမယ်မဟုတ်ပေဘူး ... အချိန်ရတောင် ပြောစရာအကြောင်းမရှိပေဘူးလို့ ကိုယ်က အောက်မေ့တာကိုးကွ ... "

"ဒီတော့ အတူတူတွဲလာတဲ့ ... ဟိုဗိုလ်နှစ်ယောက်ကို ပြန်တွေးကြည့်ပြန်တယ် ... သူတို့ကလည်း သေသွားကြပြီမို့ ဒီ ... ကိုဋ္ဌေးလှိုင်ဆိုသူက ဘယ်ကသိလာသလဲဆိုတာ တွေးရင်း တွေးရင်းနဲ့ လုံးလည်ချာလည်လိုက်လာပြီး ဘဲဥအစရှာမရသလို ဖြစ်နေတော့တာပဲ ... ပြီးတော့ ကိုယ်ကလည်း ဗြောင်ဖွင့်ပေးရင် တစ်ခါတည်း ကိုယ့်အလိမ်တွေလည်း ပေါ်ကုန်တော့မှာမို့ အသာပဲ အခြေမပျက်နေလိုက်တယ် ... ဒါနဲ့ ဒီလူ ကိုဋ္ဌေးလှိုင်ကို တဖြည်းဖြည်းမသင်္ကာဖြစ်လာပြီး ဘယ်အတွက် ဒီလိုကလိမ်ဉာဏ်ဆင်လာရတယ်ဆိုတာကို





တစ်နည်းနည်းနဲ့တော့ သိအောင်လုပ်ရမှာပဲလို့ ကိုယ်လည်း စိတ်ကို ပိုင်းဖြတ်လိုက်တယ်ကွ ... "

သို့ဖြင့် ... ကိုဘမော်(တစ်ဖြစ်လဲ) ကိုဘဇော်တစ်ယောက်လည်း စီးကရက်ပြာများကို ချွေလိုက်ရင်း ပြောပြန်လေ၏။ ကျွန်ုပ်နှင့် သူငယ်ချင်းမောင်သိန်းဆွေတို့နှစ်ယောက်မှာ ကိုဘမော်စကားများကို တဖြည်းဖြည်းစိတ်ဝင်စားလာကြသည့်အပြင် ကျွန်ုပ်တို့နှင့်လည်း ဆက်စပ်လာလေပြီဟု တွေးမိကြကာ မျက်တောင်များပင် မခတ်မိဘဲ နားအစွင့်သားနှင့် ရှိနေကြလေ၏။

"အဲဒီ ... ကိုဋ္ဌေးလှိုင်ဆိုတဲ့လူဟာဖြင့် ... ဒီရွှေလိုဏ်ဂူမြေပုံကို အတော်လိုချင်နေပုံရတယ် ... သူက ဒီရွှေလိုဏ်ဂူရှာပုံတော်အလုပ်ကို ကိုယ့်အနေနဲ့ ဆက်လိုက်ဦးမလားလို့ မေးတယ် ... ဒါမှမဟုတ်လို့ အစ်ကိုတစ်ယောက်လုံး ဆုံးရှုံးသွားတာမို့ ဒီအလုပ်ကို စိတ်ပျက်လက်လျှော့တော့မယ်လို့ ရည်ရွယ်ရင်လည်း စွန့်စားချင်တဲ့လူတွေ ... စွန့်စားပါစေဆိုတဲ့ အဓိပ္ပါယ်မျိုးဆန်ဆန် သူကပြောပြန်တယ်ကွ ... ဘယ်လိုပဲဖြစ်နေနေ သူ့ကိုအခွင့်အရေးပေးလိမ့်မယ်လို့ မျှော်လင့်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း … တစ်စုံတစ်ခုလုပ်ဖို့ရာ ဆုံးဖြတ်လို့ရှိရင်လည်း
သူ့ကိုအသိပေးပါလို့ ပြောတယ်ကွ … လူကလည်း အရွယ်
ကောင်း အသက်သုံးဆယ်အရွယ်လောက်ရှိဦးမယ် … ”

“အင်း … ဒီကိုဒွေးလှိုင်ဟာ စွန့်စွန့်စားစားသွားလာလု
ကိုင်နေတဲ့လူတစ်ယောက်လို့ ကိုယ်လည်း အကဲခတ်မိ
တယ် … ဘာပဲဖြစ်ဖြစ် သူ့အကြောင်း သေသေချာချာသိချင်
တာနဲ့ မတင်မကျဘဲ အဖြေပေးလိုက်တယ် … ဒီလိုနဲ့ ကိုဒွေး
လှိုင်ဆိုတဲ့သူလည်း အကြောင်းမထူးလှဘဲ ကိုယ့်ဆီက ပြ
သွားတော့တယ်ကွ … ”

“သူ့ကြည့်ရတာတော့ ပြန်သာပြန်သွားပုံရတယ် … ဒါ
ကျေနပ်ပုံမပေါ်ဘူး … ဘာဖြစ်လို့လဲ မသိဘူး … ကို
လည်း ဒီလူကိုမြင်မြင်ချင်းပဲ ခင်မင်မိသလိုပဲ … ကိုယ့်
အဲဒီလိုအကျင့်ရှိတယ်ကွ … လူတစ်ယောက်ကို မြင်မြင်ခြ
စိတ်ထဲမှာ တစ်ခါတည်း မှတ်ချက်ချလိုက်တယ် … ခင်ခ
ရင်လည်း တစ်ခါတည်း ခင်သွားတော့တာပဲ … ကိုယ်အ
ခတ်လို့ရှိရင်လည်း မှားခဲတယ် … ဒီလူ ကိုဒွေးလှိုင်ကိုတော





စိတ်ထဲမှာကို သနားနေသလိုလို … ဘာလိုလိုနဲ့ ဖြစ်နေမိ
တယ်လေ … ”

“အဲဒီ့အတွင်း … ကိုယ်လည်း သူ့အကြောင်းတွေကို တတ်
နိုင်သလောက် စုံစမ်းကြည့်ပြီး တစ်ခါတစ်ရံလည်း မယောင်
မလည်နဲ့ နောက်ယောင်ခံပြီးလိုက်နဲ့ လုပ်နေလိုက်တာ …
တစ်နေ့တော့ … ဒီလူနောက်လိုက်ရင်းနဲ့ ရဟိုင်းဈေးနားက
လက်ဖက်ရည်ဆိုင်တစ်ဆိုင်ထဲဝင်သွားတာကို တွေ့လိုက်ရ
တယ် ကိုယ်လည်း ချောင်ကျကျ … သူ့နောက်ဘက်မှာရှိတဲ့
စားပွဲတစ်လုံးမှာထိုင်ပြီး မျက်နှာကိုအသင့်ပါလာတဲ့ သတင်း
စာတစ်စောင်နဲ့ ကွယ်ထားရင်း အကဲခတ်နေမိတယ်ကွ … ”

“အဲဒီလိုနေလို့မှ ဘာမှမကြာသေးပါဘူးကွာ … ဘယ်ကနေ
ပြီးဘယ်လိုရောက်လာမှန်းမသိပါဘူး … အတိတ်မှာထားခဲ့
တဲ့ ထမင်းချက်ကြီးဦးဒိုးလုံးဟာ … အဲဒီ့ ကိုဒွေးလှိုင်ဆီကို
ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ဝင်လာပြီး နံဘေးမှာဝင်ထိုင်တော့
တာပါပဲ … ကိုယ်လည်း အံ့အားသင့်နေရာကနေပြီး ဂရုစိုက်
ကြည့်နေတယ်ကွ … ”



www.burmeseclassic.com

www.burmeseclassic.com



“နောက်ပြီး ပိုပြီးမသက်မသာဖြစ်လာရတာက ကိုဌေးလှိုင်
ဟာ ဦးဒိုးလုံးကိုမြင်တော့ သူ့မျက်နှာဟာ တစ်မျိုးဖြစ်သွား
တာ တွေ့ရတယ်ကွ ... အံ့အားသင့်ခြင်း တစ်စုံတစ်ခု
စိုးရိမ်ခြင်းဆိုတဲ့ အရိပ်အယောင်တွေဟာ ကိုဌေးလှိုင်
မျက်နှာပေါ်မှာ ယှက်သန်းနေတယ်လေ ... ”

ပြီးတော့ ဦးဒိုးလုံးကပဲ စပြီး ...

“မောင်ဌေးလှိုင်ရယ် ... ဦးကြီးကို တစ်ခုလောက် ကူညီ
ပါ ... မင်းကတော့ ကူညီမှာပဲဆိုပြီး တမင်တွေ့အောင်
ရှာလာရတာပဲလို့ ပြောသံကြားလိုက်ရတယ် ... ဦးဌေးလှိုင်
ကတော့ ဘာမှမပြောသေးဘဲ ကြောင်ကြောင်နားမလည်
သလိုလို အကဲခတ်နေပုံရတယ် ... အမှန်ကလည်း ဦးဒိုး
ဟာ ... အဲဒီအချိန်မှာ တော်တော်စိတ်ပျက်လက်ပျက်
နေပုံရတယ် ... ဆံပင်တွေကလည်း ဖွာပြီး အဝတ်အစား
မသပ်မရပ်နဲ့ ဖို့ယို့ဖားယားပေတေနေပြီး သူကြည့်ရတာ
က အတော်စိတ်ပျက်စရာကောင်းတာပဲ ... ကိုယ်လည်း
ဦးဒိုးလုံးကြီး ဒါလောက်ဖြစ်သွားပြီး ... ပြောင်းလဲသွား





တွေ့ရတာ မတွေးတတ်အောင်ဘဲဖြစ်နေမိတယ် ... အဲဒီမှာ
အဘိုးကြီးဦးဒိုးလုံးက ဆက်ပြောပြန်တယ် ... ”

“ဦးကြီးဟာ အရင်တုန်းက ဗိုလ်ဗျူဂ္ဂနဲ့အတူတူနေတာပါကွယ်
ဗိုလ်ဗျူဂ္ဂ တောပစ်သွားတော့ လိုက်လာတဲ့သူပေါ့ ... မောင်
ဌေးလှိုင်မှတ်မိဦးမှာပေါ့ကွယ် ... အခု မောင်ဌေးလှိုင်ကို
အကူအညီတောင်းရတာကတော့ တခြားမဟုတ်ပါဘူးကွယ်
မောင်ဌေးလှိုင် သိမှာပေါ့ ... မောင်ဘမော်သေသွားတဲ့
နောက်မှာသူ့ညီမောင်ဘဇော်နဲ့သူတို့အဖော်မောင်ခင်မောင်
ဦးတို့တစ်တွေဟာ ဘယ်လိုဖြစ်ကြတယ်တော့ဖြင့် မသိပါ
ဘူး ... သေဆုံးသူ ကိုဘမော်ရဲ့ မိန်းမ ... မသက်ဝေဆိုတဲ့
မိန်းကလေးကို ပစ်ပြီးထွက်သွားကြတယ်ကွဲ့ ... ဒီ မသက်
ဝေဆိုတဲ့ မိန်းကလေးဟာ ဒီလိုရက်ရက်စက်စက်တောထဲ
မှာပစ်သွားကြရလောက်အောင် အပြစ်မရှိဘူးဆိုတာ ဦးကြီး
အသိဆုံးပါကွယ် ... ဦးကြီးတောထဲကို ထင်းခွေထွက်သွား
ရာက တောထဲမှာပဲ မှုက်စိလယ်ပြီး တစ်ညအိပ်နေခဲ့ရပြီး
တဲခိုစခန်းတဲဆီ ပြန်ရောက်တော့ ... မောင်ဘဇော်နဲ့ သူ့



www.burmeseclassic.com

www.burmeseclassic.com



အဖော်တို့မရှိတော့ဘူးလေ … အဲဒီအကြောင်း တိုတိုပြောရရင်တော့ မသက်ဝေကိုသူတို့အမျိုးများရှိရာ စစ်ကိုင်းဘက်ကို လိုက်ပြီးပို့ပေး မလို့ဘဲကွယ် … ဦးကြီးမှာလည်း ငွေကအနည်းအငယ်သာရှိပြီး … မသက်ဝေဆိုတဲ့ မိန်းကလေးဆီမှာလည်း သိပ်မကျန်ရစ်ခဲ့လေတော့ ခရီးစရိတ်က မပြည့်ဘဲဖြစ်နေတယ် … ဟင်း ဒုက္ခပါပဲကွယ် အသက်ကြီးမှ မဆိုင်ရာတွေဝင်ပြီး သံယောဇဉ်ငြိနေတော့တယ် … ဦးကြီးကတော့ အသက်ကြီးလှပါပြီကွယ် … ဘာ ဖြစ်နေနေ အရေးမကြီးဘူးထားပါ … မသက်ဝေဆိုတဲ့ သူငယ်မလေးဟာအသက်ကလည်း ငယ်ငယ်ပဲရှိရှာသေးတာမို့ သူ့အတွက်သနားစရာပဲ … သူမ ခင်ဗျာ စိတ်အတော်ညစ်နေရှာတယ်စကားမပြောဘဲ တမှိုင်မှိုင် တတွေတွေနဲ့ ပြောပြန်ရင်လည်းစိတ်မချမ်းသာစရာပါကွယ် … ”

“သူမသေဘဲ … ကျွန်မသာ သေသွားရင် ကောင်းမှာပဲ … ဦးကြီးဒိုးလုံးရယ်နဲ့သာ ပြောနေတော့ပဲ … ပြီးတော့ သူဟာသူတစ်ယောက်တည်းနေပြီး ငိုနေတော့တာပါပဲ … သူ့





အသက်ကိုများ ရန်ရှာမလားလို့ ဦးကြီးဖြင့် စိုးရိမ်နေမိတယ် အဲဒါ … အခုတော့ ဦးကြီးကလည်း တိုက်တွန်းတာနဲ့ ဆွေမျိုးတွေရှိရာစစ်ကိုင်းကိုသွားဖို့ သဘောတူရှာတယ် … ဟိုမှာဆွေတွေမျိုးတွေကို မတွေ့ရင်လည်း သူ့ဟာသူပဲ သီလရှင်ဝတ်နေသွားဖို့ စိတ်ကူးတာနဲ့တူပါတယ် … အဲဒါ ဦးကြီးမှာလည်း အကူအညီ တောင်းလောက်အောင် အသိမရှိ … မောင့်ကိုလည်း တစ်နေ့ဆီကတော့ တွေ့လိုက်တာနဲ့ … ဒီအရပ်ရောက်လာမှန်းသိရပြီး အမှတ်မဲ့ ဂရုစိုက်ကြည့်နေတာ … အဆင်သင့်ဘဲ လာတွေ့ရတာ ကံကောင်းလို့ပဲလို့မှတ်ရမှာပေါ့ကွယ် … နဲ့ ပြောသံကို ကြားရတော့တယ်… ဒီတော့မှ ကိုယ်လည်း ‘ဪ … မသက်ဝေ လက်ထဲမှာငွေများများ ကျန်မနေခဲ့ ပါလား … ’လို့ တွေးမိပြီး ကိုယ့်မှာဝမ်းနည်းလို့မဆုံးဖြစ်နေမိတယ် … တိုတိုပြောရရင် ကိုယ့်စိတ်ဟာ ဘယ်လောက်မာတယ် … ကင်းလှပါတယ်လို့ဆိုပေမဲ့ လင်ယောကျ်ားဖြစ်ခဲ့သူ တစ်ယောက်အနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က ဦးဒိုးလုံး ပြောသံကြားလိုက်ရတော့ အရည်ဖျော်
နေပါပြီလားလို့ သိရတော့တာကိုးကွ ... ”

ပြောနေယင်းနှင့် ကိုဘမော်လည်း သက်ပြင်း
တစ်ချက်ကို မသိမသာ ကလေးချလိုက်ရင်း ...

“အင်း ... ထင်တာထက် ဆိုးတာက ... ”

ဟုအစချီကာရှည်နေပြီဖြစ်သောပြာတောင့်ကလေး
ကို စီးကရက်မှ အသာအယာချွေချပြီး တစ်ဖန်ဆက်လက်၍ ပြော
ပြန်သည်။

“ကိုဒွေးလှိုင်ဆိုသူဟာ ဦးဒိုးလုံးရဲ့စကားကို အစအဆုံး တစ်
လုံးမှ ဝင်မစွက်ဘဲ နားထောင်နေပြီး ဆုံးတာနဲ့ တစ်ပြိုင်နက်
အလွမ်းဝတ္ထုတစ်ပုဒ်ကို ဖတ်ပြီး ... စိတ်မသက်မသာဖြစ်
သွားသလို သက်ပြင်းလေးတစ်ချက်ကိုတောင် ခပ်ဆွဲဆွဲလေး
ချလိုက်သံကြားမိတယ် ... ကိုဒွေးလှိုင်ရဲ့ မျက်နှာဟာလည်း
သိသိသာသာကြီး ပြောင်းလဲသွားတာကိုတွေ့ရပြီး စောစော
က သံသယဖြစ်မှုမျိုး လုံးလုံးမရှိတော့ဘဲ ... စိတ်အတော်
ထိခိုက်သွားပုံရပြီး ... သူ့ခမျာ တွေတွေကြီးဖြစ်နေရှာတယ်”





“ကိုဒွေးလှိုင် ဆိုသူလည်း ... စိတ်ကိုတင်းလိုက်ဟန်နဲ့ ရှိ
သမျှ အိပ်ထောင်တွေထဲ လိုက်နှိုက်ပြီး ... ကဲ ... ဦးလေး
ကျွန်တော့်မှာတော့ အခုလောလောဆယ် ဒါလောက်ပဲရှိ
တယ် ... ယူသွားပါ ... ကျွန်တော့်မှာလည်း ငွေအကျပ်
အတည်းတွေ့နေလို့ပါပဲ ... ”

ဟုဆိုပြီး ...

“ဦးဒိုးလုံးဆိုတဲ့ အဘိုးကြီးရဲ့လက်ထဲကို ထည့်လိုက်တဲ့
ငွေဟာ ... တစ်ရာထက် နည်းမယ်မဟုတ်ဘူးကွ ...
ဦးဒိုးလုံးဆိုတဲ့လူကြီးဟာ ပထမတော့ အံ့ဩနေပုံရတယ်...
နောက်တော့လည်း သူ့ခမျာ ကျေးဇူးတင်တာကို တွေ့ရ
တယ် ... သူကလည်း တတွတ်တွတ်နဲ့ ကျေးဇူးတင်
စကားပြောပြီး ဆိုင်ထဲကထွက်သွားတော့တယ် ... ”

အဲဒီအချိန်မှာ ‘ကြာလိုက်တာ ဦးဒိုးလုံးရယ်’လို့
ပြောလိုက်တဲ့ မသက်ဝေရဲ့အသံကို ကြားလိုက်မိတော့ ... ကိုယ့်
အသည်းနှလုံးတွေဟာ အပြစ်ရှိနေတဲ့ ကလေးတစ်ယောက်လိုပဲ
ဘုန်းလှုပ်ချောက်ချားသွားရာက လှမ်းပြီးကြည့်လိုက်တယ် ...



www.burmeseclassic.com

www.burmeseclassic.com



မသက်ဝေဟာ မတွေ့ကြရတဲ့အချိန်အတွင်းမှာ သိသိသာသာကြီး ရုပ်ကျပြောင်းလွဲသွားတာကို တွေ့ရတော့ ကိုယ့်စိတ်တွေဟာ – အရည်ပျော်နေရာက အခိုးအငွေ့တွေဖြစ်ပြီး လွင့်စဉ်သွားပြီလို့ ဆိုကြပါစို့။ နောက်ပြီး မသက်ဝေဟာ တစ်ယောက်ယောက် တွေ့ရလို့တွေ့ရငြား အကဲခတ်နေသလိုပဲ ဟိုဟိုသည်သည် ကြည့် ရင်း ဆိုင်ထဲကိုပါ မျက်စိတစ်ချက်ဝဲလိုက်တာကို တွေ့ရင်ပဲ ကို ကတော့ မျက်နှာကို သတင်းစာနဲ့ ကွယ်ထားပြီးသား ဖြစ်နေတာ လေ။

"အင်း … ကိုယ်တို့အဖြစ်ဟာ တော်တော့်ကို ဆိုးတာပဲ… မသက်ဝေဟာ ကိုယ့်ကိုတွေ့ရလို တွေ့ရငြား ရှာတာဝဲ… မှာပါ … ဒါကြောင့် ကိုယ့်စိတ်တွေဟာ အဲဒီအချိန်က ခိုး… ချုတုံ မဝေခွဲနိုင်အောင်ဘဲ ဖြစ်နေရတယ် … မသက်ဝေ… အပြစ်ရှိတယ်လို့ မယုံကြည်နိုင်ဘူးဆိုပေမဲ့ အပြစ်လုံးဝ… ပါတယ်လို့လည်း မပြောနိုင်ဘူး … ဒါနဲ့ ကိုယ့်စိတ်ကို … ထားလိုက်ရင်း မသက်ဝေရဲ့အဖြစ်ကို လစ်လျူရှုလိုက်… တယ် … "





"မကြာခင် … ဦးဒိုးလုံးရဲ့ … 'ကဲ … သွားမယ် ကလေးမ'လို့ ပြောလိုက်သံကြားလိုက်ပြီး … တူမကြီးက လိုက်လာ သကိုးကွဲ့ … မတော် လွဲသွားမှဖြင့်ကွယ် … လို့ စိုးရိမ်သံ ကြီးနဲ့ ပြောလိုက်သံကို ကြားလိုက်ရတယ် … ဒါပေမဲ့ မသက်ဝေလိုက်လာတဲ့အကြောင်းကိုတော့ … အဘိုးကြီး ဦးဒိုးလုံးဟာ ရိပ်မိပုံရပါတယ် … "

"ဒါလောက်လည်း … ကိုယ့်ကိုယ်ကို ဒုက္ခမပေးချင်ပါနဲ့ တူ မကြီးရယ် … တစ်နေ့ သူတို့မှားမှန်းသိရင် … တူမကြီးရှိရာ ကို ရောက်လာကြမှာပါပဲကွယ် … သူတော်ကောင်းကို နတ် ကောင်းမလိမ့်မယ်ပေါ့ … "

လို့ မချင့်မရဲပြောသံကြားလိုက်ရပြီး … သူတို့လည်း ဈေးဘက်က ထွက်သွားကြတော့တယ်။

"အဲ … တစ်ခုမေ့နေလို့ ပြောရဦးမယ် … ကိုယ်က မသက် ဝေ မမြင်အောင် သတင်းစာနဲ့ ကွယ်လိုက်တဲ့အချိန်မှာ ကို ဌေးလှိုင်ဟာလည်း ကိုယ့်လိုပဲ မသက်ဝေတို့ကို ကြည့်နေရာ ကနေပြီး မျက်နှာကို ဖုတ်ခနဲ လွှဲလိုက်တာကို တွေ့ရတယ်



www.burmeseclassic.com

www.burmeseclassic.com



တတ်နိုင်သလောက် ကူညီရာကနေပြီးတော့မှ ကူညီတဲ့ အကြောင်းကို သိဖို့မကြိုးစားတဲ့သဘောပဲလား ... တခြား အကြောင်းတွေကြောင့်ပဲလား ... ကိုယ်တော့ မှတ်ချက်ချမိ တယ် ... ဗိုလ်ဗျူဂွနာမည်ကို ပြောသံကြားလိုက်တော့ ဒီ အတွက်ကြောင့်လည်း ကူညီတာဖြစ်နိုင်ပြန်တယ် ... ဗိုလ် ဗျူဂွနဲ့ အတော်ခင်တဲ့လူဖြစ်ပုံရတယ်လေ ... ”

“အဲဒီလိုဆိုရင် ... စွန့်စားပုံပြီးတော့ နားလည်တဲ့လူမို့ ... ကိုယ်တို့နဲ့အတူခေါ်ခဲ့ဖို့ ဗိုလ်ဗျူဂွက အရိပ်အမြွက်ပြောခဲ့စရာ အကြောင်းရှိတယ် ... ဘာပဲဖြစ်ဖြစ် ... ဒီလူဟာ အခက် အခဲတွေ့နေတဲ့ လူတစ်ယောက်ကို ရက်ရက်ရောရောကူညီ ပုံထောက်ရင် ... တကယ် စိတ်သဘောထားသန့်ရှင်းတဲ့ လူပဲလို့ အောက်မေ့မိလာတယ် ... တိုတိုပြောရရင် မသက် ဝေကို ကူညီလိုက်တာနဲ့ပဲ ဒီလူ့အပေါ်ကို ကိုယ့်အနေနဲ့ သိပ်ပြီးသဘောကျသွားတယ် ... ”

“အဲဒီလိုနဲ့ နေတုန်းမှာ ... ကိုဒွေးလှိုင်ရဲ့ဘက်ကို မသာဖို့ အကြောင်းကို ဒုတိယစစ်ကြီးအတွင်းက မိတ်ဆွေတစ်





ယောက်နဲ့ ကိုဒွေးလှိုင် ဆိုင်ထဲကထွက်အသွားမှာ စကား စပ်မိလို့ ပေါ်လာပြန်တယ် ... ဒီတော့ ကိုယ်ဟာ သူ့အပေါ် ကို အတော်ကြီး ကရုဏာသက်သွားတယ် ... အဲဒီစစ် အတွင်းက သိတဲ့မိတ်ဆွေက ကိုသန်းတင်တဲ့ ... ကိုသန်း တင် ဆိုတာကလည်း တခြားလူမဟုတ်ဘူး ... ”

ကိုဘမော်လည်း ပြောနေရင်း သောက်နေသော စီး က်တိုကို လွှင့်ပစ်လိုက်တော့ကာ ...

“ဒီ ... ကိုသန်းတင်ဆိုတာကလည်း ရွှေလိုဏ်ဂူတွင်းကြီးက ရွှေတွေ ဖွက်ထားရာ လျှို့ဝှက်ရတနာကို အသေအချာသိ ထားတဲ့ လူတစ်ယောက်ပါပဲ ... ”

ဟုပြောရင်း ကိုဘမော်သည် ဘောင်းဘီအိပ်ထဲမှ ာရီကို ထုတ်ယူပြီး ကျွန်ုပ်နှင့် သူငယ်ချင်းဖြစ်သူ ကိုသိန်းဆွေ ား ဖတ်စေ၏။ စာအုပ်မှာ ဒုတိယကမ္ဘာစစ်အတွင်းက ကြုံတွေ့ ့က်ခဲ့ရသမျှတို့ကို နေ့စဉ်မှတ်တမ်းရေးသားထားခြင်းပင်ဖြစ် ည်။



www.burmeseclassic.com

www.burmeseclassic.com



ခုနှစ် သက္ကရာဇ်မှာ ၁၉၄၅ ခုနှစ်တွင်ဖြစ်၏။ ထို
မတ်လ (၂၇)ရက်နေ့တွင် တော်လှန်ရေးစသည်မှ ဂျပန်တို့
တိုက်ခိုက်သော အကြောင်းများကိုတွေ့ရကာ ဧပြီလ (၉)ရက်
တွင် ကျွန်ုပ်တို့လွန်စွာသိချင်နေသော မရဏရှေ့လိုက်ဂူကြီးနှင့်
သက်ဆိုင်သည့် အကြောင်းများအား အောက်ပါအတိုင်း တွေ့ရှိ
တော့သတည်း။

* * *





ဧပြီ (၅) ရက်နေ့

...... ဤနေ့တွင် ဂျပန်ကင်ပေတိုင်အဖွဲ့မှ ဂျပန်ဗိုလ်နှင့် အမြင့် အထက်ကိုကျွန်ုပ်မြင်ခဲ့ကြသည်။

သို့သော် ... အရောင်နီသောကြောင့် နောက်သို့ မြန် သုတ်ရော မဟာမိတ်တပ်များ အလျင်အမြန်ရောက်လာသဖြင့် လင်းကြက်တပ်တွင် ပျောက်ခဲ့ကြသည်။ ထိုကိစ္စမှာ အပြင်အဆင်ဆိုးမြဲ တပ်သားများ အထိအခိုက်များသဖြင့် ဒိုင်တောတော မတွေ့ရပါ ဖြစ်နေသည်။

အလောင်းများကို တွင်းထဲသို့ပစ်ချလိုက်ကြသည်။ တွင်းသုံးတွင်းမှာ ပြည့်နေသည်အထိ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဧပြီ (၁) ရက်နေ့

...... ဤနေ့တွင် လူမျိုးများမှာ ဂျပန်ပုန်ကန်မှု အရှိန်ပြင်းလောက်ပြီ မမြင်ရ။ မယ်ဒါလင်တို့ထံမှ ဒီယာမင်းတော့ကြောင့် စာနယ်ဇင်းကို လေယာဉ်မှချခဲ့သည်။

---



ဧပြီ (၉) ရက်နေ့

...... ဤနေ့တွင် ကျွန်ုပ်တို့တိုက်ပွဲရာဇဝင်တွင် မှတ်တမ်းတင်ရသောနေ့ ဖြစ်ပေ၏။ လုံ၀မမျှော်လင့်ဘဲ ဂျပန်တို့၏ ပြောက်ကျားစနစ်ကို အလူးအလဲခံရသည်။ ဗိုလ်ကြီးတစ်ယောက်လက်ပြင်၌ပင် ရန်သူ၏ကျည်ဆံဖြင့် သွေးချင်းချင်းနီ၍ ဗိုလ်ချုပ်လည်း မနေနိုင်၊ ဦးခေါင်းတွင် အလံရှင့် မေ့မျောလေပြီ။

ဗိုလ်ချုပ်ဦးတွင် ကျွန်ုပ်တစ်ဦးသာ ထိခိုက်ခြင်းမရှိ။ ကျွန်ုပ်တို့ကား ဂျပန်တို့၏ စစ်ပရိယာယ်ကို အရည်အချင်းသာကြောင့် တော်ပေတော့သည်။ အမြဲအမဲကောင်းမြဲ လက်နက်ကိုကျော် တောင့်တင်းသည်ဖြစ်သောကြောင့် အစွမ်းအရေးနိမ့်သော်လည်း ရှုံးတာ မှတ်ပြန်ထိန်းနိုင်သော မြန်မာ့သားကောင်းတို့၏လက်ချက်ကို ဂျပန်တို့ တစ်ရှူးခံနိုင်။ အထက်ပါကိစ္စတွင် ကျွန်ုပ်တို့ကာသာ အရေးသာခဲ့ကြ၏။

---



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် တစ်ခုထူးခြားသည်မှာ ကျွန်ုပ်တို့သည် ဘာသာဘာသာဆိုင်ရာမျိုးမျိုးထဲကလောင် ပိုင်ရှင်မှာ ကိုက်ညီနိုင်ကြပေသည်။ ထိုနေ့တိုက်ပွဲမှာ ၃ နာရီခန့်ကြာပြီး ကျွန်ုပ်တို့ တစ်တပ်လုံးကိုကျွမ်းကျင်စွာဆောင်နိုင်သည်။

ကျွန်ုပ်တို့ဘက်မှလည်း ဘာတွေဘာသုံးခန့်သည်ကို၊ လက်နက်ခဲယမ်းမီး မီးလောင်သွားသည်။ ထိုနေ့ညနေတွင် မြန်မာတစ်ယောက်ကို ဖမ်းမိသည်။ ၎င်းမှာ ကိုသန်းတင်ပဲ့သိရလျှက် ဗိုလ်လေးကျော်မှာ ကိုသန်းတင်အား မဲလွှတ်ခဲ့ပြီး။ ကျွန်ုပ်တို့ဘာမျှကျော်ကျော်မီနိုင်သည်မှာ သူ့ကျွန်ုပ်ကောင်းသောကြောင့်ဖြစ်ပြီး ကိုသန်းတင်အား ကျွန်ုပ်တို့ သူ့ကျွန်ုပ်သစ္စာဖောက်ဟု စွပ်စွဲပေလေတော့သည်။ ဗိုလ်မှူး သတိရတစ်ခုက မရတစ်ခုကဖြစ်နေ၏။





ဧပြီ (၁၀) ရက်နေ့

ကိုသန်းတင်အား စီသာကာသဖြင့် အမျိုးမျိုးစစ်ဆေးကြလေတော့သည်။ ကိုသန်းတင်အား ငြိမ်းဟုတ်ဟု စွပ်စွဲပေလေတော့သည်။ ဗိုလ်မှူး သတိကောင်းစွာရသည်။ ကိုသန်းတင်အား အမှိုက် ဘာလွဲမသုံးသင့်ကြောင်း လုပ်ရမည့် ဘဲရမည်။ ဘာနက်ကိုဝန်ခံ၍ မေတ္တာရပ်ပီ မှ တရားသောသင့်ကြောင်း မြောသည်။ ကိုသန်းတင်မှာသတ္တိကား နှိုးကျွမ်းထိုက်ပေသည်။

မနက်သို့မဖြစ်ခဲ့တော့ မြန်မာတစ်ယောက်ဖြစ်သဖြင့် ဂုဏ်ယူမိပါ၏။ တော်လှန်ရေး အတွက် ရဲဝံ့ကျွန်ုပ်မြဲမြံသလို တော်လှန်ရေးသည်ဘာသီအိမ်၏ သူလည်း ပုဂ္ဂိုလ်အား လေးစားဂုဏ်ပြုထိုက်၏ ရည်မွန်မြင့်လျှက် ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်ရေး ပုဂ္ဂိုလ်ကြောင်းကိုသာ ဖြစ်ရသကြောင်း၊ ပဓိယာယ်သုံးပြီး မဟာမိတ်တပ်နှင့် အကျိုးမပြုရန် တိုက်ပွဲနေစဉ် ရဲဘော်သို့ဖြစ်သွားရကြောင်း၊ မဟာမိတ်တပ်များ နှိုးထရသည်မှာ ကျွန်ုပ်တို့သည် မှန်သည့် အကျောင်းကြောင့်၊ တစ်ယောက်ကောင်း၊ နှစ်ယောက်ကောင်း စွန့်လွှတ်ပေးမည့် ဟု၍

www.burmeseclassic.com



ဖန်ရမည်ကြောင်း၊ အကယ်ပင် မိမိအား သတ်ဖြတ်မည်ဆိုကလည်း မြန်မာပီပီ မြန်မာပြည်မှာပင် မွေးဖွားရင်း မြန်မာတာသတ်၍ သေရမည်ကို မိမိကမူ ဂုဏ်ယူရိုသာ ရှိပါကြောင်း ပြော ဆိုလိုက်ချင်သွားလေသည်။

ထိုအခါ ဗိုလ်ဗိုလ်တာဝန်ခံသူကား မြေပုံမှာမရှိတော့ပေ။ ဂျပန်တို့အား လက်ကို အမြန်ပို့ပေးရမည်ဟု ကြိမ်းမောင်း၏။ ခိုင်ခိုင်မာမာလုပ်တတ်သော ဗိုလ်မှူး ခန်းမတိုင်ပင်ပြီး သဘောတူလိုက်ကြရန်ပြောသဖြင့် ကျွန်ုပ်တို့သုံးဦးသား ထိုည၌ သွေး ကြသည်။

ကိုသန်းတင်အား မဟာမိတ်စခန်း သို့ကိုယ်တိုင်သွား၍ မြေပုံတစ်ခု ထွေ့ရသောကြောင့် ငါးမြေပုံနှင့်ပတ်သက်၍ လုံ၀ မေ့မြန်း မရတော့ပြီ။ ကိုသန်းတင်သည် အမြော်အမြင် ရှိသလည်း လက်တွေ့အလုပ်တွင် ကျွန်ုပ်မျှမရှိကြောင်း၊ ဗဟာမိတ်တပ်နှင့် သွားမည်ဆိုသောလည်း စောကြိုနေရောက်ပြီးနောက် (၁၃ ရက်) တိုင်အောင် သတ်ဖြတ် ခံ၍ပြီ ဗသောချွဲချက်တို့ဖြင့် ဗိုလ်တို့၏ သွားရာလမ်းကိုပို့ရန်သာ သုံးဖြတ်လိုက်ကြ တော့သည်။

ဒီရာတွင် ကိစ္စက ထိုမှုဖြင့် မပြီးသေးချေ။ ထိုည၌ ကျွန်ုပ်အား တွေ့လိုကြောင်း အဦးတော်ဗိုလ်က မိမိထံတွင်တွေ့ရသော မြေပုံမှာ ဂျပန်စစ်ဌာနတို့ ရွှေသောင်တောင်မြေပုံ ရောက်ရှိနေသော အညွှန်းမြေပုံဖြစ်၍ မိမိကိုယ်တိုင် ဂျပန်စစ်ဌာနတော်ဦးအား အပ်နှံခဲ့ရသောကြောင့် သတ်၍ ယုံကြည်ပြဿနာဖြစ်လျက် အတော်၍ မိမိအား သွေးစာသောင်းသာမှာတ ဂျပန်ဘိုကိစ္စရှိသော အကျိုးမှာ သိတ္တသိမ္မ ခံအားခွင့်ပေး ဆိုပါက ယခုပင် လိုက်လံပြသနိုင်ကြောင်း၊ မိမိအား သတ်လိုကဖြည့်သိပါလျှင် ဤနေရာ လောက်ဖြစ်သော အခွင့်အရေးတစ်ခု သုံးရုံမျှဖြစ်သည်ကြောင်း။





ရွှေသောင်တောင်မြေပုံတွင် အရေးကြီးသော ပုဂ္ဂိုလ်တစ်ဦးမှာ ဂျပန်သားများ ရှောက်ထားပြီး မိမိသာလျှင် သိကြောင်း၊ ကျွန်ုပ်အား ယုံကြည်သဖြင့် ပြောပြလေ၏။ ထိုညတွင် နှုတ်ထွက်ကြောင်း ထပ်မံရှင်းရှင်းပြောပြန်သည်။ ဗိုလ်တာဝန်ခံကား အနည်းငယ်မျှ မယုံကြည်သော်လည်း သုံးဖြတ်ချက်ကို အခြေအနေအရ ရုတ်သိမ်းရန် သဘောတူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဧပြီ (၁၁) ရက်နေ့

ကိုသန်းတင်အား ထွန်းလှကစ်ဆေး၍ ဗိုလ်သုံးဦး နှင့် ဒေါ်ကျင်ရီကလည်းပြန် သည်။ ထို့နောက် တိုက်ပွဲဖြစ်ပြန်သည်။ ပြင်းထန်ခြင်းမရှိဘဲ အပြင်းအထန်ကွဲသွားသဖြင့် မရွေးတတ်တော့ဘဲ ရှိနေကြသည်။ ထို့နောက် သနေ (၃) နာရီခန့်တွင် အုံးဖြတ်ချက်ချလိုက် သည်။

လောကသားတို့ မေ့တတ်ကြပြီ ကျွန်ုပ်နှင့် တမိဘိုတစ်ခုက ကိုသန်းတင်အား လက်ညှိုးညွှန်နိုင်ပါက အမှောင်ပျို့စ (၆) နာရီခန့်တွင် စခန်းမှ ထွက်ခဲ့သည်။

ဤနေ့ကား ကျွန်ုပ်၏ဘဝတစ်သက်တာတွင် မမေ့နိုင်တော့ပေ။ မြေပုံတွင် ညွှန်ပြ ထားသော လှိုဏ်ထဲသို့ ဒီယမ်းစွာဝင်ခဲ့ကြပြီးနောက် ကိုသန်းတင်၏ရှေ့ဆောင်မှုဖြင့် ရွှေများမြှုပ်ထားရာ လှိုဏ်ထဲသို့ ဝင်ရောက်မိသည်နှင့် တစ်ပြိုင်နက် ရန်သူတို့၏တိုက်ခိုက် ခြင်းကို အလူးအလဲခံရတော့သည်။





ကိုသန်းတင် သစ္စာဖောက်လေပြီ၊ ကျွန်ုပ်တပ်ဖွဲ့တစ်ခု ကိုသန်းတင်သည် ရန်သူတို့၏ အဖက်တွင် ပါတ်မိနေပြီး မြေပေါ်ကစ်မှုရှိပုံသို့က ကျွှန်ုပ်အားသော တပ်သားတစ်ဦး၏ သေနတ်ဒဏ်ရာများကို ဖြတ်ပိုင်းရင်း နေရာတွင် ဝပ်နေရန် အကြားလျှက် ရှိ၍ မိကျောင်းတတ် သွားရာ ကျွန်ုပ်လည်း တပ်သားများအား အချက်ပေးမည့်အခိုက် တရှိန်ရှိန်နှင့် သေနတ်ဒဏ်များ ကျွန်ုပ်တို့အနီးတွင် ကျရောက်ပေါက်ကွဲသံများ အသက်မပြတ်ပေါ်ထွက်လာ ခဲ့သော် သိတ်ငြိမ်သွားကြရှိသွားတော့၏။

ဖြတ်ပြီ ... ဖြတ်ပြီ ... ကျွန်ုပ်တာဝန်ပိုတစ်ခုလုံးဖြတ်ချပြီ၊ တကယ့် သိခဲ့ ... ဗျပန်တို့၏ အမိန့်သံနှင့်အတူ မြေထွက်လာသံကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် တရှိန်ရှိန်နှင့် အသက်မပြတ် ပေါက်ကွဲသောမိုးသံနှင့်အတူ ဗျပန်တို့၏ အော်သံ၊ ကြောက်မက်ဖွယ်ရာအော်သံများ၊ မြေကြီးများ ပိကွဲကျသံများ ပေါ်ထွက်လာပြီး နောက်၌ကား လှိုဏ်ဂူကြီးတစ်ခုလုံး ပကတိတိတ်ဆိတ်နေလေ၏။

သို့ဖြင့် မည်မျှကြာသွားသည်မသိ။ ကိုသန်းတင် ပြန်ရောက်လာပြီး လိုက်ဂူတစ်ခြမ်း ပိတ်သွားသဖြင့် ဗျပန်အားလုံးသေပြီ၊ ယုံကြည်ရသောလည်း ရွှေများမြှုပ်ထားသည်ကို ယူနိုင်တော့၏ ပြန်ကြရန်ပြောသည်။

ကျွန်ုပ်၏တာဝန်ပိုတွင်ကား တပ်သားသုံးယောက်သာ ကျန်တော့သည်ကို တွေ့ရလျက် အခြားတို့အားလုံး တာဝန်ပြည့်ခဲ့လေကာ ဖြတ်သည်ဟု အမှန်နိုင်ချေသာ မိတ်ကိုဖြေနိုင်တော့ ၏။

သို့သော် ကိုသန်းတင်၏ကတိဟူပင် သိရမည်။ ကျွန်ုပ်နှင့်အတူ ကျွန်ုပ်တပ်သားပါ ကျန်ရှိသုံးမြောက်ပါသောလည်း တပ်သားအများ၏အသနှင့် ဗိုလ်တောမှာ၏ခြေကို မတွေ့ရှိရ ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုသန်းတင်ကား တောင်းပန်သော်လည်း အကြောင်းမဲ့ထူးမည်ကိုသိ၍ပေလော၊ လမည့်ဘေးကို မြေ့တွေ့ရန် သုံးပြတ်လိုက်၍ပေလော မပြောတတ်ပေ။ ရင်ကိုကော့ကာ ခပ်ပြုံးပြုံးပင် တပ်သားသုံးယောက်နှင့်တကွ ကျွန်ုပ်အား လက်ကိုသွဲ့ မှုတ်နှုတ်ဆက်လျက် ကျွန်ုပ်၏လက်ထဲ၌ မြေပုံစာရွက်ကို ထည့်၍ပြီးနောက် ... ရှိဝေသောမျက်လုံးအစုံဖြင့် ... နောက်ဆုံးကြည့်ကာ ဇော်သောင်ရာသို့ လိုက်ပါသွားလေ၏။

တော့ကိန်ကိန် လရောက်ဘိတ်တွင်ကား လက်နှစ်ဖက်ကို နောက်ပြန်ပြစ်လျက် ကောင်းကင်မြ တစ်နေရာသို့ မျှော်မှန်းနေကာ လောကကြီးအား ကျေကွဲတော့မည့်ဟန်ရှိသော ကိုသန်းတင်၏ အသွင်ကို တစ်သက်တာတွင် မေ့ပျောက်၍ ရနိုင်တော့မည် မထင်တော့ချေ။

ကျန်သောအဖြစ်အပျက်များကိုမူ သပ်ပါးဝါးသာပင် ပေါ်တော့သည် ဗိုလ်တေဇ၏ အမိန့်ကြောင့် ကြောက်ရွံ့ခြင်းနှင့် လာကြည့်ကြသော အနီးမှရွာသားများ၊ သစ္စာဖောက်သူ့ ကိုသန်းတင်အား ဓိဓိ၊ ဗိုလ်ဖျူနှင့် ဗိုလ်တေဇတို့က သဘောတူ အဖြစ်ပေးရခြင်းဖြစ်ကြောင်း ပြောလေရာ ဗိုလ်ဖျူမှာ သတိမေ့နေရာမှကြားနိုင်ခဲ့သည်မဟုတ်သော်လည်း ကျွန်ုပ်နားမှ ညကို ကြားရသောခဏ၌ အသည်းနှလုံးတုန်လှုပ်မိလေ၏။

နောက်တစ်ခဏ၌ ရွာသားတစ်ဦး ကိုသန်းတင်အား တမြောင်းမြောင်းရိုက်ကြသံများ၊ ကျွန်ုပ်နှင့်နီးမှ တပ်သားတစ်ဦး၏ တောက်ခေါက်လိုက်သံများ၊ ဗိုလ်တေဇအမိန့်နှင့် မရှောင်း ဖူးပွင့်ဖြင့် ကိုသန်းတင်အား ဘဝတစ်ပါးသို့ ပြောင်းပေးလိုက်ပုံများကို ကြယ်စရာမြှုပ်သွားသော အဓိကလာသ၏အားကြ၌ ရိုးဝါးမျှသာ မြင်ယောင်မိ၏။ ကိုသန်းတင်တစ်ယောက် တကယ်ပင် အပြစ်ရှိ မရှိကိုကား ဘုရားသခင်သာလျှင် သိလိမ့်မည်ဖြစ်ပေ၏။

* * *





အဖြစ်အပျက်လေးမှာ တော့်တော်ပင် စိတ်ဝင်စား ...ည် ရေးမှတ်ထားရာ မောင်သိန်းဆွေနှင့် ကျွန်ုပ်ပါ စကားတော် ...ာ်နှင့် မပြောနိုင်ဘဲရှိနေကြလေသည်။

ကျန်အဖြစ်အပျက်များမှာကား ဗိုလ်ဖျူအား သူ့နာ ...ခန်းသို့ ပို့လိုက်ပြီးနောက် စစ်ဗိုလ်နှစ်ဦးလည်း လမ်းခွဲကာ ထို ...နားမှ ထွက်ခဲ့ကြသည့် အကြောင်းများမှာ ကျွန်ုပ်တို့၏အကြောင်း ...း မတိုက်ဆိုင်လှသဖြင့် ချန်လှပ်ခဲ့ပေတော့မည်။

ထို့နောက် ကိုဘမော်လည်း ဒိုင်ယာရီစာအုပ်ကို ...ထဲတွင် ပြန်ထည့်ကာ ဆက်လက်ပြောပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ကိုယ်လည်း အဲဒါနဲ့ ဦးဒိုးလုံးရဲ့သဘောကို လ
လျော့တော့မယ်လို့ ဆုံးဖြတ်လိုက်တယ် ... ကိုဒွေး
အပေါ်မှာ ကိုယ့်ပယောဂမကင်းခဲ့ဘူးလို့ ကိုဒွေးလို
အခွင့်အရေးကို ... ဦးဒိုးလုံးဆက်ခံသင့်တယ်လို့ တစ်ထ
ယူဆလိုက်တယ် ... အဲ ဒါပေမဲ့ ... ဦးဒိုးလုံးဟာ လက်
ရှည်ဆိုင်ထဲက အထွက် ... ကိုယ့်မိတ်ဆွေစစ်ဗိုလ်နဲ့ တွေ
ပြီးတဲ့နောက် ... ကတိုက်ကရိုက်ထွက်သွားတာကို တွေ
လိုက်တာနဲ့ မေးမိတာ ... ဒီတော့မှ ဦးဒိုးလုံးဟာ ဘိန်း
ဘာတွေလုပ်တဲ့အကြောင်း...ဖမ်းတော့မယ်ဆိုတာ သ
သန့်သန့်ကြားလို့မို့ အခုသတိပေးလိုက်တဲ့အကြောင်း
အဲဒါ ဦးဒိုးလုံးကို အခုလောလောဆယ်မှာ တွေ
မဟုတ်ဘူးလို့ ပြောတော့တယ် ... "

"ကိုယ်လည်း ... ကိုယ့်မိတ်ဆွေကို နှုတ်ဆက်ထားခဲ့ပြီး
ဒိုးလုံးနောက်ကို လိုက်သွားတာ နည်းနည်းနောက်ကျ
လို့ မတွေ့လိုက်တော့ဘူး ... ဒါနဲ့ အိမ်ပြန်သွားတော့ စာ
စောင်ကိုတွေ့ရတယ် ... သူ့စာရဲ့အဆိုကတော့ အခြေ





မလှလို့ တိမ်းရှောင်နေရတဲ့အကြောင်းနဲ့ ... သူ့လိပ်စာကို ခပ်သုတ်သုတ်ရေးထားပြီး ထားခဲ့ပုံပဲ ... "

"အင်း ... ကိုယ်လည်း သူ့အတွက် စိတ်မကောင်းပေမဲ့ ဘယ်လိုမှတော့ မအောက်မေ့ပါဘူး ... ဟိုဘက်ပိုင်းမှာတော့ ဒါမျိုးတွေက များနေတာ မင်းလည်းအသိပဲလေ ... ကိုယ့်အဖို့တော့ သိပ်မဆန်းတော့ပါဘူး ... "

"နောက်တစ်စောင်ကတော့ မသက်ဝေဆီကဖြစ်နေပြီး ... အတော်ရှည်ရှည်ရေးထားတာ တွေ့ရတယ် ... သူ့စာရဲ့ဆိုလိုရင်း အပြည့်အစုံကိုတော့ မောင်ခင်မောင်ဦးတို့ ဖတ်ကြည့်ရင် ... ယောဒီမှာ မသက်ဝေဆီက စာ ... ပါလာသေးတယ်"

ဟုဆိုကာ ကိုဘမော်လည်း စာအိတ်တစ်အိတ်ကို ကျွန်ုပ်တို့အား ထုတ်ပေးလိုက်သဖြင့် ကျွန်ုပ်လည်း လှမ်းယူဖတ်လိုက်ပြန်လေ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com









သို့ ...

ချစ်ပါသောမောင်လေး ... မောင်ဘဲဘော်။

မမသက်ဝေ စာနဲ့ရေးပြီး အားရအောင် တောင်းပန်ခွင့်ပါရစေကွယ် ... မသက်ဝေလည်း ဖြစ်ပျက်ခဲ့ရတဲ့ အကြောင်းကြောင့် ဝမ်းနည်းလို့ မဆုံးပါဘူး ...။

မသက်ဝေ ... ဒီလိုရေးလိုက်တာဟာလေ သနားလာအောင် ရေးလိုက်တာလည်း မဟုတ်ပါဘူး ... အမှန်ကိုပြောရရင် မောင်လေးတို့ပေးတဲ့ အပြစ်ကို မသက်ဝေ ခံရဲပါတယ်ကွယ်... ခံလိုက်ပါတယ်။

ကိုဇော် ... သေပြီဆိုတဲ့ အကြောင်းကို မောင်လေး ကိုဇော်တို့ ပြောလိုက်တော့ မသက်ဝေကြားရတဲ့နားကို မသက်ဝေ မယုံနိုင်အောင်ဘဲ ဖြစ်နေခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ မသက်ဝေရဲ့စိတ်ထဲမှာ ကိုဇော် သေလိမ့်မယ်လို့ လုံးလုံးမထင်ခဲ့မိဘူး။ ကိုဇော်ဟာ ဒီပင်ရွာမှာနေတာပဲလို့ ထင်နေခဲ့မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



အင်းလေ ... နောက်ဆုံးတော့ ကိုဇော်ဟာ တစ်ခါတည်း ပိုး ပျောက်သွားတော့တာ... မသက်ဝေတို့အခါလို့မှ ပြန်မလာတော့ပါ ကလေးဆိုတာကို သိရတာနဲ့ ... တစ်မြို့ထဲကတည်း မသက်ဝေရဲ့ အသည်းနှလုံးတွေဟာ ပြတ်ပြတ်ပြန်းပြီလို့သာ ဆိုပါရစေတော့ကွယ်။

မသက်ဝေရဲ့မိတ်ဆွေဟာ ဒီလိုတန်ရှုပ်ခဲ့ဘာကိစ္စကြီး လူပြည်မှာ မနေချင်လောက် အောင်ဘဲ ဖြစ်ခဲ့ရတယ်။ အင်း... ဒီလိုဆိုတော့ မောင်လေးတို့က တတ်လည်းတတ်နိုင်တဲ့ မိန်းမပဲဟာပဲလို့ ထင်ကြမလား။ ထင်ချင်ထင်လိုက်ဘာ ထင်ကြပါတော့ကွယ် ... မသက်ဝေရဲ့ အပြစ်နဲ့ မသက်ဝေ ရှိနေပြီတဲ့။

မသက်ဝေတို့ ထင်သလောက် မသက်ဝေမဆိုးပေဘဲ မောင်လေးတို့ပေးတဲ့ အပြစ်ဒဏ်ကိုခံရဖို့ ဖြစ်လာရပြီ။ ကိုဇော်မရှိတော့တဲ့နောက်လည်း မသက်ဝေ ဘယ်လို... နေရ ... နေရ အကြောင်းမထူးတော့ပါဘူးကွယ်။

တကယ်တော့ ... မသက်ဝေ မပျော်နိုင်တော့ဘူး နောက်ပြီး မသက်ဝေလုပ်ခဲ့တဲ့ အလုပ်ကြောင့် မသက်ဝေလည်း မသက်ဝေကိုယ်ကို ဘယ်လိုဆိုမလဲကွယ်။ မသတီနိုင်ဘူး ဆိုမလား၊ ခွင့်မလွှတ်နိုင်ဘူးလို့ ဆိုကြပါတော့။ မသက်ဝေရဲ့ အပြစ်ဟာ အတော်ကြီးကို ဆိုးတယ်ကွယ်။

အမှန်မှာတော့ ... မသက်ဝေဟာ နားမလည်မှု၊ သူ တစ်ပါးပြောတိုင်း ယုံလွယ်မှုဆိုတာတွေ နောက်ဆုံးမှာတော့ မသက်ဝေကိုက မိုက်လို့ပါလို့ ဆိုပါတော့လေ။ မောင်လေးတို့ ပြန်လာကြတော့ ကိုဇော်အဆိပ်မှိုမိလို့ သေရတယ်လို့ အစတကပြောကြတယ် မဟုတ်လား။

အင်း ... မသက်ဝေလည်း နားမလည်နိုင်အောင်ဘဲ ဖြစ်ခဲ့ရတယ်။ မသက်ဝေက မသက်ဝေလုပ်ခဲ့တာတဲ့ ကိစ္စကလည်း ရှိနေတာကိုး။ နောက် မောင်သိမ်မောင်နဲ့





ကိုဇော်တို့ချင်းပြောတာကို မသက်ဝေကြောင့်မဟုတ်ဘဲ မသက်ဝေ အသိမထိတနေပြီ... နားခိုက်တောင်လို့ ကြားရတော့မှ မသက်ဝေလည်း ကိုဇော် သေရတာဟာ အဆိပ်မှို့ ကြောင့်မဟုတ်ဘဲ မသက်ဝေကြောင့်၊ မသက်ဝေသတ်တာ၊ မသက်ဝေသတ်လို့ သေရှာတာပဲ ဆိုတာ သိရတော့တယ်။ အမှန်ပဲတော့ အဆိပ်မှို့မဟုတ်ဘူးကွဲ့၊ အဆိပ်ပါ၊ အဆိပ်.. အဆိပ်။

ကိုင်း ... အခုလောက်ဆို မောင်လေးတော့ မသက်ဝေကို သတ်တောင်ပစ်ချင်နေရော ပေါ့နော် ... အလေ ... အမှန်တော့လည်း မောင်လေးတို့ဟာ မသက်ဝေတို့မသတ်ရက်လို့ အခုလိုထားခဲ့တာကို မသက်ဝေ ဒီလိုမပြောတတ်ဘူး ... မပြောသင့်ဘူးကွယ်။

နောက်ဆုံးတော့ မောင်လေးတို့လည်း အပြစ်အပွား ဗွန်တွေကို မသက်ဝေ မြို့ရှိခဲ့နေတဲ့ အတိုင်းပဲ သိသွားကြတယ် မဟုတ်လား။ မသက်ဝေ ဆုတောင်းမိသလို အကြောင်းမှန်ကိုသာ မောင်လေးတို့မသိကြဘဲ နေပြန်ရင်လည်း မသက်ဝေတော့ နေလို့ထိုင်လို့ ပြောင့်ပြောင့်တန်းတန်း ရှိတော့မယ် မထင်ဘူး။

သိသွားတော့လည်း မသက်ဝေအပြစ်က တစ်ခုတည်း။ တကယ်ဆိုတော့ မောင်လေး အမြဲ အချစ်ဆုံးအစ်ကိုတစ်ယောက်ဆုံးရှုံးရသလို ... မသက်ဝေ အဖို့လည်း အချစ်ဆုံးလင်၊ အစ်ကိုကြီးတစ်ယောက် ဆုံးရတယ်ဆိုတာကို မောင်လေးတို့လည်း ကိုယ်ချင်းစာတရား မနည်းလို့မို့ တွေးမိကြမှာပါပဲ။

အစ်ကိုကြီးအမေရာဆိုသလို မောင်လေးတို့အတွက်သာ မဟုတ်ဘဲ မသက်ဝေ အဖို့ ရာမှာလည်း တစ်ဦးတည်းသော အားကိုးအားထားရမဲ့သူဟာ ကိုဇော်တစ်ယောက်တည်းသာ ရှိပါတယ်ကွယ် ... သူတစ်ယောက်တည်းလို့ မသက်ဝေမှာ တကယ်တမ်း အားကိုးရမဲ့လူလည်း ပဲ့။ မသက်ဝေ အချစ်ကို စေ့ပေးရမဲ့သူလည်း ဒီရလောက်အောင် မရှိ။ အမှန်တော့...



www.burmeseclassic.com

www.burmeseclassic.com



မသက်ဝေဟာ တစ်ကောင်ကြွက်ဘဝနဲ့ ဘာမှမထူးပါဘူး။ မသက်ဝေ အားကိုးရာ...

ဟို ... မောင်လေးတို့ရယ် ... ကိုဇော် သေပြီးတဲ့နောက်... မသက်ဝေကိုလည်း တစ်ခါတည်း သတ်လိုက်ပို့ကောင်းတယ် ... မသက်ဝေ လူဖြစ်ရတာ မနေချင်တော့ပါဘူးကွယ်။ မသက်ဝေ တကယ်ပဲ ကိုယ့်ကိုယ်ကို သတ်သေဖို့တောင် ကြံစည်ခဲ့မိပါသေးတယ်။

ဒါပေမဲ့ အလုံမပါလာလို့လား မသိနိုင်ဘူး။ တကယ်တမ်းကျတော့ နောက်တွန့်နေမိတယ်။ ဦးကြီးနိုလုံကလည်း ဂိုဏ်းမ ဟန်တူပါရဲ့။ မလုပ်ထိုက် မကြံစည်အပ်တဲ့အလုပ်ကို မကြံအပ်တဲ့အကြောင်း အမှန်ငါးရာငါးကမ္ဘာ အလုံပါသွားတတ်တဲ့အကြောင်းတွေကို ပြောလာတော့တယ်။ ပြီးတော့... မသက်ဝေကို စိတ်တင်းထားဖို့ အမျိုးမျိုးအားပေးရှာပေတယ်.. နောက်ပြီး ဖြစ်သမျှအကြောင်းစုံကိုလည်း မသက်ဝေကိုမေးရဲ့... မသက်ဝေ ပြောသမျှကိုလည်း သူ လုံးဝယုံမှာရဘူး။ မသက်ဝေကြောင့် သေရတယ်ဆိုတာ မဖြစ်နိုင်ဘူးတဲ့။ မသက်ဝေ မယောက်မပါဘူးလို့သာ ခွက်ပြောတော့တယ်။ အင်းလေ ... ဒီအချိန်မှာတော့ မသက်ဝေ အားမငယ်ရလေအောင် သူက ဒီလိုပဲပြောပေမှာပေါ့ကွယ်။ မသက်ဝေ သိပါတယ်။

ဪ... လောကဓံတရား ... လောကဓံတရား ဆိုလိုက်တဲ့ လောကဓံတရားပါ မောင်လေးရယ်။ လူ့ဘဝမှာ အဆိုးနဲ့အကောင်းဟာ တစ်လှည့်စီပဲ ဆိုပေမဲ့ မသက်ဝေရဲ့ဘဝမှာတော့ အဆိုးပြီးရင် အဆိုးလာနေတော့တယ် ... အကောင်းဆိုတာကတော့ မှော်ဆိုက်တဲ့ညနဲ့ တူလှတဲ့ မသက်ဝေရဲ့ဘဝမှာ လျှပ်ပြက်သွားတာကလေးကိုတွေ့ လိုက်ရသလိုပါပဲကွယ်... မသက်ဝေရဲ့ဖျက်စီးကို လှည့်စားနေတာနဲ့ တူတော့တာပါပဲ။

ကိုင်း ... မသက်ဝေလည်း အခုအချိန်ထိ ဆိုလိုရင်းကို မရောက်နိုင်တော့ပါဘူးကွယ်။ ဒီလိုကွယ် ... မောင်လေးရဲ့ ကမ္ဘာစစ်ကြီး ပြီးသွားပြီရယ်လို့ အချိန်မှာ မသက်ဝေဟာ





ကိုဇော်ကိုဆိုပါ အေးအေးဆေးဆေးနေရမှာပါပဲ။ မောင်လေးတို့သိတဲ့အတိုင်းပဲ ကိုဇော်ရော မသက်ဝေဟာ စစ်ဘက်တွင်းကစ်ခုံရုံးအကြောင်းနဲ့ တွေ့ကြုံခဲ့ကြရတယ်။ အဲဒီတော့... မ အမှန်အတိုင်း သူ့ကိုမသက်ဝေက အေးအေးချမ်းချမ်းနေနိုင်တဲ့ အခါ နေခဲ့ချင်တာပေါ့။

မသက်ဝေကတော့ အမှန်အတိုင်းပဲ ချမ်းသာချင်နေပါစေ၊ သက်ခွန်သံဖျား ခွန်အားရှာဖွေရတာကို လုံးဝသဘောမတူနိုင်ဘူး။ အင်း ... မောင်လေးတို့ မသက်ဝေတို့အကြင် ဒီနေရာမှာ တစ်ပက် ဘယ်အခါ ဖြစ်နေကြလိမ့်မယ်လဲ မသိပါဘူး ... ။ ဒါပေမဲ့ ကိုဇော်ကိုတော့ ဒီအကြောင်းအရပ် အမြတ်တောင် မ... ဘူးဆိုတာ မောင်လေးတို့အသိပဲ ...။ မသက်ဝေဟာ မသက်ဝေနေတာပဲ။

... ကျကျ၊ မကျကျ မသက်ဝေဟာ ကိုဇော်ကို မပြောဘူး၊ ကိုဇော် စိတ်ညစ်အောင်မလုပ်ဘူး၊ တကယ်ဆိုရင် ... ကိုဇော်က မသက်ဝေကို ဘယ်လောက်ချစ်တယ် ...ဆို မောင်လေးတို့လည်း မသက်ဝေဟာ ပိုသိတော့မပေါ့ကွယ်။

ဒီလိုဖြစ်နေတဲ့အချိန်မှာ ကိုဇော်ကလည်း ကိုဇော်တို့သိတဲ့အတိုင်းပဲ ... ဘယ်မှာ အိမ်ကပ်လို့လဲ၊ အိမ်းမတွက်ရရင် ထမင်းမဝငလောက်ဖြစ်နေတော့တယ်။ ဒီအထဲ စစ်အတွင်းမှာနေတုန်းက တွေ့ခဲ့တဲ့ ရွှေလိုဏ်ဂူတွင်းဆီသွားမယ် တကဲကဲနဲ့နေတာကို မသက်ဝေကလည်း အဲဒီရွှေလိုဏ်ဂူအကြောင်းပြောကတည်းက အလိုလိုနေရင်း ရင်တုန်နေမိတယ်။ ကိုဇော်တစ်ခုခုဖြစ်သွားရင် တစ်ခုခုဖြစ်တော့မယ်လို့လည်း စိတ်ထဲက ကြောက်နေမိတယ်။

မသက်ဝေက ခိုနှုံးမသားဖြစ်ပေမဲ့ အယူသီးတာ မဟုတ်ဘူး၊ ကိုဇော်ပြုပြင်တုန်းကလည်း ဒီနေရာ၊ ရွှေလိုဏ်ဂူတစ်ဝိုက်မှာ အကြီးအကျယ်တိုက်ပွဲဖြစ်ပြီး အများအပြားသေကြရတယ်ဆိုတော့ ဒီလိုမဟုတ်လာမရှိ၊ ကြောက်စရာကောင်းတဲ့ နေရာကို သေကံမရောက်လို့ အသက်မပျောက်လို့ လွတ်လာခဲ့ရတာ၊ အဲဒီကိုပဲ ပြန်သွားဦးမယ်လို့ဆိုတော့ ... မသက်ဝေဘယ်ဖြစ်နိုင်မလဲ



www.burmeseclassic.com

www.burmeseclassic.com



သဘောကျနိုင်ပါ့မလဲကွယ်။

မသက်ဝေသာ မဟုတ်ပါဘူး၊ လင်ကိုချစ်ခင်တဲ့ မိန်းမတိုင်းဟာ ခွင့်ပြုနိုင်ကြမယ် မဟုတ်ပါဘူး၊ ဒါပေမဲ့... ဒီကို ကိုဇော်လည်း ရိုးပြီးယဉ်တဲ့ပါရဲ့။ တောထဲမှာ အမဲလိုက် မလိုလို့ တမြှုန်းမြှုန်း သိုးလွှက်ခဲ့ကြတာဟာ အဝေးဝေးဝေး ရောက်ခဲ့ကြရတယ် မဟုတ်လား။

ဒီတော့ မသက်ဝေကလည်း သက်မကောင်းဖြစ်လာတယ်၊ ဒါကြောင့် ... တောနက်ကြီး ဆိုးမသုံးသေးဘူးလားလို့ မေးတော့မှ ... မကွယ်မဝှက်ဘဲ ရွှေလိုက်ဂူကြီးဆီကို လာတဲ့အကြောင်း အိုးခွက်တွေလည်း သုံးသလောက်ရှိနေပြီ ရွှေရတနာတွေမြှုပ်ထားတဲ့... လိုက်ဂူကြီးနေရာအမှန်ကိုသာ တွေ့ကြမိုလိုတော့တဲ့ အကြောင်းပြောတယ်၊ မသက်ဝေလည်း ဒီလိုကြားရတာနဲ့ တစ်ပြိုင်နက် စိတ်ထဲမှာ အဝေကြီးချောက်ချားသွားတယ်။

မသက်ဝေတို့ရဲ့ နောင်တမလွန်ဘဝတွေကလည်း ဒီနေရာ အရပ်တစ်ဝိုက်တွေနဲ့ သက်ဆိုင်ပတ်သက်နေတယ်လို့ ယင်နေပြီး ဒီနေရာကို ကြာကြာနေရင် အမှန်ပဲ ကြောက်မက်ဖွယ် ဘေးအန္တရာယ်တစ်ခုခုနဲ့ တွေ့ရလိမ့်မယ်လို့ အောက်မေ့နေမိတယ်။ မသက်ဝေ ဖွေးထင်တာလည်း မလွဲပါဘူး၊ နောက်ဆုံးတော့ မသက်ဝေနဲ့ ကိုဇော်တို့လည်း သေကွဲကွဲကြရပြီမဟုတ်လား။

ဒီလို တောကြီးမျက်မည်းတွေကို ကြောက်လန့်တယ်ဆိုတာက အကြောင်းပြချက်ရှိတယ် မောင်လေးရဲ့။ မသက်ဝေရဲ့ အစ်ကိုအကြီးဆုံးတစ်ယောက်ဟာ ဒီတောထဲမှာ သေရစ်တယ်လို့ သိရတယ်။

မသက်တို့ ဖေဖေနဲ့ မေမေဟာ သတ္တုတွင်းရှာကြယင်းနဲ့ စစ်ဖြစ်လာတော့ ဒီတောတွေထဲမှာပဲ အင်္ဂလိပ်လေယာဉ်ပျံက စစ်သေနတ်နဲ့ပစ်လို့ နှစ်ယောက်စလုံး သေကြရတယ်။





မသက်ဝေရဲ့အစ်ကိုလေးဟာ အဲဒီတုန်းက မရှိဘူး၊ အစ်ကို အကြီးဆုံးကတော့ သူ့မျက်စိအောက်မှာပဲ အသက်ပျောက်သွားကြတဲ့ မသက်ဝေရဲ့ဖေဖေနဲ့ မေမေတို့အတွက် အသက်ပါငိုသေး၊ ဒုက္ခမြင် မကျေနိုင်ဘူးလို့ ပြောလိုက်တာကို ယခုထက်တိုင် မသက်ဝေနားထဲမှာ ကြားယောင်နေမိသေးတယ်။

အဲဒီတုန်းကတော့ မသက်ဝေလည်း အသက် ၁၄ နှစ် လောက်ပဲရှိဦးမယ်၊ ငယ်သေးတာဆိုတော့ ငိုပုကလွဲပြီး မသက်ဝေ ဘာမှနားမလည်ခဲ့ဘူး။ အဲဒီအချိန်မှာ မသက်ဝေအစ်ကိုလေးဟာ (၁၈) နှစ်၊ အစ်ကိုကြီးကတော့ (၂၅) နှစ်ရှိရော့မယ်၊ အစ်ကိုကြီး နာမည်က ဝင်းကိုတဲ့၊ အစ်ကိုလေးနာမည်က ဝင်းနိုင်တဲ့၊ မသက်ဝေရဲ့ နာမည်ရင်းက ခင်မေ... ကိုး။

သုံးအစ်ကိုနှမတစ်ယောက်လုံးရဲ့ သတ္တိကလည်း ဖေဖေနဲ့တူလို့ ရဲရင့်ပြတ်သားစိတ်ရှိကြတယ်၊ တုံးဆို တိုက်၊ ကျားဆို ကိုက် ဆိုတာမျိုး သတ္တိကောင်းကြလွန်းလို့ နာမည်ရကြတယ်ဆိုပြီ မသက်ဝေဟာ ကိုဇော်တို့ ကိုဇော်တို့အတွက် နည်းနည်းမှ စိတ်မအေးခဲ့ဘူး။

အဲဒါနဲ့ တစ်လကျော်တည်း သက်ပြေရဦးမယ်၊ မသက်ဝေတို့ အစ်ကိုကြီး ဝိုင်းကိုဟာ တစ်ဒါတည်း အဲဒီကနေ မသက်ဝေကို ဒေါ်ဒေါ်နဲ့ထားခဲ့ပြီး အခုလုံးက နိုင်ငံတောင် မရဘူး၊ ထွက်သွားလိုက်တာ မပေါ်လာတော့ဘူး။

နောက်တစ်လလောက်ကြာတော့ အစ်ကိုလေး ပြန်ရောက်လာတယ်။ အစ်ကိုလေး ဝင်းနိုင်ဟာ အစ်ကိုကြီးဝင်းကိုနဲ့ မတူဘူး၊ အစ်ကိုကြီးဟာ ဇွတ်တရွတ် ဘာမဆို ရှေ့ရန်နိုင်ငံ လုပ်တတ်သလောက် အစ်ကိုလေးဝင်းနိုင်ကတော့ စိတ်အေးလက်အေးနဲ့ အေးအေးဆေးဆေး လုပ်တတ်တယ်။

ဒါကြောင့် အစ်ကိုလေးဝင်းနိုင်ဟာ အကြောင်းရှိသိတာနဲ့ တစ်ပြိုင်နက် အစ်ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com



ဝင်းကိုအတွက် မိတ်ဖွဲ့နိုင်ဘူး၊ သူ လိုက်ရှာဖို့သွားပြန်တယ်။ သို့အစ်ကိုနှစ်ယောက်လုံး ထွက်သွားလိုက်ကြတော့ ပြန်လည်းမလာ၊ ဘာသံမှလည်းမကြားတော့တာနဲ့ သေများသေတုန်း ကြပြီလားလို့ အောက်မေ့နေတာ။ တစ်နေ့မှာတော့ အစ်ကိုလေးဝင်းနိုင်ကို ပြန်တွေ့ရတယ်။

ဪ.. အဲဒီနေ့ အစ်ကိုလေးဝင်းနိုင်ကို မတွေ့ခင်မှာ ဂျပန်အပြေး မသက်ဝေလည်း နှုတ်အတော်ရောက်လိုက်သေးတယ်.. ။ မသက်ဝေကို အစစအရာရာစောင့်ရှောက်ပြီး လုပ်ကိုင်ကျွေးမွေးလာခဲ့တဲ့ မသက်ဝေရဲ့ဒေါ်ဒေါ်ဟာ ဂျပန်စစ်သားတွေရဲ့လက်ချက်နဲ့ပဲ အသနားအညှာတာကင်းလှတဲ့ လောကကြီးကို မသက်ဝေတစ်ယောက်တည်းထားခဲ့ပြီး စွန့်ခွာသွားတော့တယ်။

မသက်ဝေရဲ့အသက်နဲ့အရှက်ကို ခုခံကာကွယ်ရင်း အသက်စွန့်သွားရှာတဲ့ မသက်ဝေရဲ့ အဒေါ်ကျေးဇူးတွေကို မသက်ဝေ ဘယ်လိုမေ့နိုင်မလဲဟင်၊ မသက်ဝေပြေလည်အောင် ဆပ်ခွင့်မရလိုက်ဘူး ... မောင်ဖြိုးလေးရယ်။

အဲဒီလိုနေတုန်း ဂျပန်တွေရဲ့လက်ထဲကို ရောက်တော့မဲ့ဆဲဆဲမှာ ကိုဘဇော်တို့ မြန်မာ့တပ်မတော်သားတွေက အလကြား မသက်ဝေတို့ရွာကို ဝင်တိုက်ကြတယ်။ မသက်ဝေရဲ့ အသက်နဲ့အရှက်ကိုလုယူကြတော့မယ့် တကဲကဲလုပ် ချိန်မှာ ဂျပန်စစ်သားကောင်တွေဟာ ကိုဇော်ရဲ့လက်ချက်နဲ့ပဲ သေတဲ့ကောင်တွေလည်းသေ၊ ပြေးတဲ့ကောင်တွေလည်း ဒူးပြေးဝက်ပြေး ထွက်ပြေးကြရတော့တယ် အဲဒီ့အချိန်ကစပြီး ကိုဇော်ကို မသက်ဝေ စတင်တွေ့ခဲ့ရတော့တာ ပါပဲ။

မသက်ဝေမှာလည်း အားကိုးရာမဲ့ဖြစ်နေပြီဆို ကိုဇော်ပဲ သူ့စစ်ကိုပို့ပြီး နေခဲ့တာ ကိုဇော်ကိုသိတဲ့အတိုင်းပဲ။ အင်း.. မသက်ဝေလည်း ဒါတွေတွေးတောရင်းနေရတာနဲ့ ရွာတောင်ဘက်ရောက်ရှိသွားပြီ။





ဒါပေမဲ့လည်း ဒီလိုရှေ့မှာ ကိုဇော်နဲ့လည်းမှာ ... ဒီတော့မှ ရုပ်ရည်လေးသိရပြီ မသက်ဝေရဲ့အပြစ်ကိုလည်း ပိုပြီးတိကျအောင် မှိုင်းတွေကျွဲနိုင်မယ် မဟုတ်လား၊ အမှန်တော့ မသက်ဝေ အပြစ်မဲ့ကျေပါစေဆိုတဲ့သဘောနဲ့ မသက်ဝေ တမင်ကလာရေးနေတာ မဟုတ်ပါဘူးလေ ... အခုဖြစ်ပျက်နေတာတွေနဲ့လည်း သက်ဆိုင်နေလို့ဆိုရင် မမှားပါဘူး... ။ အဲ ဒုတိယကမ္ဘာစစ်ကြီးပြီးလို့ နေသားတကျ ရှိနေတဲ့အခါကျမှ ... မသက်ဝေရဲ့ပျောက်ဆုံးနေပြီးတဲ့ အစ်ကိုလေးဝင်းနိုင်ကို ပြန်တွေ့ရတယ် ...။ အစ်ကိုလေးဟာ မသက်ဝေကို ဒီလိုအခြေအနေမှာ ရုတ်တရက်ပြန်တွေ့လိုက်ရတော့ ဝမ်းသာပါ့ အားသင့်သွားပုံရတယ်။

မသက်ဝေတို့ရဲ့ အစ်ကိုကြီးကတော့ မေမေတို့ရဲ့ ရန်သူတွေကို ကလဲ့စားချေရင်း သေသွားပြီး သေရခါနီးဆဲဆဲမှာ အစ်ကိုလေးနဲ့တွေ့ရတော့တာဆို မတယ်နိုင်တော့ဘဲ လက်လွှတ်လိုက်ရတယ်တဲ့ ။

ဒါပေမဲ့ အခု အစ်ကိုလေးဝင်းနိုင်မှာ လုပ်ခဲ့တာဝန်တွေက ကျန်နေသေးတော့ မသက်ဝေတို့နဲ့ အတူမနေနိုင်သေးတဲ့အကြောင်းပြောပြီး ထွက်သွားပြန်တယ်။

ကို ... အဲဒီ့တုန်းက အစ်ကိုလေးဝင်းနိုင်ဟာ အရင်က အစ်ကိုလေးနဲ့ လုံးဝ မတူတော့ဘူး။ ဘာပဲဖြစ်ဖြစ် ပြောင်းလဲသွားအကြောင်းကို အတော်ပဲသွန်သင်ပါ။ ဘယ်လိုအဖြစ်မျိုးမှာဆို ရဲရဲကြီး ရင်ဆိုင်လိုက်မယ်ဆိုတဲ့ သဘောကိုပိုက်ထားပြီးနဲ့သွားပါတယ်။

အစ်ကိုလေးဝင်းနိုင်တို့ဘဝဟာ အတော်ပဲ ဆန်းကြယ်ပါပြီး နှုတ်ဆွေနဲ့ မသက်ဝေတို့ မောင်နှမတစ်တွေပဲ တွေ့ရတဲ့သူ့အိုတော့ဘူးလို့ပျော်သွားတော့ ... မသက်ဝေမှာ ဝမ်းနည်း ရလွန်းလို့ ဖက်ရှိုက်များတောင်ငိုမိခဲ့ပါတယ်။

မသက်ဝေ ပျော်ပျော်ရွှင်ရွှင်ရှိရင် သူလည်း ပျော်ရွှင်တာပဲလို့ပြောပြီး အစ်ကိုလေးလည်း



www.burmeseclassic.com

www.burmeseclassic.com



တစ်အိမ်လုံးမြောက်သွားလိုက်တာ ရွှေလိုက်ဂူရှာတဲ့ ဒီတောအုပ်ကို စတင်ရောက်ပြီးတဲ့ နောက်နေ့မှာ သူတို့ပြန်တွေ့ရတော့တယ်။

မသက်ဝေဟာ အဲဒီနေ့က ချောင်းကလေးထဲမှာ ရေသောက်ဆင်းနေတယ်။ မိတ်ထဲက ချွဲလစ်လွှနေလို့ ထင်ပါရဲ့၊ ညက ဂိုဏ်းတစ်ခုကောင်းတာတွေ ဘာတွေမှာကလို့ မျက်နှာ မကောင်းဘဲ ဖြစ်နေရပါတယ်။

ရေသောက်ပြီး အဲဒီနေ့တဲ့အိတ်ကို မပြန်သေးဘဲ တစ်ခဏမှာ ထိုင်ရင်း တွေးနေမိတယ်။ ဘယ်လောက်ကြာကြာ အတွေးရေယာဉ်မှာ နစ်မွန်းနေသလဲမသိရင် အနားမှာ လူတစ်ယောက်ရဲ့လုံး ရောက်နေတာကိုမသိဘဲ ...

"ညီမလေး ... ဝေ ..."

လို့ ခေါ်လိုက်သံကြားမှပဲ အစ်ကိုလေးဝင်းနိုင်ကို အံ့အားသင့်စွာနဲ့ တွေ့လိုက်ရတော့တယ်။

အစ်ကိုတစ်ယောက်ရဲ့ကို တွေ့ရလို့ မသက်ဝေဟာ ဘယ်လိုပဲ ဝမ်းသာတဲ့အမူအရာကို ပြောင်းလွဲနိုင်ပေမဲ့၊ အစ်ကိုလေးဝင်းနိုင်ရဲ့မျက်နှာကတော့ မသာယာဘဲဖြစ်နေပြီး ...

"ညီမလေး ဝေ ... လူ့လောကမှာ မထိတယ်ပြောကြရဲ့ လားတင် ..."

လို့ မသက်ဝေကို အသေအချာကြည့်ပြီး မေးတော့တာပါပဲ။ မသက်ဝေ သိပါတယ်။ အစ်ကိုလေးဟာ မသက်ဝေကို စောစောကတည်းက အကဲခတ်နေပုံ၊ ဒါကြောင့်မို့ မသက်ဝေ ဘယ်လိုပြောပေမဲ့ အကြောင်းတွေမယ်မှတ်တော့ဘူးဆိုပြီး... မသက်ဝေရဲ့စိတ်ထဲမှာ ရှိတာတွေကို ပြောလိုက်တော့တယ်။ အဲဒါတွေကတော့ အခု ကိုဇော်တို့ ရွှေလိုက်ဂူရှာတာ မနေ့က တဲ့အကြောင်းတွေကိုပေါ့။

"ဒီတော့ ... ညီမလေးဝေက ဘယ်လိုဖြစ်ခဲ့ချင်တာလဲ"





လို့ အစ်ကိုလေးက မေးမြန်းတော့ မသက်ဝေ မပြောတတ်အောင်ဖြစ်သွားတယ်။ အစ်ကိုလေးဟာ ကိုဇော်တို့လိုမျိုး သားတွေဆိုရင် တော်တော်ပဲ မုန်းနေပုံရတယ်၊ မသက်ဝေ မှတ်မိပါသေးတယ်။ အစ်ကိုလေးကို ပထမဦးဆုံးအကြိမ် ပြန်တွေ့တုန်းက ဗိုလ်ဇော်တော့မှာ မသက်ဝေကို ရှစ်ပြီးနှုတ်ဆက်လိုက်ပါတယ်။

ဒီတော့ ... အစ်ကိုလေးဝင်းနိုင်က ဘာပြန်ပြောလိုက်တယ်ထင်လဲ။

ဒီတော့ပြောမှာလည်း မြို့ကြီးသားတွေမဟုတ်လား၊ သူတို့ကို သတိထားပေါ့ ... တဲ့၊ ညီမလေးနဲ့ ဘယ်လိုလုပ်သိသလဲ တဲ့၊ မသက်ဝေ့ကလည်း မတတ်နိုင်တော့ အားလုံး ပြောရတော့တာပေါ့။

မသက်ဝေရဲ့ယောကျ်ား ကိုဇော်ကလည်း မြို့သားတစ်ယောက်ပဲလို့ ပြောတော့မှ

"ကြော် ... ညီမလေးရဲ့ယောကျ်ားကိုဇော်ကလည်း မြို့သားပဲလား ... အင်းလေ ... ဒီလိုဆိုလည်း ဘယ်တတ်နိုင်မလဲ ..."

တဲ့ ... ။ အစ်ကိုလေးကြည့်ရတာ သိပ်တွေနပုံမရဘူး။ အဲဒီတော့ မသက်ဝေလည်း ဘယ်နှယ်ပြောရမလဲ၊ ဘာမှမပြောပြန်ရင်လည်း သူဟာသူမဟုတ်တာတွေ လျှောက်လုပ်နေမှာ စိုးရိမ်ပြန်တယ်။ အဲဒီ မသက်ဝေလည်း မတတ်နိုင်တော့ အားလုံး ကိုဇော်ကို ဒီရွှေလိုက်ဂူကြီးရှာတဲ့အလုပ်တွေ စွန့်လွှတ်ပြီး ခိုမှာအေးအေး အေးအေးနေစေချင်တဲ့ အကြောင်းပြောလိုက်တယ်။

ဒီတော့ ... အစ်ကိုလေးဝင်းနိုင်က ...

"အင်း ... ညီမလေးယောကျ်ားကလည်း အတော်ရှုပ်တာပဲ တဲ့ ..."

အစ်ကိုလေးလည်း အတော်ကြာစဉ်းစားနေပြန်တယ်။ နောက်ပြီးမှ ... ဒီရွှေလိုက်ဂူရှာတဲ့မြေပုံကို သူမသိအောင်ယူပေးဖို့၊ မြေပုံမရှိမှ ကိုဇော် ဒီမှာကပဲ



www.burmeseclassic.com

www.burmeseclassic.com



လို့ပြောတယ်။

အင်း … သူပြောတာလည်း ဟုတ်တာပဲ။ အဲဒီနေ့ ဟိုတိုရေးရင် နောက်တစ်နေ့ မနက်မှာ မသက်ဝေတစ်ယောက်တည်း တဲခန်းပေါ်မှာနေတုန်း အစ်ကိုလေးဝင်းနိုင်ရောက် လာပြန်တယ်။

"ညီမလေး မသက်ဝေ … ကိုသာမောင်ဒီရောက်သွားရင် အဲဒီ့ဂီပါဆေးကို ရေဘူးထဲမှာ ထည့်ပေးလိုက် … သူတို့ဂီပါပျက်သွားရင် ကိုယ်က မြေမှုန့်ယူထားလိုက်မယ် လို့" ပြောရင်း ပုလင်းတစ်လုံးနဲ့ စာတစ်စောင်ကိုပေးပြီး … မြင်းနဲ့ ချက်ချင်းထွက်သွား တယ် …။

ကိုင်း … ကိုယ်တို့ခမ်းယွင်းတော့တဲ့အတွက် အစ်ကိုလေးဝင်းနိုင်ရဲ့ အကြံအတိုင်း မသက်ဝေလုပ်မှန်းလည်း မသိနိုင်တော့ဖို့လို့ ရေဘူးထဲကို ဂီပါဆေးတွေထည့်ခတ်လိုက် တယ်။ အသိမ်နိမ့်မှားမှားသွားသလားဆိုတာ မသိရဘူး … အစ်ကိုလေးဝင်းနိုင်ကို နောက်ထပ် လည်း ထပ်ပြီးမတွေ့ရတော့တာ ယနေ့ယခုအချိန်ကာလအထိပါပဲ … ။

အင်း … မြစ်သမ္ဘာအကြောင်းကတော့ ဒါပဲပဲ မောင်လေးရယ်။ မသက်ဝေလည်း အခု အဒေါ်တစ်ယောက်ရှိရာ စစ်ကိုင်းဘက်ကိုသွားမယ်။ ပြီးတော့ စစ်ကိုင်းတောင်ရိုး ပေါ်မှာပဲ မသက်ဝေရဲ့ဘဝကို မလာသိလရင်အဖြစ် မြှုပ်နှံတော့မယ်လို့ ပိုင်းဖြတ်ပြီးပြီ။

မောင်လေးတို့ကို အကြောင်းမှန်ပေါ်ပြလိုက်ရပြီဖြို့ မိတ် လည်း အတော်ပေါ့သွားပါ ပြီ။ နောက်ဆုံးမတော့ မသက်ဝေ တရားခံဟာ… တရားခံပါပဲ၊ ဒါပေမဲ့ မသက်ဝေ တမင်လုပ်တာကိုတော့ ဘိတွေ့နိုင်တယ်။ မောင်လေးတို့ မသက်ဝေကို တောထဲမှာ ပစ်ထွက်သွားကြတာဟာ ယဉ်ယဉ်လေးနဲ့ အပြစ်ပေးတာပေါ့နော် … ။

ဒါပေမဲ့ … မသက်ဝေ အရှိတော့ မသက်သာလှပါဘူးကွယ်။ တကယ်ဆိုတော့





မသက်ဝေဟာ လူ့ဘဝအလယ်မှာ တစ်ယောက်တည်းနေရဖို့ လှမ်းလာတာပဲလို့ မသက်ဝေ ယူဆမိတယ်။ ရှိသမျှ အပြစ်တွေကိုခွင့်လွှတ်ပါ မောင်လေးရယ်… မောင်ခင်မောင်ဦး ကိုလည်း ပြောပေးပါနော် … ။

အမိုက်မ

မသက်ဝေ

* * *



www.burmeseclassic.com

www.burmeseclassic.com









## စာတော်ကြောင်းပြန်နိမိတ်တံခေါ်လည်း

စာမှာ ဤတွင် ပြီးဆုံးသွားပြီး အောက်၌ အမိုက်မ(မသက်ဝေ)ဟူ၍ ရေးထိုးထားသည်ကိုပါ ကျွန်ုပ်တို့ဖတ်လိုက်ရလေ၏။

ထို့နောက် စာဖတ်ပြီး ကာယကံရှင် ကိုဘမော်ကို ပေးလိုက်ရာ ကိုဘမော်လည်း စာကိုအိတ်ထဲတွင် ပြန်ထည့်ကာ အောက်ပါအတိုင်း ဆက်လက်၍ ပြောပြန်လေတော့သဖြင့် ကျွန်ုပ်နှင့် သူငယ်ချင်းမောင်သိန်းဆွေတို့လည်း ဆက်လက်နားထောင်နေရပြန်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်လည်း ဟောဒီစာကိုဖတ်ပြီးတဲ့အချိန်မှာ ဦးဒိုးလုံးကြီ
ရောက်လာတယ် ... ခုနက လူမတွေ့လို့ ဒီစာကို သူထ
ပေးတဲ့အကြောင်း ... မသက်ဝေလည်း မီးရထားနဲ့ စစ်ကိုင်
ဘက်ဆီသို့ ထွက်သွားတဲ့အကြောင်း ... လူကြုံကောင်းမြ
သော သီလရှင်မကြီးဒေါ်ပုညခင်နှင့် တွေ့သဖြင့် ... သူ
ရစ်တဲ့အကြောင်းတွေ ပြောပြတော့မှ ကိုယ်လည်း ရှင်းသွ
တော့တယ် ... "

"ဒီတော့ ... ကိုယ့်က မသက်ဝေရဲ့အစ်ကိုလေး ဝင်းနိုင်
တာဟာ ... ဘယ်သူလဲ သိလားလို့မေးတော့ မသိဘူး
ပြောတယ် ... နောက်ပြီးမှ ကိုရွှေလှိုင်ကိုတွေ့အောင်
ပါ ... သူ့ဆီက အကူအညီရနိုင်လိမ့်မယ်လို့ ပြောသွားတယ်"

"ကိုယ်လည်း သိချင်တာနဲ့ လိုက်လာခဲ့တာ ... မသက်ဝေ
ရှာရင်း ... ကိုရွှေလှိုင်ဆီမှာ အခုတည်းနေတာပဲ။ ကို
ဒီရောက်နေတာ (၃)ရက်ရှိသွားပြီ။ ကိုရွှေလှိုင်ကလည်
စောင့်ပါ။ သူကိုယ်တိုင်လိုက်ရှာပေးပါ့မယ်လို့ ပြောတာ
ကိုယ်လည်း သူ့ကိုစောင့်နေတာ ... ကိုရွှေလှိုင်ကို ကို





အခုမှ သိရပေမဲ့ သူ့ကို ကိုယ်သိပ်သဘောကျတယ် ... တကယ်လည်း ယုံကြည်ရမဲ့လူပဲ ... အလိုက်သိတယ် ... ယောကျ်ားပီသပြီး ... သတ္တိဗျတ္တိစွန့်စားဝံ့တဲ့ လူစားတစ်ယောက်ပဲ ... အသက်ငယ်ပေမဲ့လည်း အတွေ့အကြုံများပြီး နေရာတကာနံ့စပ်ပြီး လူ့လောကအကြောင်းကို ကောင်းကောင်းသိထားတဲ့ လူတစ်ယောက်ဆိုရင် မမှားပါဘူး ... သူ့လုပ်ငန်းတစ်ခုပဲ ပြောစရာရှိတယ် ... "

"ပြီးတော့ ... အေးစက်စက်နဲ့စိတ်လည်း အတော်ခက်ထန်တာကို တွေ့ရတယ် ... ဘာမဆို သွေးအေးအေးနဲ့ လုပ်ဝံ့တဲ့လူပဲ ... ဒါကြောင့်လည်း ဒီအလုပ်ကို နိုင်နင်းအောင်လုပ်နိုင်တာပေါ့လေ ... ဥပဒေကျော်ခိုင်းရတဲ့ မှောင်ခိုအလုပ်တွေကို စွန့်လွှတ်ဖို့ ကိုယ်ပြောကြည့်တော့ ... ဒီတစ်ခါ သူ့အကြံအောင်ရင် စွန့်လွှတ်ဖို့ ဆုံးဖြတ်ပြီးတဲ့အကြောင်း ကိုယ့်ကိုလည်း ကတိပေးပါတယ် ... "

"ကိုယ်ကလည်း သူလိုချင်တဲ့ ရွှေလိုဏ်ဂူမြေပုံကိုပေးဖို့ သဘောတူလိုက်တယ် ... သူ့မှာအလုပ်ကောင်းတစ်ခုရှိနေ



www.burmeseclassic.com

www.burmeseclassic.com



ရင် လက်ရှိအလုပ်ကို ဘာဂရုစိုက်မလဲတဲ့ ... ဒါတောင် သူ့အကြောင်းစုံကို ဆားပုလင်းစုံထောက်တွေဆီ ဘယ် လောက်သတင်းရနေသလဲ မသိနိုင်ဘူး ... ဒီလိုဖြစ်ရတာဟာ သူ့အပြစ်ပဲလို့ ပြောတယ် ... ဖြစ်ပုံက ... "

ဟု စကားကိုရပ်ထားရင်း ကိုဘခေါ်(တစ်ဖြစ်လဲ ကိုဘမော်လည်း စီးကရက်တစ်လိပ်ကို မီးညှိသောက်နေပြန်၏ ကျွန်ုပ်တို့လည်း ကိုယ်စီကိုယ်ငှ စီးကရက်ကို ပါးစပ်တွင် ခဲထားကြ ပြန်ရင်း ... ကိုဘမော်စကားဆက်မည်ကိုသာ စောင့်စားနေကြသေး ၏။

"သူ့တပည့်တစ်ယောက်ကို သူ့စကားကို နားမထောင်တာနဲ့ ပြင်းပြင်းထန်ထန်ဆုံးမလွှတ်လိုက်မိတယ်တဲ့ ... အဲဒီကောင် ကလည်း ရဲဌာနကို သတင်းပေးပြီး ... တစ်ခါတည်း ထွက် ပြေးသွားတယ် ... တပည့်တွေနဲ့ လုပ်ရတဲ့အလုပ်ဟာ ဘယ် တော့မှ စိတ်မချရဘူးတဲ့ ... သူ့အလိုဆိုရင် ဘယ်နည်းနဲ့ ဒါလောက်စိုးရိမ်ကြောင့်ကြစရာ မရှိဘူးတဲ့ ... ဒါကြောင့် လည်း တတ်နိုင်ရင် ... ကိုယ်တိုင်ကျဲတာ များပြီး အလွန်





စိတ်ချရမဲ့ တပည့်တွေပဲ ထားတယ်တဲ့ ... နောက် ... သူက ပြောသေးတယ် ... "

"သူ့မိဘတွေ ဆုံးသွားပြီးတဲ့နောက် သူလည်းလေလွင့်နေ လိုက်တာ ပြန်ရောက်တဲ့အခါကျတော့ ... သူတို့ပစ္စည်းတွေ ဟာ အားလုံးလိုလိုပဲ သူ့အဖေမိဘတွေရဲ့ သတ္တုတွင်းတွေကို အုပ်ချုပ်တဲ့မန်နေဂျာလူမျိုးခြားလက်ထဲမှာ ရောက်နေပြီး သူ့ကိုပဲ အရှုံးလုပ်ခံရသေးတယ်တဲ့ ... ဒါနဲ့ ဆိုင်ရာကနေပြီး လုပ်ပြန်တော့လည်း အကြောင်းမထူးဘူးတဲ့ ... ဒီအချိန်မှာ သူဟာလည်း တစ်ကောင်ကြွက်နဲ့ ဘာမှမထူးဘဲဖြစ်နေပြီး စိတ်ကလည်း ဆတ်ဆတ်နဲ့ ... ထင်ရာလျှောက်လုပ်နေ လိုက်တာ အခုအချိန်ထိပါပဲလို့ ပြောတော့ ... ကိုယ်လည်း သူ့အတွက် တကယ်ပဲစိတ်မကောင်းဖြစ်မိတာပါ ... "

"နောက်ဆုံး အားလုံးကို ခြုံကြည့်လိုက်ရင် သူ့ဘဝဖြစ်စဉ် ကလေးဟာ မှတ်တမ်းတင်လောက်အောင် ... သင်ခန်းစာ ကလေးတွေနဲ့ ပြည့်နေတယ် ... နဂိုမူလက မဟုတ်မခံစိတ် ကလေးရှိနေတော့ သူလည်း လူကောင်းကနေပြီး ပတ်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



ကျင်ရဲ့ ပြောင်းလဲဖန်တီးမှုကြောင့် ဆိုးမှန်းမသိ ... ဆိုးသွားရတာပဲ ... ဒါကြောင့်လည်း ကိုယ်က ရွှေလိုဏ်ဂူတွင်းကိစ္စကို သူ့သဘောကျ စီမံခွင့်ပေးလိုက်တယ် ... တကယ်အောင်မြင်လာရင်လည်း အညီအမျှ အကျိုးခံစားကြဖို့ပဲ ... အဲဒါ မင်းကတော့ ကိုယ်တို့နဲ့ ကံတူအကျိုးပေးလို့ လိုက်ချင်ရင် ကိုယ်နဲ့လိုက်ခဲ့ဖို့ပဲ ... ဒီကိစ္စအတွက်နဲ့ မင်းကိုတွေ့ချင်နေတာပဲ မင်းဆီမှာလည်း မြေပုံတစ်ခုရှိသေးတယ် မဟုတ်လား ... နောက်ပြီး မသက်ဝေကိုလည်း သိပ်ပြီးစိတ်မချဘူး ... ကိုဌေးလှိုင်ကိစ္စ အေးရင် ... အေးခြင်းသွားဖို့ စီစဉ်ထားတယ်"

ကိုဘမော်သည် ဤသို့ မရပ်တမ်းပြောချသွားရာပြီးလျှင် စိတ်အတော်ပေါ့ပါးသွားပုံရ၏။ ကျွန်ုပ်လည်း နားထောင်နေရာမှ လှမ်း၍မေးလိုက်လေ၏။

"ဒီကိစ္စနဲ့ပတ်သက်ပြီး ... ကိုဌေးလှိုင်ရဲ့သဘောထားက ဘယ်လိုနေလဲ ... "

"အဲ ... ကိုယ်လည်း သူ့ကို မသက်ဝေရေးထားတဲ့စာပါ ပြ





လိုက်တယ် ... ကိုယ်နဲ့ အတော်ရင်းနှီးနေပြီး အကူအညီလည်း လိုချင်တာကြောင့် အဖြစ်အပျက်အမှန်ကို သိရအောင်ပဲ ... ဒီလူ ကိုဌေးလှိုင်ဟာ အတော်ထူးဆန်းတယ်လို့ ဆိုရမယ် ... အဆွေးဓာတ်ရှိနေတဲ့ လူတစ်ယောက်ကိုပဲ ပြုံးခါ ရယ်ခါလည်းနေတာ မတွေ့ရဘူး ... ဒါကြောင့်မို့နဲ့ တူပါရဲ့ ... မသက်ဝေရဲ့စာကိုဖတ်ရတော့ သိသိသာသာကြီး စိတ်ထိခိုက်သွားပုံရတယ် ... "

"ဩော် ... လူဆိုတာ ဘယ်လိုပဲမိုက်မိုက်ကန်းကန်းနဲ့ စိတ်ကိုယ်ကြွမ်းကြွမ်းဖြစ်ပါစေ ... ကရုဏာစိတ်နဲ့တော့ မကင်းနိုင်ပါကလားရယ်လို့ အောက်မေ့မိတယ် ... နောက် သူက ကိုယ့်ကို ... ဒီမယ် ကိုဘမော် ... ခင်ဗျားရဲ့သဘောထားက ဘယ်လိုလဲ ... လို့ မေးတယ် ... "

"ကိုယ်ကလည်း အစကတော့ မသက်ဝေကို စိတ်နာခဲ့တာမှန်ပေမဲ့ ... မသက်ဝေရဲ့ အပြစ်မဟုတ်ဘူးလို့ ယူဆမိတဲ့အပြင် သေတဲ့လူလည်း သေပြီမို့ အကြောင်းမထူးပါဘူး ... ကိုယ့်အစ်ကိုရဲ့ ဇနီးတစ်ယောက်လုံးကို ခွင့်လွှတ်သင့်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း တတ်နိုင်သလောက် စောင့်ရှောက်ဖို့ရာ ရည်ရွယ်တယ်လို့ပြောတော့ သူတော်တော်ပဲ ကျေနပ်သွားတယ် … ပြီးတော့ … ”

“သဘောထားကြီးပါပေတယ်ဗျာ … လို့ပြောပြီး … ကျွန်တော်လည်း မသက်ဝေကိုလိုက်ရှာပေးပါ့မယ် … မပူပါနဲ့ အခုတော့ … အလုပ်များနေလို့ ခင်ဗျားလည်း ခရီးပမ်းနေသေးတယ် … (၁)ရက် (၂)ရက်လောက်တော့ နားပါဦးတဲ့… နောက်ပြီး မသက်ဝေရဲ့အစ်ကိုဝင်းနိုင်အပေါ်မှာရော… ဘယ်လိုသဘောထား ပါသလဲလို့ မေးပြန်တော့ …

“ကိုယ်လည်း … ဒါလည်း သူ့ရဲ့စိတ်ထားအပေါ်မှာ မူတည်ပြီးသူ့ရဲ့အပြစ်ကို ဆုံးဖြတ်ရမှာပဲ …ကိုယ့်အစ်ကိုတစ်ယောက်လုံးကို သတ်လိုက်တဲ့လူမို့လို့ ခွင့်လွှတ်နိုင်ဖို့ရာ ခဲယဉ်းပါတယ်လို့ ပြောပြလိုက်တယ် … ဒီတော့ သူက ဘာပြန်ပြောလိုက်တယ် ထင်သလဲ … ”

“ပြီး … ပြီးသားတွေ ပြီးပါစေတော့လားဗျာတဲ့ … ”

“စိတ်မသက်မသာနဲ့ ပြောလိုက်ပုံကြားရတော့ ကိုယ်လည်း





အတော်ကြီးအံ့အားသင့်သွားတာပေါ့ … ဒီလူတစ်ယောက်ရဲ့ ပါးစပ်က ဒီစကားမျိုးထွက်လာလိမ့်မယ်လို့ လုံးလုံးမမျှော်လင့်ဘူး … အင်း … ဒီလူဟာ သူတော်ကောင်းစိတ်ဖြစ်ချင်ဖြစ်တော့လည်း မြန်လှချည်လားလို့ အောက်မေ့မိတယ် … ဒါပေမဲ့လည်း နောက်ဆုံးတော့ ကိုယ့်ရဲ့ဆန္ဒကို သူလိုက်လျောပါတယ် … ခင်ဗျားတွေ့ချင်နေတဲ့ မသက်ဝေရော သူ့အစ်ကိုဝင်းနိုင်ကိုပါ တွေ့ရပါစေ့မယ် … ကျွန်တော်ကတော့ အကြောင်းသိပြီးမို့ ပြောရတာပါ … တကယ်ပဲ ခင်ဗျားအစ်ကို့ကို ဒီလိုပဲ ကြံစည်ခဲ့ရိုးမှန်ရင်လည်း သူတို့မှာ လုံလောက်တဲ့အတွင်းရေး တစ်ခုခုရှိလိမ့်မယ် ထင်ပါရဲ့ … လို့ပြောပြီး ကိုယ်မကျေနပ်နိုင်မှန်းသိတော့ … အဲလေ … ဘာပဲဖြစ်ဖြစ် တရားတဲ့အတိုင်းတော့ ဖြစ်ရစေမယ် … ကျွန်တော်ကတိ ပေးပါတယ်ဗျာ … ခင်ဗျားမှာသာ တကယ်တမ်းကျတော့ ရင်ဆိုင်နိုင်ပါစေလို့ ပြောတယ် …”

“ကဲ … မောင်ခင်မောင်ဦး … မင်းပဲ စဉ်းစားကြည့်တော့ ကိုယ့်အပေါ်မှာ လူတစ်ယောက်က သတ်လောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းရှိမယ် ... ဆိုတာကို ကိုယ်ကလုံးဝလက်သင့်မခံ နိုင်ဘူးကွ... ဒါပေမဲ့လည်း သူ့အနေနဲ့တော့ မိတ်ဆွေကောင်း တစ်ယောက်အနေမျိုး ကာကွယ်ရှာတာမို့ ... တရားေ သားပဲလို့ ကိုယ်ကနားယူဆလိုက်ပါတယ် ... ”

“အို ... သူကတော့ လက်တုံ့ပြန်တယ် ... ရန့်ရန်ခြင်း တုံ့ နှင်းတယ်ဆိုတာ ... တကယ်တမ်းကျတော့ ယောကျ်ားပီသ ပြီး ... သတ္တိရှိတဲ့လူတွေ မလုပ်သင့်ဘဲ ခွင့်လွှတ်နိုင် တကယ်မြင့်မြတ်ရာရောက်တဲ့အကြောင်း ... သူလည်း နာ က ကိုယ့်လိုပဲ ကိုယ့်ထက်တောင် ဆိုးလိုက်သေးတယ်တဲ့”

“ဒါပေမဲ့ ... နောက်ဆုံးတော့ ဒီအလုပ်တွေဟာ မှားပါလား ဆိုတာကို သူ့ကိုယ်တွေ့အရ သိပြီးမို့ ကိုယ့်ကိုလည်း အစ်ကို အရင်းတစ်ယောက်လို ခင်မင်နေမိတဲ့အတွက် ... အခုလ ပြောရတာပါလို့ ... ရှင်းပြပြန်တော့ ကိုယ့်စိတ်တော အတော်အပျော့သွားတယ်ကွာ ... ”

“ဒါပေမဲ့ ... မဖြစ်နိုင်ဘူး မသက်ဝေရဲ့ အစ်ကိုရင်းဖြစ်နေသ မဲ့လည်း ... ကိုယ့်စိတ်ထဲမှာတော့ အသက်ပေးချစ်ကြ





ညီ အစ်ကိုနှစ်ယောက်ကို ခွဲသွားတဲ့ လူတစ်ယောက်အနေနဲ့ သာ... မြင်နေမိပြီး ဘယ်ကျေနပ်နိုင်ပါ့မလဲ ... မသက်ဝေကို ပြန်ခေါ်ရတာတောင် ကိုယ်မို့သာ ... တကယ်ဆို ညီလေး ဘဇော်သာ ... အမှန်တကယ် လူပြည်မှာ အသက်ရှင်ကျန် နေမယ်ဆိုရင် ဝေးသေးပေါ့ ... ”

“အင်း ... လူသတ်သမားဟာ လူသတ်သမားပါပဲ ... ခွင့် လွှတ်နေဖို့ မလိုပါဘူး ... ကိုဘဇော်ပြောတာ တရားနည်း လမ်းကျပါတယ် ... ”

ဟု ကျွန်ုပ်က ထောက်ခံမိရာ သူငယ်ချင်းမောင် သိန်းဆွေက ပြုံးကြည့်ရင်း ကိုဘမော်ဘက်သို့ လှည့်ကာ ...

“ဒီနေရာမှာတော့ ကျွန်တော်နဲ့ သဘောခြင်းမတိုက်ဆိုင်ချင် ဘူး ... ကျွန်တော့်သဘောအရတော့ ... ကိုဌေးလှိုင်ပြော သလိုပဲ ... ပြီး ... ပြီးသားတွေကို မေ့ပစ်လိုက်ကြပြီးတော့ အကျိုးမရှိမဲ့ ကိစ္စမျိုးကို မကြံစည်ကြပါနဲ့တော့လို့ တိုက် တွန်းချင်ပါတယ် ... အဲ ... ပြီးတော့ ... မသက်ဝေကိုလည်း တွေ့အောင်မရှာရင်လည်း အကောင်းဆုံးပါပဲ ... ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် ကိုဘမော်နေရာမှာဆိုရင် ... ဒီအတိုင်းပဲ ပြုမိမှာပါပဲ ခင်ဗျာ ... ”

လို့ ပြောလိုက်တော့ ကျွန်ုပ်ပင် မောင်သိန်းဆွေ စကားကြောင့် အနည်းငယ်အံ့ဩမိလေသည်။

သူငယ်ချင်းမောင်သိန်းဆွေပြောလိုက်သည်မှာလည်း အကောင်းဆုံး၊ အအေးဆုံးနည်းလမ်းဖြစ်ပေသည်။ သို့ရာတွင် ကိုဘမော်၏ အကြောင်းကိုတော့ ကျွန်ုပ်ကိုယ်တိုင်သိရှိပြီးဖြစ်နေရာ ဘယ်နည်းနှင့်မျှ သူ့ညီအတွက် အလျှော့ပေးမည့်သူကားမဟုတ်ချေ။

ထို့ကြောင့် ... ကိုဘမော်တစ်ယောက်လည်း ခေါင်းကိုသာ တွင်တွင်ရမ်းနေရာမှ ...

“မောင်သိန်းဆွေက အခုလိုအကြံဉာဏ်ပေးတာကို အမှန်တော့ ... ဝမ်းသာဖို့ပါပဲ ... သို့ပေမဲ့ ... ကိုယ့်နေရာမှာ တကယ်တမ်းဝင်မကြည့်သေးလို့သာ ဒီလိုပြောနိုင်တာပဲလို့ ကိုယ်ကတော့ ထင်မိတယ် ... အဟုတ်ဖြစ်လာပြီဆိုတော့ ကိုယ့်အပေါ်မှာ မတရားကျူးလွန်တဲ့ ရာဇဝတ်ကောင်တစ်ယောက်ကို ... ဘယ်လိုသဘောထားလာတယ်ဆိုတာ –





သိလာပါလိမ့်မယ် ... ”

လို့ပြောပြီး သူ၏ဘောင်းဘီရှည်အိတ်ထဲမှ ၃၂ဘို့ ပစ္စတိုကလေးကို ထုတ်ယူပြီး တဆဆလုပ်နေရင်း ...

“အခုအချိန်မှာတော့ ... ဒါလေးကို အမြဲဆောင်ထားနေရတာပါပဲကွာ ... ”

ဟု ကျွန်ုပ်အားပြောရင်း မဂ္ဂဇင်းကို ဖြုတ်လျက် ကျည်ဆန်များကိုကြည့်ရှုကာ ပြန်၍နေရာတကျပြန်တတ်လိုက်လေသည်။

မောင်သိန်းဆွေမှာလည်း ကိုဘမော်၏လက်တွင်း = သေနတ်လေးကို မျက်စိကစားရင်း= တစ်စုံတစ်ခုကို ကျေနပ်နှစ်သိမ့်သွားပုံရကာ ...

“အင်း ... ကိုဘမော်တို့လည်း ဒုတိယကမ္ဘာစစ်အတွင်းတုန်းကရန်သူတွေနဲ့ တော်တော်ရင်ဆိုင်တွေ့ခဲ့ရမှာပဲနော် ... ”

ဟု ပြောလိုက်ရာ ကိုဘမော်လည်း ဖျတ်ခနဲ မော့၍ကြည့်လိုက်သည်တွင် ...

“အင်း ... ကိုယ်တို့လည်း အင်္ဂလိပ်နဲ့လည်း တိုက်ရ ... ဂျပန်



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့လည်း တိုက်ရတာနဲ့ တိုက်ပွဲပေါင်း မနည်းတော့ဘူး ပေါ့ကွာ.... ”

“အစောတုန်းက ... ကျွန်တော်က အမြင်တစ်မျိုးနဲ့ ကြည့် ပြောရတာပဲ ... ဘယ်လိုမှ မအောက်မေ့ပါနဲ့နော် ... ကျွန် တော်တို့က ကိုယ်ဘမော်ကို အစ်ကိုကြီးတစ်ယောက်လို ခင်မင်လို့ ကိုယ်လိုရာကို အစွမ်းရှိသလောက် ပြောမိတာပ ကျွန်တော်တို့ကိုလည်း ညီအစ်ရင်းတွေလိုအောက်မေ့ပြီး အခုလို ယုံယုံကြည်ကြည် ဖွင့်ဟတိုင်ပင်တဲ့အတွက်လည်း ကျေးဇူးလည်း တင်ပါတယ် ... ဘယ်လိုကိစ္စမျိုးကိုမဆို ကျွန်တော်ကတော့ တတ်နိုင်တဲ့ဘက်က ကူညီဖို့ရာ အဆင် သင့် ရှိပါတယ် ... ”

ဤသို့ ပြောလိုက်သဖြင့် ကိုဘမော်လည်း မောင် သိန်းဆွေအား တကယ်ပင် ကျေနပ်သွားကာ ...

“အေး ... ဒီလိုစကားမျိုးကြားရလို့ ဝမ်းသာပါတယ် ... မင်း တို့ပေးထားတဲ့ ကတိအတိုင်းသာ ဒီကိစ္စတွေကို မင်းတို့စိတ် ထဲမှာ ထားကြဖို့သာ မမေ့ကြပါနဲ့ ... ”





ဟုပြောရင်း သူ၏သေနတ်ကို အိတ်ထဲတွင် ထည့် လိုက်ပြီး မျက်နှာကို လက်ကိုင်ပဝါဖြင့် သုတ်နေလေသည်။ ပြီး တော့ သူ့အကြောင်းကို ဆက်ပြောနေပြန်တော့၏။

“အဲ ... ကိုယ်လည်း ဦးဒိုးလုံးနဲ့ တွေ့ပြီးတဲ့နောက် ... ကို ဌေးလှိုင်ဆီတန်းသွားတာပဲ...ဥပဒေဘက်ကလူတွေကလည်း တော်တော်ကို သွက်ကြတာပဲ ... ကိုယ်လည်း အိမ်ထဲ ရောက်သွားရော ... သူ့တပည့်တွေအားလုံး ဖမ်းထားပြီး တစ်အိမ်လုံး မွှေနှောက်ရှာနေတာကို တွေ့ရတော့တာပဲ တော်ပါသေးတယ် ... ကိုဌေးလှိုင်က ပိပိရိရိလုပ်နိုင်ခဲ့လို့ ဘာမှမသင်္ကာစရာမတွေ့ရတဲ့အပြင် သူ့တပည့်တွေက လည်း ... အဖမ်းခံရပေမဲ့ သူ့အကြောင်းမှန်ကို ဘူးကွယ်ကြ တယ် ... ”

“သတင်းပေးတဲ့ကောင်ကလည်း သက်သေအကိုးအကားနဲ့ တိတိကျကျမပေးနိုင်ဘဲ ... သက်သေမခိုင်လုံကြောင်းကို သိကြပုံသာမကဘူး ... သူတို့ဆရာ ကိုဌေးလှိုင်ကို အား ကိုးယုံကြည်စိတ်ချပြီးဖြစ်နေပြန်တယ် ... ”



www.burmeseclassic.com

www.burmeseclassic.com



"ကိုဒွေးလှိုင်ကလည်း ခရီးများတာမို့ ... သူ ဘယ်မှာနေတယ်ဆိုတာ ... ဘယ်လိုမှ စုံစမ်းလို့မရဘဲ အကျပ်ရိုက်နေကြတယ် ... အခုအခြေအနေအတိုင်းဆိုရင် ကိုဒွေးလှိုင်ကိုတွေ့အောင်ရှာနိုင်တောင် ... သူတို့ ဘာမှ မတတ်နိုင်ပါဘူးအဲ ... နဂိုက သက်ကမကောင်းဖြစ်နေတာရယ် ... သတင်းပေးတဲ့လူက သေချာပေါက်သတင်းပေးထားတာရယ် ... သူတို့မကျေနပ်ဖြစ်နေကြတာကိုး ... "

"ဒီအထဲ ကိုယ်သေပြီလို့ မှတ်နေလေတော့ ... ဂြိုဟ်ကျတော့တာပေါ့ကွာ ... ဟို ... နှုတ်ခမ်းမွေးကားကားနဲ့ အဘိုးကြီးပေါ့ကွ ... မောင်ခင်မောင်ဦးရ ... သူက အခု အင်စပက်တော်ကြီးထင်ပါရဲ့ ... "

"ကဲ ... မောင်ဘဇော် ... မင်းက ဒီကိုဘာလာလုပ်တာလဲတဲ့ ... မင်းလည်း သတိထားပြီး ခြေလှမ်းပါ ... ဒီက ရှေ့လျှောက် ဘာညာနဲ့ ကိုယ့်ကိုရော ကြိမ်းတော့တာပဲ — အဲ ဒါပေမဲ့ ကိုဒွေးလှိုင်ကို မမိရင်ပြီးတာဘဲဆိုပြီး ... ကိုယ်လည်း အတော်ရော်အောင့်ဖြီးကာ လစ်လာခဲ့တာပဲ... သူတို့





ကတော့ သိပ်ကျေနပ်ပုံမရဘူး ... ကိုယ့်ပါ မသင်္ကာဖြစ်လာတော့တယ် ... နောက်ပြီး ... ကိုယ်နဲ့ ကိုဒွေးလှိုင် အဆက်အသွယ်ရှိရမယ်လို့ ... တစ်ထစ်ချ ယူဆထားပုံရတယ် ... ဘာကြောင့်လဲဆိုတော့ အဲဒီက ... ရှေ့ ကိုယ့်ကို အမြဲတမ်းလိုက်ချောင်းနေတဲ့ လူတစ်ယောက်ကို သတိပြုမိနေတာကိုး ... အင်း ... ဒီတော့ ကိုယ်ဘယ်ကိုသွားသွား သတိပြုမိတော့တာကိုး ... အင်း ဒီတော့ ကိုယ်ဘယ်ကို သွားသတိရသလဲဆိုတော့ ... ကိုယ်တို့စစ်ထဲမှာနေတုန်းက အရေးရှိရင်သုံးတဲ့ ရုပ်ဖျက်ကိရိယာပဲ ... "

"ဒီဟာ ... ကိုယ့်ဆီမှာ ရှိနေသေးတာနဲ့ ကောင်းကောင်းကြီးအသုံးချပြီး စိတ်ချလက်ချကို နောက်ကိုလိုက်လာနိုင်တာပေါ့ ... အခု ကိုယ်အသုံးပြုထားတာ နည်းနည်းပဲရှိသေးတယ် ... ဒါတောင် မင်းမမှတ်မိဘူး ... မိုးကုတ်မြေကထွက်လာစတုန်းက မျက်နှာအသားအရည်ကိုပါပြောင်းထားတာမို့ ... သူ ကားဂိတ်မှာ ဦးဒိုးလုံးနဲ့ ပက်ပင်း သွားတိုးတာတောင် သူကိုယ့်ကို လုံးလုံးမမှတ်မိရှာဘူး ... အေး ကိုယ်ပါ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားတာ သိကြရင်တော့ ဘယ်လိုနေကြမလဲ မသိဘူး ... အင်စပက်တော်အဘိုးကြီးတော့ နှုတ်ခမ်းမွှေးတွေထောင်နေအောင် စိတ်ဆိုးနေမှာ မြင်သေးတယ်ကွာ — သူအစောင့်ချထားတဲ့ကောင်လည်း သက်သာမယ် မဟုတ်ဘူး ... ဟား ... ဟား ... ဟား ... ”

ဟုပြောရင်း ကိုဘမော်မှာ အကျေနပ်ကြီး ကျေနပ်ကာ အသံများပင် ထွက်အောင်ရယ်နေလေ၏။

နောက် ... ကိုဘမော်လည်း ထိုင်နေရာမှ ထလိုက်ကာ ရယ်လိုက်သောအချိန်တွင် ကျွန်ုပ်တို့ ဓာတ်ကြောင်းပြန်ပြောဆိုပြီးချိန်လောက်တွင်မှ မောင်သိန်းဆွေနှင့် ကျွန်ုပ်တို့၏သူငယ်ချင်းဖြစ်သူ မောင်မောင်ကြီးဆိုသူက မပြောမဆို တံခါးကိုဆွဲဖွင့်ဝင်လာလေသည်။

“ဟော့ကောင်တွေ ... မင်းတို့ ထမင်းစားပြီးကြပြီလား ... ”

“အေး ... ကိုယ်တို့လည်း စားမှာပါကွ ... ဒီမှာ ခင်မောင်ဦးရဲ့အစ်ကိုကြီးတစ်ယောက်ဖြစ်သူကိုဘမော် ဧည့်သည်အဖြစ်ရောက်နေလို့ဟေ့ ... ”





မောင်သိန်းဆွေလည်း သူငယ်ချင်းမောင်မောင်ကြီးကို အကျိုးအကြောင်း လှမ်းပြောလိုက်သည်။

ပြီးလျှင် ... ကျွန်ုပ်က ကိုဘမော်အားလည်း ...

“ကျွန်တော်တို့နဲ့ ထမင်းအတူစားပြီးမှ ပြန်ပါလား ... ”

ဟု ဖိတ်ခေါ်လိုက်သည်ကို ကိုဘမော်လည်း ငြင်းဆန်ကာ အခန်းတွင်းမှ ထွက်သွားလေတော့သတည်း။

* * *



www.burmeseclassic.com

www.burmeseclassic.com









တစ်နေ့တွင် ကျွန်ုပ်တို့၌ အရေးပေါ်လာခဲ့ပေ၏။

"ဟ ... မောင်သိန်းဆွေ ... မြန်ဆန်လှချည်လားကွ ... ပြီးပြီလား ... "

"အေး ... မြန်မြန်လုပ် ကိစ္စပေါ်လာပြီ ... မြို့ပြင်ပွဲရုံကို သွားကြမယ် ... "

ကျွန်ုပ်လည်း မောင်သိန်းဆွေတွင် လုံလောက်သော အကြောင်းထူးရှိရပေမည်ဟု အတတ်တွေးကာ ထခဲ့ရလေရာ နေရာတကာတွင် လိုက်၍ ရှုတ်နှောက်တတ်သော မောင်မောင်ကြီးလည်း ထလိုက်လာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကျွန်ုပ်တို့လည်း ကျောင်းရှေ့ရှိ ဘတ်စ်ကားမှတ်တိုင်မှ လိုင်းကားကိုပင် စီးလိုက်လာကြပြီး မကြာမီပင် မောင်သိန်းဆွေ၏ဦးလေးအိမ်ရှိရာ မြို့ပြင်ပွဲရုံထဲသို့ ရောက်လာကြသည်။

သီတင်းကျွတ်ချိန်ဖြစ်သဖြင့် မန္တလေးထုံးစံအတိုင်း အနီးရှိဘုရားမှလည်း ဆွမ်းကြီးလောင်းပွဲရှိနေသောကြောင့် ထိုနေရာတွင် ရှုပ်ယှက်ခတ်လျက်ရှိရာ စည်ကားနေ၏။ မနေ့ညက ဇာတ်ပွဲ ကထားသဖြင့်လည်း အမှိုက်တွေ ရှုပ်ပွနေသည်။

အိမ်ရှေ့အဝင်ဘေးရှိ အမှိုက်ပုံ သံစည်ပိုင်းကြီးမှာလည်း အမှိုက်များဖြင့် ပြည့်လျှံ၍နေ၏။ ပွဲရုံအိမ်ပေါက်ဝ၌ကား ဗျောက်အိုးဖောက်ထားသော အပိုင်းအစများဖြင့် ဗလပွကျဲလျက် နေသည်ကိုတွေ့ရလေရာ ညက အတော်ပျော်လိုက်ကြပုံရလေသည်။

ကျွန်ုပ်တို့လည်း ကိုဘဇော်ဆိုသူ ဧည့်သည်အား တွေ့လိုကြောင်းပြောပြ၍ ပွဲရုံအိမ်ထဲသို့ ဝင်ခဲ့သည်။

(အမှန်စင်စစ် ကိုဘဇော်မှာ သေဆုံးသူ အမြွှာညီ





အစ်ကို ကိုဘဇော်နာမည်ကိုယူ၍ ကိုဘဇော်အဖြစ်နေခဲ့ကြောင်း အရှေ့ခန်းများတွင် ဆိုခဲ့ပြီးဖြစ်၏။

စာရေးသူ။)

သို့ရာတွင် ကိုဘဇော်မှာ အစောတုန်းကပင် ပြန်သွားပြီဖြစ်ကြောင်း သိရလေသည်။ ကိုဋ္ဌေးလှိုင်ကို မေးမြန်းသောအခါတွင်လည်း ...

"ဘယ်သွားတယ် မသိပါဘူး ... မနက်ကတည်းက မတွေ့မိသေးပါဘူး ..."

ဟုပြောပြီး အခြားလူများကပင် လှမ်း၍မေးနေရာ ဦးဒိုးလုံးရော၊ ကိုဋ္ဌေးလှိုင်ပါ တွေ့လိုသူမရှိကြပေ။ ကျွန်ုပ်တို့အား ကိစ္စရှိပါက စောင့်ကြရန်ပြောရာ မောင်သိန်းဆွေနှင့် မောင်မောင်ကြီးတို့လည်း ရရှိသောအခွင့်အရေးကို လက်လွတ်မခံဘဲ လှည့်ပတ်၍သာ မေးလေတော့၏။

"အင်း ... ကိုဘဇော်တစ်ယောက်လည်း ဘယ်များသွားနေပါလိမ့် ... မနေ့ကတောင် ကျွန်တော်တို့ဆီ ရောက်လာလို့ တွေးသေးတာပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"အေးကွဲ့ ... ညနာရီပြန် (၂)ချက်လောက်ကတောင် ဦးဒိုးလုံးနဲ့ ... ပွဲခင်းဘက်မှာ လျှောက်နေတာ တွေ့သေးတယ် ဦးလည်း အိပ်ချင်တာနဲ့ ပြန်လာတာပဲ ... ခဏနေတော့ ဦးဒိုးလုံးလည်း အိမ်ထဲဝင်သွားတာ မြင်လိုက်လို့ အိပ်နေတယ် ... အောက်မေ့တာ ... "

"ဗျောက်တွေ ဖောက်နေတာ ဆူနေလို့ အိပ်မပျော်တာနဲ့ ပွဲတစ်ခါ ပြန်ထွက်သွားတာပဲ ... အဲဒီနောက် မတွေ့တော့ဘူး ... "

"ဒါနဲ့ကိုဘဇော်ကရော ကိုငွေးလှိုင်နဲ့များ သွားကြတာလား"

"အင်း ... ကိုဘဇော်ကတော့ ညက စောစောအိပ်ရာဝင်သွားတာတွေ့လိုက်တယ် ... မနက်စောစောကတော့ ဘယ်သွားသလဲ မသိဘူး ... အစောတုန်းကတော့ ခရီးဆောင်သေတ္တာတစ်လုံးနဲ့ပဲ ... နဂိုကလည်း စစ်ကိုင်းဘက်သွားစရာကိစ္စရှိတယ်ဆိုသလိုပဲ ... အဲဒါ ကိုငွေးလှိုင်နောက်လိုက်ဦးမယ်ဆိုပြီး ထွက်သွားတာပဲ ... "

"ဪ ... ကိုငွေးလှိုင်က စစ်ကိုင်းဘက်ထွက်သွားနှင့်ပြီ





ကိုး ... "

"အင်း ... မနက်က ပွဲကြည့်ပြီး ပြန်လာတဲ့ ကောင်လေးကို စစ်ကိုင်းဘက်သွားစရာရှိတာ ရထားက ဘယ်အချိန် ... ကားက ဘယ်အချိန်နဲ့ အချိန်တွေတော့ မေးနေတယ်လို့ ပြောတာပဲ ... "

"ဪ ... ဪ ... ဒီလိုလား ... ဖွကျလိုက်တာ ဦးရာ ကျွန်တော်တို့ တွေ့ချင်တယ်ဆိုပြီး စာကလေး ဘာကလေးမှ ရေးမထားခဲ့ဘူး ... "

"အေးကွဲ့ ... ဪ ... သူ့အခန်းထဲမှာ ရှိလေမလား ... မဆိုဘူး ... "

"ကောင်းသားပဲ ဦးရာ ... ကိုဘဇော်က အောက်ထပ်မှာ နေတာလား ... "

"အင်း ... ဦးဒိုးလုံးနဲ့ သူက အောက်ထပ်မှာနေတာပဲ ... ထောင့်က သူ့အခန်းပေါ့ ... အပေါ်မှာတော့ ကိုငွေးလှိုင်က တစ်ယောက်တည်းပဲ နေတယ် ... သူနဲ့အတူပါလာတဲ့ ဧည့်သည်တစ်ယောက်တော့ ပြန်သွားတယ်ထင်ပါရဲ့ ... မတွေ့

www.burmeseclassic.com



တော့ဘူး ... ”

အဘိုးကြီးလည်း စကားတပြောပြောနှင့် ထသွား မောင်သိန်းဆွေလည်း အလိုက်သင့်နားထောင်ရင်း ကိုဘဇော်(တ ဖြစ်လဲ)ကိုဘမော်အခန်းထဲသို့တိုင်အောင်ပင် လိုက်သွားလေသည်။

မောင်သိန်းဆွေ၏ လုပ်ပုံကြောင့် ကျွန်ုပ်ပင် ခပ်ရှ ရှိန်းဖြစ်လာကာ မောင်မောင်ကြီးမှာ ပြန်ပြေးချင်လှသဖြင့် ဖင် ကြွကြွနှင့် ဖြစ်နေသည်ကို မြင်ရသည်တွင် ငိုအားထက် ရယ်အား သန်ဆိုသကဲ့သို့ ဖြစ်ရပြီး သူ့အားပင် အခြေမပျက်ရန် သတိပေးနေ လေသည်။

ထိုအခိုက် သူတို့လည်း ကိုဘမော်အခန်းတွင်း ထွက်လာရာ မောင်သိန်းဆွေသည် ဦးဒိုးလုံး၏အခန်းထဲသို့ ခေါင်းပြ ကြည့်ပြီး အဘိုးကြီးအား ...

“ဒါက ... ကိုဗွေးလှိုင် အခန်းနဲ့တူတယ် ... ”

ဟု လှမ်း၍ပြောလိုက်ရာ ...

“မဟုတ်ဘူး ... ဦးဒိုးလုံးနေတာ ... ကိုဗွေးလှိုင်က အပေ မယ် ... သူ့အခန်းထဲမှာ စာရေးစားပွဲတွေ ဘာတွေ





ရှိတာပဲကွဲ့ ... တက်ကြည့်ပါဦးလား ... ”

“ဟုတ်ကဲ့ ခင်ဗျာ ... ဦးကြီးကိုလည်း အားနာစရာပဲ ... ဟော့ ... လာကြပါဦးကွာ ... ”

ကျွန်ုပ်တို့လည်း မောင်သိန်းဆွေ၏ခေါ်သံကြောင့် သွားကြရာ မောင်မောင်ကြီးတစ်ယောက်မှာ မချိသော်လည်း ကြိုးစား၍ သွားကိုဖြဲလိုက်ပါသေးသည်။

“အားနာစရာ မလိုပါဘူးကွယ် ... ဦးတို့ကတော့ ဧည့်သည် တွေနဲ့ အမြဲတမ်းဆက်သွယ်နေရတာပဲ ... ဦးရဲ့တာဝန်က ဒါပဲရှိတာကိုးကွဲ့ ... ”

“ဟုတ်ကဲ့ ... ဦးက နေ့ရောညပါ ဒီမှာပဲနေရတာပေါ့ ... ”

“အေးကွဲ့ ... ညမှာတော့ အိမ်ရှေ့ခုတင်ထုတ်ပြီး အေးအေး လူလူအိပ်လိုက်တာပဲ ... ”

အဘိုးကြီးလည်း လှေကားခြေရင်းတွင် ခြေထောက် များကို ပွတ်ရာမှ အောက်သို့တစ်ချက်ငုံ့ကြည့်ပြီး အိမ်ပေါ်သို့ တက် သွားရာ ကျွန်ုပ်တို့လည်း ဖိနပ်များကို တစ်နေရာတွင် ချွတ်ထားရင်း သတိပြုလိုက်မိသည်မှာ တမံတလင်းသည် မတေမပေဘဲ ကွက်လပ်



www.burmeseclassic.com

www.burmeseclassic.com



ကလေးဖြစ်နေပြီး ခြေသုတ်ခုံကို ဖယ်ထားပုံရလေသည်။

အပေါ်သို့ရောက်လျှင် မောင်သိန်းဆွေသည် မောင်မောင်ကြီးအား မျက်စေ့တစ်ဖက်မှိတ်ပြပြီး အဘိုးကြီးနှင့် အခန်းတွင်းထဲသို့ ဝင်သွားလေရာ မောင်မောင်ကြီးမှာ နောက်မှ မျက်နှာရှုံ့ရင်း ဝင်လိုက်လာလေသည်။

မောင်သိန်းဆွေမှာ ဤအခန်းထဲတွင် မွှေချင်ပုံရသဖြင့် အဘိုးကြီးအား လိမ့်ထားစေလိုသည်ဖြစ်ရာ မောင်မောင်ကြီးက မတုန်မလှုပ်ဖြစ်နေ၍ အကျပ်ရိုက်နေပုံရလေသည်။

မောင်မောင်ကြီးမှာ ဤကိစ္စမျိုး၌ ခေသူမဟုတ် စကားစရှာမရသဖြင့်သာ အူကြောင်ကြောင်ဖြစ်နေလေ၏။

ဒီအပေါ်မှာတော့ စာရေးစက္ကူရှိသားပဲ၊ ဘာမှတော့ ရေးမထားဘဲ မောင်သိန်းဆွေလည်း စကားပြောရာမှ စာရေးစက္ကူအုပ်ကို ငုံ့ကြည့်ရင်း ...

"ကျွန်တော်တို့ကပဲ သူ့ဆီကို စာတစ်စောင်ရေးပြီး ထားခဲ့တာပေါ့ဗျာ ..."

ဟုပြောကာ စာရေးစက္ကူ၏အထက်အစွန်းကျကျ





…င် ရက်စွဲကို ရေးချလိုက်ပြီးမှ တစ်ဖန် စာရွက်ဆုတ်ယူလိုက်ပြီး

"ဟာ ... နေပါစေတော့ဗျာ ... ကြာနေရှာမယ် ... နောက် ကျွန်တော်တို့က ပြန်လာဦးမှာပဲ ..."

ဟုဆို၍ စာရွက်ခေါက်ကို စာအိတ်ထဲသို့ ထည့်လိုက် …သည်။

စာရွက်မှာ ကုန်သည်များ အများဆုံးသုံးသော စက္ကူ …ပါတား အပြာရောင်စက္ကူအုပ်ငယ်ဖြစ်လျက် အထက်ပိုင်းတွင် …တံဆိပ် ရိုက်နှိပ်ထား၏။

ထိုအခိုက် မောင်မောင်ကြီးလည်း ဟိုကြည့်သည် …ကြည့်နှင့် လုပ်နေရာ ...

"ကုန်စတွေဖြင့် ... တယ်များပါလား ဘကြီးရာ ..."

ဟု ပြောလိုက်လေသည်။

"ဟာ ... ဒါနည်းသေးတာပေါ့ကွဲ့ ..."

ဟုအစချီကာ အဘိုးကြီးလည်း ကျွန်ုပ်နှင့် စကား …တ်ဘဲရှိတော့လျက် တဖြည်းဖြည်း အခန်းအပြင်ဘက်သို့ရောက် …ားကြပြီး မောင်မောင်ကြီး၏ မြောက်လုံးမင်းလုံးများကြားတွင်



www.burmeseclassic.com

www.burmeseclassic.com



တဟဲဟဲနှင့် အကျေနပ်ကြီး ကျေနပ်၍နေလေ၏။

မောင်သိန်းဆွေကား အချိန်ကိုမဖြုန်းတော့ဘဲအခန်း နေရာအနှံ့ပင် ကြည့်ရှုလေရာ ခုတင်တိုင်နား၌ အိပ်ဆေးပြားအဖြူ လေးကို တွေ့ရပြီးနောက် စိတ်အားထက်သန်လာလေသည်။

တိုင်ကြားထဲတွင် ညှပ်ထားသော အဝတ်စဖြူ ကလေးကိုလှမ်း၍ဆွဲယူလိုက်သည်တွင် ကျွန်ုပ်မှာ ... ဟင်ခနဲ အသံ မထွက်မိအောင်ပင် အတော်ကြီးပင် သတိထားလိုက်ရလေသည်။

ဆုတ်ဖြဲထားသော စွပ်ကျယ်အင်္ကျီအပိုင်းပြတ်ဖြစ် နေပြီးလျှင် သွေးများဖြင့် နီရဲလျက်ရှိလေ၏။ သွေးများမှာ လော လောလတ်လတ် သုတ်ထားပုံရလျက် စိုစိစိပင်ဖြစ်နေလေသည်။

မောင်သိန်းဆွေလည်း နေရာတကျပြန်ထည့်ထား လိုက်ပြီးနောက် လက်တွင်အနည်းငယ်ပေကျန်နေသည်ကို လက် ကိုင်ပဝါဖြင့် ပွတ်ရင်း အခန်း၏ကြမ်းပြင်တစ်နေရာကို ညွှန်ပြသဖြင့် ကြည့်လိုက်သည်တွင် သွေးစက်အစအနများကို တွေ့ရလေသည်။

ထိုအခိုက် မောင်မောင်ကြီး၏အသံကြားသဖြင့် အခန်းပြင်သို့ ထွက်ခဲ့ရ၏။



"ကျွန်တော်တို့က ကုန်သည်လုပ်တာ မကြာသေးဘူး ... ဘကြီးရ ... အဲဒီတော့ အခုလို နေရာထိုင်ခင်းကောင်း ကောင်းရှိမှ တည်းခိုချင်တယ် ... ကျွန်တော်တို့အိမ်ကတော့ အကြီးအကျယ်လုပ်တာပဲ ... ဒီနဲ့သာ မဆက်သွယ်မိကြလို့ ကိုး ... "

ဟူ၍ ဖြီးနေသံကို ကြားရသဖြင့် ကျွန်ုပ်တို့ပင် ပြုံးမိ ကြပေသည်။

"ဟာ ... တည်းခိုရာနေရာအတွက်တော့ စိတ်သာချ ... မောင်တို့လူငယ်တွေ ... ဟိုဘက်အခန်းမှာနေပေါ့ ... အဲဒါ မိန်းမချော့သည်တွေအတွက် သီးသန့်ထားတာပဲ ... "

"ဟန်ကျတာပေါ့ဗျာ ... ဒါနဲ့ မိန်းမချော့သည်တွေတော် တော်များသလား ... တော်တော်နေ ကျွန်တော်တို့နဲ့ နေရာ လုနေရဦးမယ် ... "

ဟု မောင်သိန်းဆွေကပါ ခပ်သောသောဝင်ပြောပြီး အခန်းဘက်ဆီသို့ လျှောက်သွားနေလေတော့သည်။

"သိပ်မရှိပါဘူးကွယ် ... တစ်နေ့ကပဲ ကိုဌေးလှိုင်နဲ့ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လိုက်လာသေးတယ်... ကုန်သည်လှုပ်စနဲ့
တယ် ... ကုန်တောင် ပါမလာဘူး ... "

"ဪ ... အခုရှိသေးလား ... ဒီမှာ အိပ်ရာတွေ ဘာ
ပဲ ... "

အဘိုးကြီးလည်း အံ့အားသင့်ဟန်ဖြင့် ကြည့်

"အင်း ... အလုပ်များနေတာနဲ့ ဒါတွေတောင် ပြန်သိ
သတိမေ့နေတယ် ... ပြန်သွားကြတာ ကြာပါပြီ ... နှစ်
သုံးရက်လောက်ရှိသွားပြီ ထင်ပါရဲ့ ... မတွေ့မိဘူး ... "

ဟုဆိုလိုလေရာ ... မောင်သိန်းဆွေက ...

"ဦးတို့က အိပ်ရာတွေ ... ဘာတွေပါပေးတာလား ..."

ဟု မေးနေပြန်သည်။

"မပေးပါဘူး ... ဒီခွေ့သည်ကတော့ ကိုဌေးလှိုင်နဲ့
ခင်နေတာမို့ကိုး ... တကယ်တော့ ကိုဌေးလှိုင်က ကျ
ရဲ့ ကျေးဇူးရှင်ကြီးလား မောင်ရယ် ... "

သို့ဆိုပါလျှင် ကိုဌေးလှိုင် ဤမိန်းမနှင့် အတော်
ရင်းနှီးရမည်ဟု တွေးတောမိပေသည်။





ယခုကဲ့သို့ ကိုဌေးလှိုင် အရေးတကြီးထွက်သွား
သည်မှာ ဤမိန်းမအတွက်ပင် ဖြစ်ဟန်တူပေသည်။ ထို့ကြောင့်သာ
လျှင် ကိုဘမော်ကဲ့သို့သော ယောကျ်ားမိတ်ဆွေတစ်ယောက်ကို
ဂရုမစိုက်နိုင်ခြင်းပင်ဖြစ်ပေသည်။

သို့ရာတွင် ကျွန်ုပ်တို့မှာ မတွေးတတ်အောင်ဖြစ်ရ
ပြန်၏။ ဤကိစ္စသည် အဘယ်ကဲ့သို့ သက်ဆိုင်နေသနည်း။

* * *





www.burmeseclassic.com

www.burmeseclassic.com









## ပွဲရုံအိမ်ကြီးမှအပြန်

"ဟော့ ... မောင်သိန်းဆွေ ... မင်းနဲ့ ဒီတစ်ခေါက်လိုက်ရတာ စိတ်ညစ်စရာပါကွာ ... "

ဟုအစချီကာ ကျွန်ုပ်တို့အပြန်တွင် အဖော်လိုက်လာသူ မောင်မောင်ကြီးက စားသောက်ဆိုင်သီးသန့်ခန်းထဲမှာ မေးလိုက်၏။

"တို့ကိစ္စနဲ့ တို့ရှိနေတာ ... မင်း ဘာမှလည်း မသိတာ ... အသာနေစမ်းပါ ... ဒီမှာ ခဏလောက် စဉ်းစားပါရစေကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး ... ကျွန်ုပ်တို့အနီးရှိ စားပွဲထိုးဖြစ်သူ[illegible]လည်း ...

"ခင်ဗျားတို့စားသောက်ဆိုင်ထဲမှာ ... တယ်လီဖုန်းရှိတယ် မဟုတ်လား ... "

ဟု တစ်ဆက်တည်းပင် မောင်သိန်းဆွေက [illegible]လိုက်လေ၏။

ထို့နောက် စားပွဲထိုးအား အစားအသောက်များ[illegible] မှာယူလိုက်ပြီးနောက် အိတ်ကပ်ထဲမှ စာရွက်ခေါက်ကလေးတစ်[illegible] ကို ဖြန့်ကာ အသေအချာကြည့်ရှုနေသည်။

ငှင်းအပေါ်မှ စာရွက်ကို ဖိရေးထားသဖြင့် ထို[illegible]ရွက်ကလေးပေါ်တွင် စာလုံးရာလေးတွေ ထင်နေသည်ကို တွေ့[illegible]လေရာ ထို့ကြောင့်ပင် မောင်သိန်းဆွေသည် ထိုစာရွက်ကိုရအောင် ယူလာခဲ့ကြောင်း ရိပ်မိပါတော့၏။

"နားထောင်ကွ ... ဒီမှာရေးထားတာက မိတ်ဆွေကြီး ကို[illegible]ဇော်တဲ့ ... ရုတ်တရက် ရှောင်တခင် အကြောင်းပေါ်လာသ[illegible] ထွက်သွားရပါသည် ... "





"မိတ်ဆွေကြီးကို ညတွင်းချင်းနှိုးပြီး တိုင်ပင်ကာ အတူတကွ သွားလိုသော်လည်း မဖြစ်နိုင်ပါကြောင်း ... မဖြစ်နိုင်တဲ့ အကြောင်းကြောင့် ထားခဲ့ရပါသည်။

"သို့သော်လည်း ... မိတ်ဆွေအား ပေးထားသောကတိကို ကား မဖျက်ပါ ... မသက်ဝေနှင့် သူ၏အစ်ကိုတို့အား ရှာ ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

"တွေ့လိုက ရွှေလိုဏ်ဂူအတွင်းသို့ လိုက်ခဲ့ပေတော့ ... အင်း မြေပုံကို ယူသွားပါသဖြင့် ခွင့်လွှတ်စေချင်ပါသည်။ မိတ်ဆွေ ကတော့ ... မြေပုံမရှိသော်လည်း အရင်ကရောက် ဖူးသော ကြောင့် ... လာနိုင်လိမ့်မည်ဟု ယုံကြည်ပါသည် ... တဲ့ အောက်က သင့်မိတ်ဆွေစစ်(ဒွေးလှိုင်)လို့ ဆိုင်းထိုးထား တယ် ... "

ဟု မောင်သိန်းဆွေက ကျွန်ုပ်တို့အား စာတစ်လုံး ချင်းကြည့်ကာ ဖတ်ပြလေသည်။

"ဟေ ... ဒီလူက ... စစ်ကိုင်းကိုသွားတာမဟုတ်လားဟ" ဟူ၍ ကျွန်ုပ်တို့လည်း အံ့အားသင့်စွာ မေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... နေဦးဗျ ... သူ့အစက ဒီစာရွက်ကို တွေ့သေးဟ မတွေ့ဘူး ... ကိုဘမော် ကိုယ်တို့ဆီက ပြန်သွားမှတွေ့ဟ တွေ့တယ် ... ကိုရွှေလှိုင် ဟောဒီစာကိုရေးပြီး သူ့အခန်းထဲ မှာ ထားခဲ့မှာပဲ ... ကိုယ်တွေးမိတာ ဘယ်လိုသဘောရသလဲ ဗျ ... ကိုခင်မောင်ဦး ... "

ကျွန်ုပ်လည်း မောင်သိန်းဆွေစကားကို တစ်ချက် ခေါင်းညိမ့်ပြလိုက်ချိန်တွင် စားပွဲထိုးများယူဆောင်လာသော ထမင်း ရောက်လာ၏။

ထိုကြောင့် ထမင်းကြော်များရောက်လာသဖြင့် ကျွန်ုပ်တို့သုံးဦးလည်း စားသောက်နေကြပြန် အတန်ကြာမှ မောင် သိန်းဆွေကပင် အောက်ပါအတိုင်း ပြောပြန်လေ၏။

"အင်း ... ဒါကတော့ ဟုတ်ပါပြီ ... ကိုရွှေလှိုင်က ဦးဒိုးလုံး ကို ဘာပြုလို့ ခေါ်သွားတာလဲကွ ... ဦးဒိုးလုံးကရော ဒီ အကြောင်းတွေကို မသိဘူးလား ... "

"ကိုရွှေလှိုင်ကတော့ ဦးဒိုးလုံးကို ရွှေလိုဏ်ဂူတွင်းကို ခေါ် သွားမှာတော့ မဟုတ်ပေဘူး ... "





"အေး ... ဟုတ်မယ် ... ဒါကြောင့်သာ သူ စစ်ကိုင်းသွား တယ်ဆိုတာ မယုံနိုင်ဘဲဖြစ်နေတာပေါ့ ... ဒါပေမဲ့ ကိုရွှေ လှိုင်ဟာ သူလာတဲ့လူနဲ့ပဲပြန်သွားတယ် ... ကုတ်အင်္ကျီ ဝတ်ပြီး ဦးထုပ်ဆောင်းထားတာတွေက ... အလကား မဟုတ်ဘူး ... ကဲ ... ဒါတွေက အရေးမကြီးပါဘူး ... ကိုယ် တို့လည်း ရွှေလိုဏ်ဂူတွင်းကြီးဆီကို လိုက်ရလိမ့်မယ် ... အင်း ... မိတ်ဆွေကြီးကိုဘမော်တွေ ကံကြမ္မာကို ဖန်တီးမဲ့ ငွေတွင်းပါပဲ ... "

ဟုပြောရင်း မောင်သိန်းဆွေတစ်ယောက် အိတ်ထဲ လက်နှိုက်ယူလိုက်ရာ (၃၂)ဘို့ ပစ္စတိုသေနတ်လေးတစ်လက်ဖြစ် နေသည်ကို အံ့ဩစွာတွေ့မြင်လိုက်ရ၏။

ဘယ်အချိန်က ဘယ်လိုရလိမ့်သည်ကိုမှမတွေးတတ် အောင်ဖြစ်ပင်ရှိလေရာ ...

"ဟို ... တည်းခိုခန်း လှေကားခြေရင်းအောက် ချောင်ထဲက ဒီသေနတ်ကို ရလိုက်တာကွ ... "

ဟုဖြေလိုက်ရင်း တစ်ဆက်တည်းမှာပင် ...



www.burmeseclassic.com

www.burmeseclassic.com



"ခြော် ... မေ့နေလိုက်တာကွာ ... "

ဟုပြောရင်း မောင်သိန်းဆွေသည် နေရာမှထသွားပြန်လေ၏။

ကျွန်ုပ်တို့လည်း စားသောက်ပြီးဖြစ်သဖြင့် နေရာမှ ထလိုက်သွားကြလေရာ မောင်သိန်းဆွေသည် ကျသင့်ငွေ ရှင်းလင်းပေးခဲ့ပြီးနောက် တာယ်လီဖုန်းဖြင့် ( ... ... )အမှတ်ရှိ ရဲစခန်းသို့ အဆက်ခိုင်းနေလေသည်။

"ဟေ့ ... ညွန့်လှိုင်လားကွ ... သိန်းဆွေလေ အေး ... မင်းတို့ ... ယုဇနပွဲရုံရှေ့မှာရှိတဲ့ အမိုက်ပုံကြီးကို သွားအရှင်းခိုင်းမလို့ ... "

"ဘာ ... နိုး နိုး ... ဒါ မင်းအတွက်ကွ ... မြူနီစီပယ် နဲ့မဆိုင်ဘူးကွ ... "

"ဒါနဲ့ ... မင်းဆီမှာ အရင်တုန်းက ဗျောက်အိုးကလေး ရှိသေးလား ... ဘာတွေ အရူးထတာ မဟုတ်ဘူးဟေ့ ... အေး ... မင်း နောက်တော့ သိမှာပေါ့ကွာ ... အေးလေ ... မရှိတော့ရင်လည်း အရေးမကြီးပါဘူး ... "





ဤကား မောင်သိန်းဆွေပြောနေသံဖြစ်လျက် အဘယ်ကြောင့် အမှိုက်ပုံကို အရှင်းခိုင်းသည်မသိ။

အပြင်ရောက်လျှင် ...

"ဦးနိုးလုံးဟာ လှေကားရင်းက ... ခြေသုတ်ဖုံနဲ့အတူတူ အမှိုက်ပုံးထဲမှာ ရောက်နေပြီကွ ... "

ဟုပြောရာ မောင်မောင်ကြီးနှင့် ကျွန်ုပ်မှာ ပါးစပ်အဟောင်းသားနှင့် မောင်သိန်းဆွေအား ကြည့်နေမိကြလေတော့သည်။

နောက်တစ်နေ့ အထက်မြစ်ကြီးနားသို့ ရထားထွက်ရန် အချိန်အနည်းငယ်ခန့်သာလိုသည်တွင် မောင်သိန်းဆွေသည် ကျွန်ုပ်တို့ အား လက်ညှိုးညွှန်ပြသဖြင့် ရထားပြတင်းပေါက်ဆီမှပင် အပြင်ဆီသို့ကြည့်လိုက်ရာ ခရီးဆောင်သေတ္တာတစ်လုံးကို လက်မှာ ဆွဲလျက် ခပ်သုတ်သုတ်ပြေးတက်လိုက်လာသူ ကိုညွန့်လှိုင်ကို တွေ့လိုက်ရလေ၏။

"အင်း ... အဲတော်ကလေး ခြေသွက်တဲ့လူပဲ ... "

ဟု မောင်သိန်းဆွေကပင် မှတ်ချက်ချလိုက်လေ၏



www.burmeseclassic.com

www.burmeseclassic.com



တော့၏။ ကျွန်ုပ်တို့ သူငယ်ချင်းတွေလည်း မရဏာလိုဏ်ဂူကြီးရှိရာသို့ ခရီးစတင်ထွက်ခွာလာခဲ့ပြီဖြစ်ရာ ...

*ရွှေတွင်းပဲ တွေ့ရမလား ...*

*သေမင်းပဲတွေ့ရမလား ...*

ဟု မသိသဖြင့် ရင်လေးစွာဖြင့်ပင် မီးရထားတွဲကြီး ခေါ်ဆောင်လာရာသို့ လိုက်ပါခဲ့ကြရလေ၏။

သို့သော် ထိုလူ ကိုညွန့်လှိုင်နှင့် မတွေ့ရန်ကိုကား နေထိုင်သွားလာကြရန် မောင်သိန်းဆွေကပင် သတိပေးလိုက်သောကြောင့် ကျွန်ုပ်တို့သည် ဘူတာစဉ်များသို့ ရပ်တိုင်း ရထားတွဲပေါ်မှ မဆင်းခဲ့ကြချေ။

ထိုင်ခုံနေရာမှပင် အစားအသောက်များမှာယူဝယ်စားကြခြင်းဖြင့် ၄င်းလူအား တမင်မတွေ့အောင် ရှောင်ရှားခဲ့ကြလေသည်။

သို့ဖြင့် မီးရထားခရီးသည်တို့ စံစားရသော ဒုက္ခအပေါင်းတို့ကို ကျော်လွန်ခဲ့ကြပြီးနောက် ကျွန်ုပ်တို့(သုံးယောက်ပေါင်း လောင်းကျော်)ဟု ဆိုရမည့် သူငယ်ချင်းသုံးယောက်တို့သည်





မြစ်ကြီးနားမြို့သို့ ဆိုက်ရောက်လာကြလေတော့၏။

ထိုမြစ်ကြီးနားမြို့ထဲ၌ ကျွန်ုပ်တို့ ခရီးရောက်မဆိုက်ကြားရသောသတင်းတစ်ပုဒ်မှာ လွန်ခဲ့သောညကမှ ဖြစ်ပွားလိုက်သော လူသတ်မှုပင်ဖြစ်လေသည်။

အထူးသဖြင့် ကျွန်ုပ်တို့အား မျက်လုံးပြူးစေသောအချက်မှာကား လူသတ်မှုဖြစ်ပွားသောနေရာမှာ ကိုဘမော်နေခဲ့သော အိမ်တွင်ဖြစ်နေလျက် သေဆုံးသူမှာ ကိုဘမော်အား ခြေရာခံနေ့ ပုလိပ်ဘက်မှ တာဝန်ချထားသော ဆားပုလင်းစုံထောက်ဆိုသူပင် ဖြစ်နေလေ၏။

သေဆုံးသူမှာ ဓားဖြင့်ခုတ်အသတ်ခံရခြင်းဖြစ်၍ ဝမ်းလျားမှောက်လျက် သေဆုံးနေခြင်းကို နေ့လယ်မွန်းတည့်သောက်မှ ဆိုင်ရာက သိရှိရလေတော့၏။

"ကိုခင်မောင်ဦး ... ကျွန်တော်ကတော့ ဒီကိစ္စကို သေသေချာချာ စုံစမ်းချင်တယ်ဗျ ... ဒါပေမဲ့ အချိန်မပေးနိုင်ဘူး... ဘယ်နှယ်လုပ်မလဲ ... တော်တော်ကြာ ရွှေလိုဏ်ဂူအတွင်းမှာ ဒီကိစ္စမျိုး ထပ်ဖြစ်နေရင် ကျွန်တော်တို့ လိုက်ရကျိုး



www.burmeseclassic.com

www.burmeseclassic.com



မနပ်ဘဲ ဖြစ်နေလိမ့်မယ် ... ”

ဟု မောင်သိန်းဆွေက ဆိုလေ၏။

“အေး ... ဒါဖြင့် ဒီလိုလုပ်ကွာ ... ကိုယ်နဲ့ မောင်မောင်ကြီး က ရွှေလိုဏ်ဂူကို သွားကြဖို့ ခရီးစဉ်အတွက် ပစ္စည်းတွေနဲ့ မြင်းတွေပါ ရှာနှင့်မယ် ... ”

“ဟာ ... ခင်ဗျားဟာက မြင်းနဲ့သွားရမှာလား ... ကျွန်တော်က မြစ်ဖျားအထိ မော်တော်နဲ့ ဖြစ်ဖြစ် ... ရေလမ်းခရီး သွားရမယ် ထင်တာကိုးကွ ... ”

ဟု ကျွန်ုပ်၏ စကားကိုဆုံးအောင် နားမထောင်ဘဲ ဖြစ်ပြောသည်တွင်မှ ကျွန်ုပ်လည်း ရေကြောင်းလမ်းကို သတိရတော့ကာ ...

“အေး ... ဟုတ်တယ်ကွ ... အရင်ကတော့ နွေအခါကြီးမို့ ရေမရှိလို့ ကိုယ်တို့တစ်တွေ မြင်းနဲ့သွားရတာပဲ ... အခုအချိန် ဆို မော်တော်နဲ့ သွားနိုင်တာပေါ့ကွ ... ”

ဟု ဝမ်းသာအားရ ပြောမိလေ၏။

ဤသို့ဖြင့် ကျွန်ုပ်တို့၏ အရေးပေါ်ဆွေးနွေးပွဲမှာ





မောင်မောင်ကြီးအား မြစ်ဆိပ်တွင် မော်တော်ငှားဖို့ စုံစမ်းရန် လည်းကောင်း၊ ကျွန်ုပ်မှာလည်း လမ်းတွင် လိုအပ်သော ရိက္ခာ၊ ပစ္စည်းများကို ဝယ်ရန် လည်ကောင်း၊ မောင်သိန်းဆွေမှာမူ လူသတ်မှုကို ထောက်လှမ်းရန် လည်းကောင်း၊ အသီးသီးတာဝန်ယူခဲ့ကြလေ၏။

ကျွန်ုပ်တို့မှာ ဘုတာရုံအနီးရှိ တည်းခိုခန်းတစ်ခုတွင် တည်းရမ်းနေထိုင်ကြလေရာ ကျွန်ုပ်အပြင်မှ ပြန်ရောက်လာသော အချိန်၌ စီးကရက်ကို ဖိမ်နှင့်ခဲနေသော မောင်မောင်ကြီးကို အဆင်သင့် တွေ့ရလေ၏။

ထို ရွှေကိုယ်တော်ကို ကျွန်ုပ်လည်း မော်တော်ကိစ္စ သေချာပြီလားဟု မေးကြည့်လိုက်ရာ ...

“သေချာပါတယ်ဗျ ... မနေ့ကရော ... ဒီနေ့ရော ... တစ်ယောက်မှ မြစ်ဖျားတက်သူ မရှိဘူးတဲ့ ... မော်တော်အားလုံး အောက်စုန်သွားကြလို့ သူ့မော်တော်တစ်စီးပဲရှိတယ်... ဒီ့ပြင် လှေတွေလည်း ဒီအချိန်မှာ အထက်ဆန်လို့ မရဘူးတဲ့ ကိုင်း ... ဒီထက် သေချာတာ ဘာရှိသေးလဲ... ဒါတောင် သူ့မော်တာက ငယ်သလောက် စက်အားကောင်းလို့ ဆန်



www.burmeseclassic.com

www.burmeseclassic.com



နိုင်တာလို့ ကြွားလိုက်သေးတယ်ဗျာ ... အခုနေ တစ်ယောက်ယောက်များ သွားမေးရင် စက်ပျက်နေလို့ မလိုက်နိုင်ဘူးလို့ ဖြေလိမ့်မယ် ... ဟိုလူ ကိုညွန့်လှိုင်လည်း ဒီအချိန်မှရောက်မလာရင် ကမူးရှူးထိုးနဲ့ ကုန်းကြောင်းက လိုက်ပြီ ထင်တာပဲ ... ”

ဟုပင် မှတ်ချက်ချလိုက်လေသေး၏။

အချိန်မှာ (၁၈)နာရီခန့် ရှိသည့်တိုင်အောင် မောင်သိန်းဆွေမှာ ပြန်မလာသေးချေ။

ထိုအချိန်မှ ကျွန်ုပ်တို့လည်း တောလမ်းခရီးတွင် လိုအပ်မည့် ဆေးဝါးပစ္စည်း ပတ်တီးအစရှိသည်တို့ မပါသေးသည်ကို သတိရကာ နှစ်ယောက်သား မြို့ထဲသို့ ပြန်ထွက်ကြပြန်လေ၏။

ဆေးဝါးပစ္စည်းများကို စုံစုံလင်လင် ရရှိနိုင်သော ဆိုင်မှာ တစ်ခုတည်းသာရှိသည့်အပြင် ထိုဆေးဆိုင်ဆီသို့ သွားရန် လမ်းမှာ ကိုဘမော်တို့ မိဘများနေရာအိမ်ရှေ့မှ ဖြစ်ရမည်ဖြစ်သဖြင့် ကျွန်ုပ်တို့မှာ အလိုလိုပင် စိတ်ချောက်ချားနေမိတော့၏။

ထိုအိမ်မှာ တစ်ထပ်အိမ်ဖြစ်ပြီးလျှင် သစ်ပင်များ ခပ်





အုပ်အုပ်လေး ဖြစ်နေလျှက် အိမ်မရောက်မှ လမ်း၏တစ်ဘက်တွင် ကွမ်းယာဆိုင်လေးမှာ မီးများထိန်ဝင်း၍နေ၏။

ကျွန်ုပ်တို့လည်း ကွမ်းယာဆိုင်လေးကို လွန်၍ အတော်ကလေး လျှောက်မိလျှင် ကိုဘမော်၏ အိမ်ထက်ဆီမှ လင်းခနဲ မီးရောင်မြင်လိုက်သလို ရှိသဖြင့် ဂရုစိုက်၍ပင် ကြည့်နေမိကြလေသည်။

သို့ရာတွင် ဘာမျှမတွေ့ရသဖြင့် စိတ်ကပင် ထင်၍ဟု အောက်မေ့ကာ အာရုံပြောင်းစေရန် စီးကရက်တစ်လိပ်ကို မီးညှိသောက်ရင်း ဆက်လက်လျှောက်ခဲ့ကြလေ၏။ လမ်းသွားလမ်းလာမှာ နည်းပါးလှချေ၏။

“ဟေ့ ... ကိုခင်မောင်ဦး ... လူပြတ်လှချည်လား ... ”

“လူပြတ်လေ ကောင်းလေပေါ့ကွာ ... ဟား ... ဟား ... ဟား ... ”

မောင်မောင်ကြီး၏ မေးခွန်းကို နောက်မှတစ်ယောက်ဖြေသံကြားလိုက်ရသဖြင့် လှည့်ကြည့်ကြရာတွင် ဓာတ်မီးတွင် ချည်ထားသော လက်ကိုင်ပဝါကို ဖြေနေသည့် ကျွန်ုပ်တို့၏



www.burmeseclassic.com

www.burmeseclassic.com



မောင်သိန်းဆွေအား မမျှော်လင့်စွာ တွေ့လိုက်ရလေသည်။

ထိုမောင်သိန်းဆွေမှာ စီးကရက်တစ်လိပ်ကို မီးညှိ သောက်ကာ လက်ကိုင်ပဝါဖြင့် မျက်နှာမှ ချွေးများကို သုတ်ရင်း—

"စီးကရက် သောက်ချင်သောက်ကွာ ... မနည်းအောင့်ထား ရတယ် ... "

ဟု ပြောလေ၏။

"အင်း ... ဘယ်နဲ့လဲဟေ့ ... မောင်သိန်းဆွေ ... ကိုယ်တို့ က စုံစမ်းတယ်ဆိုရင် တစ်ခြားမှာ စုံစမ်းတယ် ထင်နေ တာ... လက်စသပ်တော့ မင်းကဒီကို ရောက်နေတာကိုး— လုပ်လိုက်ကွ ... "

"ဟာကွာ ... စုံထောက်အလုပ်ဟာ စာအုပ်ထဲမှာ ဖတ်ရ တာ ကောင်းသလောက် တကယ်လက်တွေ့ကြတော့ ဘာမှ စလို့ ဘာလုပ်ရမှန်းကို မသိဘူးဗျာ ... ဒါပေမဲ့ နည်းနည်း ပါးပါးတော့ အပင်ပန်းရကျိုးနပ်ပါရဲ့ဗျာ ... "

ထို့နောက် မောင်သိန်းဆွေသည် စီးကရက်ကိုသာ တွင်တွင်ဖွာနေတော့သဖြင့် ကျွန်ုပ်တို့လည်း တိတ်ဆိတ်စွာ





လျှောက်လာခဲ့ကြရာ မကြာမီ ဆေးဆိုင်ဆီသို့ ရောက်ကြလေတော့ ၏။

အချိန်မှာ ည(၁၀)နာရီခန့်ပင် ရှိသေးသော်လည်း ထိုဆေးဆိုင်မှာ ပိတ်ထားပြီဖြစ်သဖြင့် ကျွန်ုပ်တို့လည်း တံခါးခေါက် ခေါက်ကြလေရာ ...

"အား ... ဆိုင်ပိတ်ပြီလေ ... အားကီးရှုပ်တဲ့ လူတွေပဲ ... မီးရောင်းဘူး ... မီးရောင်းဘူး ... သွား ... သွား ... "

ဟု အော်ထုတ်လေ၏။

"ဟာ ... ထောင်ကဲက အရေးကြီးလို့ပါ ... ခဏလောက်ပဲ ဆေးအများကြီး ဝယ်ပါ့မယ် ... "

ဟု ပြောလိုက်မှ ပေါက်ဖော်ကြီးလည်း တံခါးရွက် ကို ဖွင့်ကာ ပါးစပ်မှ ရေရွတ်နေပြန်၏။

"အားကီးရှုပ်တယ် ... ဒီအချိန်မှ လာတယ် ... မီနေ့က လည်း ဒီအချိန်မှလာပြီး တံခါးဖွင့်ခိုင်းလယ် ... အခု ဘာလို ချင်လဲ ... "

"မနေ့က ဘယ်သူလာလို့လဲ ... ထောင်ကဲရ ... "



www.burmeseclassic.com

www.burmeseclassic.com



"စီဗျား ... တို့မလာဘူး ... တခြားလူလာတယ် ... ခြေ
ထောက်ခိုင်းမိလည်း လာလယ် ... ဘာဖြစ်လည်းလယ်—
ညာဖြစ်လည်း လာလယ် ... "

စကားပြောရင်း ပေါက်ဖော်ကြီးလည်း ကျွန်ုပ်တို့ အလိုရှိသော ပစ္စည်းများကို အစုံအလင်ထည့်ပြီး ...

"ဒီပြင်ကော ... "

ဟု မေးနေပြန်လေ၏။

"ဒီလောက်ဆို ရပါပြီ ... "

ဟူ၍ ပြောလိုက်ကာ ကျွန်ုပ်တို့အားလုံး ဆိုင်ထဲမှ ထွက်ခဲ့ကြလေ၏။

သို့ဖြင့် ကျွန်ုပ်တို့တတွေ ကွမ်းယာဆိုင်လေးအနီးသို့ ရောက်ပြန်သောအခါ မောင်မောင်ကြီးက စီးကရက်တစ်ဗူး ဝယ်ဦးမည်ဆိုသဖြင့် ရှေ့မှထွက်သွားသဖြင့် လိုက်လာခဲ့ရသည်။

"အဲဒီ အိမ်ပဲကွ ... လူသတ်မှု ဖြစ်သွားတာ ... "

ဟု ပြောနေသော်လည်း ဆိုင်ရှင်ကုလားကား သူနှင့် မဆိုင်သလိုပင် တိတ်တိတ်ဆိတ်ဆိတ်လုပ်နေလေ၏။





မောင်မောင်ကြီးလည်း ဒူးယားစီးကရက်တစ်ဗူးကို ယူ၍ အိမ်ထဲတွင် ပိုက်ဆံနှိုက်ရင်း ...

"လူဆိုးက ကက်ဦးထုပ်နဲ့ ဓားကြီးထမ်းလို့ ဆိုပဲကွ ... "

ဟုပြောလိုက်၏။ မူလကပင် မောင်မောင်ကြီးပြောသည်ကို စိတ်ဝင်စားစွာ နားထောင်နေသော ဆိုင်ရှင်၏သားနှင့်တူသူ ကုလားကလေးမှာ မနေနိုင်တော့ဘဲ ဝင်ပြောလေတော့၏။

"မဟုတ်ဘူးဗျ ... ဓားကြီးမထမ်းထားဘူး ... မိုးရွာရင် ဝတ်
တဲ့ ဟာကြီးနဲ့နော် ... ဦးထုပ်လည်း မပါဘူး ... "

ဟု အားရဝမ်းသာ သူသိသမျှ ဖေါက်သည်ချလိုက်လေ၏။

သူ့အဖေကုလားက ကောင်လေးအား ငေါက်သော်လည်း မောင်မောင်ကြီးက ဂရုမစိုက်ဘဲ ဆက်၍မေးနေပြန်သည်။

"ဟာ ... ဟုတ်လား ... မင်းမြင်ရလားကွ ... ဒီတော့ မိုး
ရွာပလား ... "

"မရွာသေးဘူးဗျ ... ကျွန်တော်မြင်တာပေါ့ ... ဟိုဘက်က
လာတာပဲ ကျွန်တော်က လမ်းပေါ်မှာ အီးစွပ်နဲ့ ကစားနေ
တာ ... "



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ ကျွန်ုပ်တို့ လာခဲ့သော လမ်းဆီသို့ ညွှ
ပြနေသည်။

မောင်မောင်ကြီးလည်း စီးကရက်ကို ခိမ်ခံဆွဲ၍ မ
ညိုရင်း ...

"အင်း ... ဟုတ်တယ်ဟေ့ ... အဲဒီတော့ သေသွားတဲ့ လူ
ရှေ့ကပြေးရှော့လား ... "

"မဟုတ်ဘူး ... သူက နောက်မှ ဒီဆိုင်က ထလိုက်သွား
တာ... ကိုဘဇော်နော် ... ဒီမှာ ခဏခဏ လာတာပဲ ...
အခု သေသွားတယ် ... "

ဆိုင်ရှင်ကုလားမှာ မျက်လုံးပြူး မျက်ဆံပြာနှင့် ပြ
နေကာ ...

"ဒီမှာဆရာ ... အလကား လျှောက်ပြောတာနော် ... ပုလိ
သွားမပြောပါနဲ့ ဆရာ ... နော် ... တောင်းပန်ပါတယ်..."

"အေး ... ဒီလိုဆိုရင် ပုလိပ်မပြောဘူး ... မင်းမှန်မှန် ပြော
ပါလား ... "

"ဟုတ်ပါတယ် ... ဆရာကိုဘဇော်နော် ... ဟိုဟာ ဘဇော်
ပဲဆိုပြီး လိုက်သွားတာပဲ ... ဘဇော်နော် ... ပုလိပ်





လိုက်ရှာနေတယ် ... ပျောက်သွားတာ အတော်ကြာပြီ ..."

"ဒီအိမ်မှာ အဘိုးကြီး တစ်ယောက်ရှိသေးတယ် မဟုတ်
လား ... သူ ... မဖြစ်နိုင်ဘူးလား ... "

"မဟုတ်ဘူး ... ကျွန်တော်မြင်တယ်နော် ... ဒီလူထွက်
သွားတာ ကုတ်ချောင်း ကုတ်ချောင်းနဲ့နော် ... အဘိုးကြီး
လည်း မိုးကာအင်္ကျီ မရှိပါဘူး ... သူ့ကို ကျွန်တော် ကန်း
ကန်းသိတယ် ... "

"အင်း ... ဟုတ်ပြီ ... ဒါပေမဲ့ ကိုဘဇော်ရော ... ဒီမိုးကာ
အင်္ကျီမျိုး ဝတ်တတ်သလား ... ဒီပြင်ဘယ်သူ ဝတ်လာတာ
မြင်ဖူးလဲ ... ဒီအိမ်လာတဲ့ လူထဲကလေ ... "

"ကိုဘဇော်နော် ... မိုးရွာရင် ဝတ်တယ် ... အားအာ ...
အခုမှ သတိရတယ် ... ဒီကိုလာတဲ့ လူတစ်ယောက်ဝတ်
တာ မြင်ဖူးတယ် ... "

"လူက ခပ်ချောချောလေ ... ငွေးလှိုင်တဲ့ မဟုတ်လား..."

"ဟုတ်တယ် ... ငွေးလှိုင် ... ငွေးလှိုင်ပဲ ... "

မောင်မောင်ကြီးလည်း ကုလား ပြန်အမ်းသော
ပိုက်ဆံ ကျပ်ငွေအချို့ကို ကောင်ကလေးအား ပေးခဲ့ပြီး တည်းခိုရာ



www.burmeseclassic.com

www.burmeseclassic.com



ဆီသို့ ပြန်ခဲ့ကြလေ၏။

သို့ဖြင့် ကျွန်ုပ်တို့လည်း ညတွင်းခြင်းပင် မြစ်ဆိပ်သို့ ရွေ့ခဲ့ကြကာ နံနက်လင်းလျှင် လင်းခြင်း ထွက်နိုင်ရန် မော်တော်ပေါ်သို့ တက်ရောက်အိပ်ကြလေ၏။

နောက်တစ်နေ့နံနက် အိပ်ရာမှ ထသောအချိန်တွင်ကား နေဝန်းကြီးပင် အရှေ့ဘက်တောင်ကမ်းဘားယံမှ ခေါင်းပြူထွက်နေလျက် ရေစီးသန်သော မြစ်ပြင်တွင် အရှိန်မြန်မြန်နှင့် မော်တော်ကလေးမှာ တရူးရူး ခုတ်မောင်း၍ နေပေသည်။

မောင်မောင်ကြီးက ဦးပိုင်းတွင် စီးကရက်တစ်လိပ်ဖြင့် စိတ်ကူးယဉ်နေကာ ဘယ်တုန်းကမှ အသုံးချသည်ကို မတွေ့ခဲ့ရသော သူ၏လက်ကိုင် အလွန်လှပသော တုတ်ကလေးကို လက်တွင်ဖွေ့ကာယမ်းကာ သဘာဝ၏အရသာအား ခံစားနေပုံရလေ၏။

မောင်သိန်းဆွေအား ကြည့်လိုက်ပြန်သည်တွင် ကိုယ့်လူမှာ မျက်စိပေကလပ် ပေကလပ်နှင့် သူ၏ ခြောက်လုံးပြူးသေနတ်ကို ကျကျနန ပွတ်တိုက်ရင်း လေချွန်နေကာ အေးအေးဆေးဆေး ရှိနေပေသည်။





ကျွန်ုပ်ကို မြင်လျှင် မျက်လုံးလှန်ကြည့်လိုက်ကာ...

"ဟဲလို ... ဂွတ်မောနင်း ... ကာလနဂါး ... "

ဟု သူ့အား ကျွန်ုပ်အမြဲ နှုတ်ဆက်လေ့ရှိသော ဂေါ်လာစကားဖြင့် ဆီးကြိုခွန်းပြုလေတော့သည်။

အမှန်မှာကား ကျွန်ုပ်တို့ သုံးဦးမှာ ကျောင်းသားငယ်များ ဖြစ်ကြသည်ကတစ်ကြောင်း၊ မိမိတို့ကိုယ်တိုင် ရောက်ချင်နေသော နေရာဆီသို့ သွားကြရမည်ဖြစ်သဖြင့် တစ်ကြောင်းများစွာမှ စိတ်ပျော်ရွှင်ကာ အားတက်စွာရှိနေကြလေ၏။

တစ်ခါတစ်ရံတွင် မောင်သိန်းဆွေမှာ အတွေးနက်နေဟန်ဖြင့် စကားပြောဖော်မရဘဲ ရှိနေတတ်ရာ ထိုအခါမျိုး၌ လာသည့်ဘေး မည်သို့ရှိချေမည် မသိဟူသော အတွေးကလေးများ ဝင်ရောက်လာကာ စိတ်ထဲတွင် စိမ့်ခနဲဖြစ်သွားသည်မှတစ်ပါး မြင်ပြင်ကျယ်၏ သာယာလှပမှုမှာ ပျက်ပယ်ခြင်း မရှိပါပေ။

ဤရေကြောင်း ခရီးစဉ်ကလေးမှာ သာယာလှသည်မှတစ်ပါး အခြားထူးထွေသော အကြောင်းမရှိလှဘဲ မကြာမီက မိုးများခဲ့သဖြင့် ရေများပြည့်လျှံနေပြီး မော်တော်ခုတ်မောင်းရာတွင် သောင်တင်ရန်အတွက် မစိုးရိမ်ရတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဆောင်ကျောက်တန်းများကို လွတ်အောင် တိမ်းရှောင်ရခြင်းသာလျှင် အသည်းယားဖွယ်ရာ ဖြစ်နေပေ၏။

မော်တော်မောင်းသမားမှာ မြှောက်ပေးတိုင်း အပုတ်လုပ်တတ်သဖြင့် မြစ်ကျဉ်းတစ်နေရာတွင် ကျောက်စွန်းကြီးနှင့် ပွတ်ထွက်သွားပြီးနောက်၌ကား ကျွန်ုပ်တို့လည်း ထပ်မံမြှောက်ပင့်ခြင်း မပြုတော့ပေ။

မော်တော်မောင်းသမား နှစ်ယောက်စလုံးမှာ အသားမဲသလောက် ဖြူဖွေးနေသော သွားများကို အမြဲတမ်း သွားဖြီထားကာ မောင်မောင်ကြီးနှင့်ကား တဟဲဟဲနှင့် ဖြစ်နေကြလေသည်။ အလုပ်၌တွင်မူ ကျွမ်းကျင်၍သာ တော်ပေတော့၏။

စက်အလွန်ကောင်းသော မော်တော်ပင်လျှင် မေခနှင့် မေလိခ မြစ်ဆုံသို့ ရောက်ပါရန် ၅နာရီမျှ မရပ်မနားမောင်းရလေသည်။ မြစ်ဆုံတွင် ခေတ္တရပ်နားရင်း ကျွန်ုပ်တို့လည်း မေခမြစ်ခွဲကို ဆန်တက်ရန် သင့်မသင့် ထပ်မံ၍ ဆွေးနွေးကြပြန်လေ၏။

ဤတွင် ကျွန်ုပ်တို့၏ ခရီးစဉ်အရ အရေးကြီးသော အချက်မှာ မြစ်ကြီးနားမှ (၂၅)မိုင်ခရီးအဖြောင့်ပေါက်ရောက်နေပြီ





ဖြစ်သောကြောင့် အကယ်၍သာ မေခမြစ်ခွဲအတိုင်း အရှေ့ဘက်သို့ ခရီးဖြောင့်(၁၅)မိုင်ခန့် မြစ်ကွေ့ရောက်သည့်တိုင်အောင် ခုတ်မောင်းနိုင်ခြင်းမရှိခဲ့ပါက ခရီးမှာ ရောက်သင့်သလောက် မရောက်သည်ကို တွေ့ရခြင်း၊ ဒုတိယအချက်မှာ မေခမြစ်ကွေ့သို့ ရောက်နိုင်ပါက မြစ်ကြောင်းခရီးဖြောင့်မိုင် ၄၀(အမှန်အားဖြင့် မိုင်၅၀ကျော်) သို့မဟုတ် ကုန်းကြောင်းခရီးဖြင့် မိုင် ၃၀(အမှန်မိုင်၄၀)ကို တစ်နေ့မကုန်မီ ရောက်ရှိနိုင်သည် ဖြစ်သောကြောင့် ကုန်းကြောင်းခရီးစဉ်အရ နှစ်ရက်ကုန်မည့် အချိန်ထဲမှ တစ်ရက်ကောင်းကောင်း သုံးယူနိုင်ခြင်း။

တတိယအချက်မှာ မအောင်မြင်သော်လည်း တစ်ဝက်စာ ခရီးကောင်းကောင်းကြီး ပေါက်ခဲ့ပြီး ဖြစ်သဖြင့် ကောင်းကောင်းစား၍ အိပ်ရန်မှတစ်ပါး အကျိုးရုပ်ဖွယ် မရှိခြင်း။

ထို့နောက် အချက်များကား မိုးရာသီကုန်လုပြီ ဖြစ်သဖြင့် ရေ၏အရှိန်မှာ မြစ်ဖျားတွင် ထင်သလောက် မမြန်ခြင်းနှင့် မော်တော်ကလေးများမှာ ရေအနက်(၃)ပေကျော်ရှိလျှင် မောင်းနိုင်ခြင်း အစရှိသော အချက်များက ကျွန်ုပ်တို့အား ခရီးဆက်၍



www.burmeseclassic.com

www.burmeseclassic.com



ကောင်းအောင် လှုံ့ဆော်တိုက်တွန်းပေးနေသည်နှင့် (၁၂)နာရီတိတိတွင် ထိုနေရာမှ ထွက်ခဲ့ကြ၏။

ထိုအချိန်မှစ၍ ချောင်းသာသာရှိသော မြစ်ကလေးထဲတွင် ရေအတိမ်အနက်ကို အထူးခရီးစိုက်နေရလျက်. ကျောက်ကမ်းဘားများနှင့် မတိုက်ခတ်မိရန် အထူးသဖြင့် ကျဉ်းမြောင်းသောမြစ်ကွေ့များတွင် ဂရုစိုက်မောင်းနှင်ရတော့၏။

ဤသို့ဖြင့် မော်တော်မှာ တစ်နာရီ ၅မိုင်နှုန်းထက်ပိုမောင်းနိုင်ခြင်းမရှိဘဲ တရိတ်ရိတ်နှင့် ရှောင်ရှားနေရပေရာ ညနေ(၅)နာရီ ကျော်သည်တွင် ရေလယ်မှ ခေါင်းပြူ၍ ထွက်နေသောကျောက်စွန်းကြီးအား ကျော်လွှန်၍ လွတ်အောင် မောင်းနိုင်ခြင်းမှာ မစွမ်းတော့။

ဤတွင် ဝမ်းနည်းစွာဖြင့် သာယာကြည်နူးဖွယ်ကောင်းသလောက် စွန့်စွန့်စားစား ထွက်လာခဲ့သော မေခမြစ်တွင်းရေကြောင်းခရီးစဉ်ကို ရပ်တန့်လိုက်ရလေတော့၏။

သို့ရာတွင် ကျွန်ုပ်တို့မှာ မြစ်ကွေ့သို့ရောက်လာလျက် ခရီးဖြောင့်မိုင် (၂၀)၊ အမှန်မှာ မြစ်အကွေ့အချိုး များလွန်း





သဖြင့် (၂၅)မိုင်ကျော်မျှ ပေါက်ခဲ့၍ ရည်မှန်းသည်ထက်ပိုမိုအောင်မြင်သည်ကို တွေ့ရသောကြောင့် ဝမ်းသာရပေဦးမည်။

ထိုညအဖို့၌ မော်တော်ကို ကမ်းသို့ကပ်ကာ ညအိပ်နေ၌ အားလုံးသဘောတူလျက် ကျွန်ုပ်တို့လည်း ကျန်ရှိနေသော ခရီးစဉ်အတွက် အစီအစဉ်များ ပြုခြင်း၊ မှတ်မိသလောက် အညွှန်းမြေပုံများကို ညှိနှိုင်းတိုင်ပင်ပြောပြ၍ ရေးဆွဲခြင်းဖြင့် အချိန်များကုန်စေသတော့၏။


* * *



www.burmeseclassic.com

www.burmeseclassic.com







## ရွှေတွင်းလား... သေမင်းလား...

အရင် ကိုယ်တို့လာတာ(၅)ရက်ကြာတယ်ကွ ... ကြီးနားက (၁၁၀)မိုင်ဆိုပေမဲ့ မြစ်ကြီးနားအတိုင်း မိုင်(၁၂၀) က် ဘယ်နည်းမလဲ ... အခုကျန်တဲ့ ခရီးကို(၃)ရက်လောက် သွား ယ် ... ဒါ ... တစ်နေ့ (၂၅)မိုင်နှုန်းပဲ ... ”

“ဟာ ... ဘယ်ဖြစ်မလဲကွ ... ဟိုလူတွေက လူ တ်တွေ ... အရမ်းမောင်းသွားကြမှာ ... ကိုယ်တို့မြင်းတွေလည်း ာင်းသားပဲ ... တစ်နေ့ မိုင်(၄၀)လောက်ပေါက်မှ ဖြစ်မယ်...”

“အေး ... ဖြစ်နိုင်မယ်တော့ ထင်တာပဲ ... ဒီလမ်း



www.burmeseclassic.com

www.burmeseclassic.com



က တော်တော်လေးသာတယ် … အရင်ကိုယ်တို့ သွားကြတုန်းက တောင်ပေါ်ကို သွားကြတယ် … ဒီလိုဆိုရင် မနက်ဖြန် ညရောက်မှာပဲ … ”

ကျွန်ုပ်တို့အားလုံး ကချင်ရွာလေးတစ်ရွာမှ ထွက်လာခဲ့ကြပြီးနောက် အထက်ပါအတိုင်း ပြောဆိုနေကြခြင်း ဖြစ်လေသည်။

အခန့်သင့်ပင် မြင်းအတော်ကောင်းကောင်း သုံးကောင်ကို ထိုရွာတစ်ရွာမှ ဝယ်ယူရရှိခဲ့သဖြင့် ကျွန်ုပ်တို့သုံးဦးအား ခရီးစဉ်ကို မဖင့်မနွှေးဆက်နိုင်ကြပေသည်။

ခရီးလမ်းမှာလည်း မှားဖွယ်ရာမရှိ … မြစ်ရိုးအတိုင်းပင် စိုင်းနှင်ကြရန်သာ ရှိ၏။ မြေပုံပင် ကျွန်ုပ်တို့မှာ အလွတ်ကျက်မှတ်မိနေချေပြီ။

ရာသီဥတုမှာလည်း မြန်မာပြည် မြောက်ပိုင်း မြင်ဝှမ်းတစ်လျှောက် ဖြစ်ပြန်သောကြောင့် အတော်ကလေးပင် အေးသည်ဖြစ်သော်လည်း အစဉ်တစိုက် လှုပ်ရှားမှုရနေသောကြောင့် အေးလှသည် ဟူ၍မရှိလှချေ။





သို့ရာတွင် ဆိုးဝါးသော အချက်တစ်ခုမှာ မိုးရာသီဖြစ်သဖြင့် တစ်ချီတစ်ချီတွင် ရွာလိုက်သော မိုးကြောင့် ရွှဲရွှဲစိုကြရလေသည်။ လွန်စွာမများ၍ တော်ပေသေး၏။

ထိုနေ့တစ်နေ့လုံးလိုလိုပင် ပြတ်တောက်ပြတ်တောက် ရွာသွန်းသော မိုးထဲတွင် စိတ်ပျက်ဖွယ်ရာ ခရီးသွားကြရလေသည်။

မြစ်ဝှမ်းထဲတွင် နိမ့်ဆင်းနေသော တိမ်ပုတ်မိုးတွေ ဖြစ်ဟန်တူပေသည်။ ယမန်နေ့က ရာသီဥတု သာယာသလောက် ယနေ့ကား ဆိုးဝါးလှပေသည်။

ထိုနေ့ညတွင် မြစ်ကမ်းနံဘေး ကျောက်ကမ်းပါးကွေ့လေးတွင် စခန်းချကြပြီး မီးဖိုနံဘေး၌ ခိုက်ခိုက်တုန်အောင် အိပ်ကြရလေသည်။

ငှက်ဖျားမမိရန်အတွက်လည်း အထူးဂရုပြုကြရသျက် ရေများကို ကျိုချက်၍ သောက်ကြရလေသည်။ သားရဲတိရစ္ဆာန်တို့၏ အန္တရာယ်ထက် လောလောဆယ် ခြင်တို့၏ ရန်ကသည်း ဆိုးဝါးလှချေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ကျွန်ုပ်တို့လည်း မီးထပ်ထည့်ကာ ပါလာသမျှ စောင်များဖြင့် ကွေးကြရင်း ချမ်းအေးသော ညဥ့်ကာလများကို လွန်မြောက်ကြရလေတော့၏။

ကျွန်ုပ်တို့သည် နောက်နေ့နံနက်စောစောပင် ခရီးဆက်ကြရာတွင် ကောင်းကင်ပြင်မှာ နေရောင်ခြည်ဖြင့် ရှက်သန်းကာ ကြည်လင်တောက်ပ၍ နေခြင်းကို တွေ့ရလေ၏။

ကျွန်ုပ်တို့အားလုံး ရှင်လျက်ရှိပြီး မောင်မောင်ကြီးမှာ သေနတ်စမ်းချင်လွန်းသဖြင့် လက်ယားလျက် ဖြစ်နေသော်လည်း မောင်သိန်းဆွေ၏ ဟန့်တားမှုကြောင့် သူ၏လက်စွမ်းပြခွင့်မရသေးဟု တဖြစ်တောက်တောက် ပြောနေသည်မှ တစ်ပါး အထူးပင် အူမြူးနေသည်။

နေမှာလည်း မြင့်လာသည်နှင့်အမျှ ပူပြင်းလာသည်ကို တွေ့ရသဖြင့် ကျွန်ုပ်တို့လည်း ခရီးအစီအစဉ်ကို တစ်မျိုးပြောင်းလိုက်ကြရန်_ ဆုံးဖြတ်လိုက်ကြသည်။

ရွှေလိုဏ်ဂူအတွင်းသို့ ရောက်ရန်မှာ မြေချောင်းကြောင်းအတွင်းသို့ အရှေ့ဘက်တောင်တန်းမှ စီးဝင်နေသော မြ





မြောကလေးအတိုင်း ရေအိုင်ရှိရာသို့တိုင်အောင် သွားရမည်။ ထို့ကြောင့် မြစ်ကြောင်းတစ်လျှောက် လိုက်နေခြင်းမှ ခွဲထွက်လျက် တောင်တန်းကို တဖြည်းဖြည်း တက်သွားခြင်းက ခရီးကိုတိုစေပြီး ယခင်လမ်းကြောင်းကိုလည်း တွေ့နိုင်မည်။

သို့မှသာလျှင် ရွှေလိုဏ်ဂူ စခန်းမြေပုံအတိအကျ မသိရသော ကျွန်ုပ်တို့တစ်တွေအဖို့ လမ်းဟောင်းကို ပြန်၍ လိုက်ခြင်းအားဖြင့် ပိုမိုလွယ်ကူပေလိမ့်မည်။

ထို့ကြောင့် တောအုပ်တစ်ခု အလွန်တွင် မြစ်အတွင်းသို့ စီးဝင်လာသော ချောင်းငယ်လေး တစ်လျှောက်အတိုင်း အရှေ့ဘက်သို့ ခွဲထွက်ခဲ့ကြလေသည်။

ကျွန်ုပ်တို့မှာ မြေပုံတွင်ပါသော ချောင်းကြီးနှင့် ရာသီဥတုအခြေအနေကြောင့် ယခုကဲ့သို့ ဖြစ်ပေါ်လာသော ချောင်းငယ်ကလေးမျိုးတို့ မမှားအောင်လည်း အထူးဂရုစိုက်ကြရပြန်သည်။

သို့ရာတွင် အချိန်၏ အတိုင်းအထွာအားဖြင့် ရွှေတွင်းလိုဏ်ဂူစခန်းမှလာသောချောင်းသို့ မရောက်နိုင်သေးဟု ခန့်မှန်းရပေသည်။ အချိန်မှာ နေမွန်းတည့်ကာမျှသာရှိနေသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



တည်း။

ကျွန်ုပ်တို့၏ ခန့်မှန်းချေ မှန်ကန်သည်ကို မကြာမီ အစပြတ်သွားသော ချောင်းကလေးက သက်သေခံလျက်နေသည်ကို တွေ့ရလေသည်။

သို့ရာတွင် ကျွန်ုပ်တို့ ထင်သကဲ့သို့ ရာသီဥတုမှာ အေးလာသည်ဟု မရှိဘဲ ပူပြင်းသည်ထက် ပူပြင်းလာရုံမျှမက လေကလည်း အထူးပင် ငြိမ်သက်လာကာ အစဉ်တစိုက် လှုပ်ရှားနေသဖြင့်လည်း အိုက်စပ်စပ်နှင့် အလွန်ပင် အနေရခက်လှပေ၏။

မြစ်ဝှမ်းမှာ ပင်လယ်ပြင်အထက်ပေ(၁၀၀၀)ကျော်တွင် ကျန်ရစ်လျက် အပူဒီဂရီ ဖာရင်ဟိုက်(၆) ဒီဂရီလျော့သွားခြင်းကို ကြည့်ခြင်းအားဖြင့် ပေ(၃၀၀၀)ကျော်အမြင့်သို့ ရောက်ရှိလာပြီဟု ခန့်မှန်းနိုင်ပေသည်။

ထိုအမြင့်တွင် ရာသီဥတုမှာ ခရီးသွား၍ အလွန်ကောင်းကြောင်းကို တွေ့ရလေသည်။ ကျွန်ုပ်တို့ကလည်း ခရီးတွယ်ကျယ်မှုကို အမိကထားကာ တောင်ဆင်ခြေလျှောပြေပြစ်သော အခိုက်တွင် အရှေ့ဘက်သို့ တွင်တွင်တက်လျက် မတ်စောက်





သော မြောက်ဘက်ဆီ အလိုက်သင့် မြင်းများကို ထိန်းပေးခြင်းဖြင့် ပြင်းပြင်းထန်ထန်ပင်ပန်းမှုကို တားဆီးကြရ၏။

ဤကဲ့သို့ မတ်စောက်သော တောင်ခါးပန်းများကို တမင်ရှောင်ရှားနေသည့် အထဲကပင် မလွဲမရှောင်သာ အကျပ်အတည်း တွေ့ကြုံလာတတ်ကာ မြင်းများပေါ်မှဆင်း၍ ဆွဲယူခေါ်ရသောအခါများရှိလျက် တစ်ကြိမ်တစ်ကြိမ်တွင်လည်း ထူထပ်သော သစ်တောကြီးများကြားတွင်တိုးမပေါက်ဘဲ ရှိနေသောကြောင့် ပြန်လှည့်လာရသော အခါများလည်းရှိသေး၏။

ခပ်စောစောက အပေါ်မှစီး၍ မကြာမကြာ မြင်နေရသော နေရောင်အောက်တွင် ဖွေးဖွေးဖြူနေသော မေခမြစ်ကြောင်းလေးကိုလည်း တောင်တန်းကလေးများနှင့် သစ်တောများကို ဖြတ်ကျော်ပြီးသည့် အချိန်မှစ၍ မတွေ့ရတော့ဘဲ ကျွန်ုပ်တို့၏ မြင်ကွင်းများမှ အပြီးတိုင် ပျောက်ဆုံးသွားတော့လေသည်။

အချိန်နှောင်းလာသည်နှင့်အမျှ ကျွန်ုပ်တို့အဖို့ အရေးကြီးသော အစိတ်အပိုင်းသို့လည်း ရောက်ရှိလာပေပြီ။ ရွှေလိုဏ်ဂူစခန်းဆီ ရောက်အောင် ကြိုးစား၍ လာနိုင်သည်ဖြစ်နိုင်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ရွှေလိုက်ဂူကြီး၏ နေရာအတိအကျသို့ ရောက်ရှိရန်မှာ အသေးစိတ်မြေပုံမပါဘဲ သွားနိုင်ရန် မလွယ်ကူကြောင်းကိုမူ အထူးဖော်ပြရန်လိုမည် မဟုတ်ပေ။

ယခင်ကတည်းက ရှိခဲ့သော ရွာသိမ်၊ ရွာငယ်လေးများမှာ ခေတ်ပျက်တွင် ပျောက်ကွယ်ခဲ့ပြီး တစ်ခါက စခန်းချခဲ့ဖူးသော နေရာဟောင်းကိုလည်းကောင်း၊ရေအိုင်ကလေးကိုသော်လည်းကောင်း၊ မေခမြစ်တွင်းသို့ စီးဝင်သော မြစ်မြွာကလေးကိုလည်းကောင်း၊ တွေ့ရှိအောင် ဦးစွာရှာဖွေကြရပေမည်။

ယခုအချိန်ထိအောင်ပင် ကျွန်ုပ်တို့မှာ လူတစ်ဦးတစ်ယောက်၏ အရိပ်အယောင်ကိုမျှ မတွေ့ရှိသေးပေ။ မောင်မောင်ကြီးကမူကား ကျွန်ုပ်တို့လာခဲ့သော လမ်းကြောင်းမှာ အခြားသူများ၏ လမ်းကြောင်းနှင့် မည်သည့်နည်းနှင့်မျှ တူနိုင်ဖွယ် မရှိကြောင်း။

ထို့အပြင် မကြာခဏ ရွာခဲ့သော မိုးကြောင့်လည်း သွားနှင့်ပြီးသော သူတို့၏ ခြေရာလက်ရာတို့ကို တွေ့နိုင်ရန်ခဲရင်းကြောင်း၊ သို့တိုင်အောင် မြစ်ကြောင်းတစ်နေရာတွင်မူ မကြာမီက





သုံးထားခဲ့ဟန်တူသော ငါးသေတ္တာဘူးခွံတစ်ခုကို တွေ့ခဲ့ရကြောင်း ပြောပြပေရာ အားတက်စေရန် ပြောသလော၊ တကယ်အမှန်ပင်ဖြစ်သလော၊ မသိရသော်လည်း ကျွန်ုပ်တို့မှာ အမှန်ပင် စိတ်အားထက်သန်မိခဲ့ကြပေ၏။

တစ်ခါတစ်ရံတွင်လည်း ဒုက္ခအလွန်ပေးခဲ့သော ဤအရပ်၊ ဤဒေသသို့ ပြန်လည်၍ သွားရသည်မှာ ထောင်ချောက်အတွင်းမှ ထွက်ခဲ့ပြီး တစ်ဖန်ပြန်ဝင်သော သားကောင်ပမာ ဖြစ်ချေပြီလောဟူ၍လည်း ကျွန်ုပ်ကထူးဆန်းစွာ တွေးမိပေ၏။

ကျွန်ုပ်တို့ သုံးဦးသားအသက်မှာလည်း ဤမျှကြီးကျယ်သောတောတွင်းများထဲတွင် ပျောက်ဆုံးမည်ဆိုက ပျောက်ဆုံးသွားနိုင်ကြောင်းကို သတိပြုမိသောအခါတွင်ကား ကြောထဲတွင် စိမ့်ခနဲနေအောင်ပင် တုန်လှုပ်နေမိတော့ပေသည်။

တကယ်တော့လည်း စိုးရိမ်စရာပင်။ တောတောင်တို့၏ ရာသီဥတုအခြေအနေအရ ပြောင်းလွဲမှုကြောင့် မူလက ယဉ်ပါးသော ရှုမြင်ကွင်းများမှစ၍ အမှတ်အသားများကို အစအနမျှ မတွေ့ရပါဘဲ အစဉ်သဖြင့်ဆိုသလို တောတောင်များ၏ အရိပ်



www.burmeseclassic.com

www.burmeseclassic.com



အရောင်၊ အသံဗလံများဖြင့်သာ အပေါ်ပြု၍ နေကြရသော ကျွန်ုပ်တို့ အခြေအနေမှာ အဘယ်မှာ စိတ်ချနိုင်ဖွယ် ရှိမည်နည်း။

ထိုကဲ့သို့သော သံသယစိတ်ကလေးများ၊ စိုးရိမ်စိတ်ကလေးများပင် အမှားများကို ဖြစ်ပေါ်စေတတ်သောကြောင့် မောင်သိန်းဆွေက ကျွန်ုပ်တို့အား ခရီးလမ်းတစ်လျှောက်တွင် သံသယဖြစ်လာတိုင်း သွေးအေးအေးနှင့် စဉ်းစားရန် အမြဲတမ်း သတိပေးလျက်ရှိပေသည်။

နေအတန်ငယ် စောင်းသွားသောအချိန်တွင် ကျွန်ုပ်တို့မှာ ကျန်ရှိနေသော ပေ(၂၅၀၀) အမြင့်ကို ကြိုးစားပမ်းစား တက်နေကြရပေပြီ။

မကြာမီပင် တောင်တန်းတစ်လျှောက်မှာ မတ်စောက်နေသဖြင့် မြင်းများပေါ်မှ ဆင်း၍ ဆွဲကြရပေသည်။

ထိုအချိန်တွင် သစ်တောများလည်း တစထက် တစပါးလာကာ တောင်ထရံတစ်လျှောက် ကျောက်များဖြင့် ပြည့်နှက်များပြားနေသည်ကို တွေ့ရပြီး စခန်းနှင့် မဝေးကွာတော့ကြောင်း အကဲခတ်နိုင်ပေသည်။





ထိုအခိုက်တွင် ကျွန်ုပ်တို့လည်း တောင်ဘက်သို့ အွက်ခဲ့ကြရာ မကြာမီပင် ခက်ခဲခြင်းမရှိတော့ဘဲ ရွှေလိုဏ်ဂူ လျှိုမြောင်ကြီးအနီးသို့ ဆိုက်ရောက်ခဲ့ကြလေတော့သည်။

အနီးဆီသို့ ချဉ်းကပ်မိသည်တွင် အောက်၌ မဲနက်မှောင်မိုက်နေသော လျှိုကြီးကို တွေ့မြင်ရလေ တစ်ကြိမ်တစ်ခါက ကျွန်ုပ်၏ အသက်ကိုပင် ဖမ်းစားခဲ့ပါတကားဟု များစွာပင် တုန်လှုပ်ချောက်ချားမိလေ၏။

ထိုအချိန်တွင် အထက်မိုးကောင်းကင်မှ လျှပ်ရောင်တွေ တဝင်းဝင်း၊ မိုးထစ်ချုန်းသံတွေ ပြင်းထန်စွာ ထစ်ချုန်းလိုက်သဖြင့် ကျွန်ုပ်တို့ သုံးယောက်သားမှာ ခေါင်းများပင် ပုဝင်သွားတော့၏။

လေကလည်း အတော်ပင် ပြင်းပြင်းထန်ထန် တိုက်ခတ်နေရာ အနီးတွင် ရှိနေသော ချုံပုတ်ကြီးများမှာ လှုပ်လှုပ်ရှားရှားဖြင့် ဤအချိန် ဤနေရာမျိုးတွင် မကောင်းဆိုးဝါးများနှင့် တူလှချေ၏။

ကျွန်ုပ်တို့၏ အနောက်ဘက်တွင် မဲမဲကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



သဏ္ဍာန်တစ်ခု မိုးလျှက်နေသည်ကို လှျပ်ရောင်တွင် မြင်လိုက်ရသောခဏ၌ ကျွန်ုပ်၏ ကိုယ်တွင်းရှိ သွေးများပင် ရပ်တန့်သွားသည်ဟု ထင်မှတ်လိုက်ကာ ရင်ထဲတွင်လည်း ထိတ်ခနဲ ဖြစ်သွားလေ၏။

အကြောင်းသော်ကား အချိတ်ချိတ်ကြီး ဖြစ်နေသော လှျပ်စစ်တန်းကြီး ရှေ့တွင် ထိုမဲမဲအရိပ်ကြီးတွေ့ရလျက် –

မိုးချိန်းသံများ 'တဒက်ဒက် တဒိန်ဒိန်' မြည်ဟီးသွားသည့်အဆုံးတွင် အောင်မြင်သော အသံဖြင့် ...

"ကိုင်း ... လက်မြှောက်လိုက်စမ်း ... မင်းတို့ ဘယ်သူတွေလဲ ... "

ဟူသော အသံသြသြကို ကြားလိုက်ရသောကြောင့် ဖြစ်လေ၏။

သို့ရာတွင် မောင်သိန်းဆွေ၏ အသံဖြင့် ...

"ကိုခင်မောင်ဦး ... သိန်းဆွေနဲ့ ကျွန်တော်တို့ သူငယ်ချင်း မောင်မောင်ကြီးတို့ပါပဲ ... ကိုဘဇော် ... "

ဟု ပြောလိုက်သည်ကို ကြားလိုက်ရသောအခါ ကိုဘဇော်(ခေါ်) ကိုဘမော်၏ ပါးစပ်မှ အာမေဋိတ်သံများပင် ထွက်ပေါ်လာလျက် ကျွန်ုပ်တို့အား သူ၏ နောက်သို့လိုက်ရန် ခေါ်ဆောင်သွားလေ၏။





* * *



www.burmeseclassic.com

www.burmeseclassic.com









## လက်စားချေပွဲ

တော်င်စောင်းတစ်နေရာသို့ရောက်သောအခါလိုဏ် ခါင်းကလေးတစ်ခုထဲသို့ ကိုဘဇော်တစ်ယောက်ဝင်သွားပြီး ခဏ တွင်းပင် လေအတန်လုံသော ထိုဂူကလေးထဲတွင် မီးဖိုမှာထင်းမီး းဖြင့် ထိန်လင်းကာ ရှိနေလေ၏။

ကျွန်ုပ်တို့လည်း ထင်းများထပ်မံဖြည့်ထည့်၍ ရေ းအိုးများကို တည်ထားကာ မြင်းများ ကိုယ်စီပေါ်မှ ယူလာသော ည်းများကို နေသားတကျ စီစဉ်ကာထားကြပြီး မြင်းများကိုမူ ခန်းနီးများဖြုတ်ကာ ကိုဘဇော် မြင်းနှင့်အတူ အပြင်ဘက်ရေ



www.burmeseclassic.com

www.burmeseclassic.com



ကွယ်ရာ ကျောက်စောင်းကွေ့ကလေးအတွင်းတွင် ချီထားပြီးခြံ
တွင် မိုးသက်မုန်တိုင်းများမှာလည်း ပြင်းထန်၍ လာလေပြီ။

ကျွန်ုပ်တို့လည်း ကော်ဖီဖျော်ရန် ပြင်ဆင်သူက ပြင်ဆင်၊ ငါးသေတ္တာဖေါက်သူကဖေါက်ဖြင့် ဆာလောင်လှ၍လည်း ပေါင်မုန့်ခြောက်များကို ကိုက်ချီဝါးကာ နေကြတော့သည်။

လုပ်ရင်းကိုင်ရင်း ကိုဘဇော်ကပင် စတင်၍ ...

"ဒီအချိန်ထိတော့ မင်းတို့ကလွဲလို့ ဘယ်သူမှ ဒီတောကြီး
မှာ အစအနတောင် မတွေ့မိသေးဘူး ... ကိုယ်ရောက်
လည်း သိပ်မကြာလှသေးဘူးကွ ... "

ဟုပြောလေ၏။

"ဟုတ်လား ... သက်ဆိုင်ရာကလည်း သတင်းရထားတ
ထင်တယ်ဗျ...ဆားပုလင်းတစ်ယောက်တောင် ကျွန်
တို့ရထားနဲ့ ပါလာတယ်ဗျ ... "

"ဒီအကောင်တွေက ဘာဝင်ရှုပ်ပြန်တာလဲ ... ဒါပေမဲ့ သူ
ဒီအထိ တောင်လိုက်မယ် မထင်ပါဘူး ... "

ဟုပြောရင်း ကိုဘဇော်လည်း ကော်ဖီခွက်ကို





ပေးနေသည်။

"အေး ... ဟုတ်တယ်ကွ ... ကိုယ်တို့ ဒီလာတာ သူဘယ်နှဲ့ သိနိုင်မလဲ ... သိတောင် သူလည်း လာနိုင်ဖို့ ခဲယဉ်းသားပဲ"

"ဟဲ ... ဟဲ ... လိုက်လာစမ်းပါစေကွာ ... ဘယ်နေရာမှာ ကျားစာဖြစ်မလဲ ... "

ဟု မုန့်ပလုပ်ပလောင်းနှင့် သိန်းဆွေက ကျေနပ်စွာ ထောက်ခံလိုက်လေ၏။

"မင်းတို့က မြေပုံနှစ်ခုရှိတယ်ဆိုတာကို မေ့နေကြပြီ ထင်တယ် ... နောက်ပြီးတော့လည်း ကိုဋ္ဌေးလှိုင်ရေးထားတဲ့ စာကို သူ့အရင်တွေ့မိလိမ့်မယ် ... တိုဋ္ဌေးလှိုင်မရှိတော့တဲ့ နောက် ဦးဒိုးလုံး ဘယ်ရောက်နေလဲဆိုတာ သူ့အဖို့ စိတ်အေးစရာ ဖြစ်နေတာပေါ့ ... "

"ကဲ ... ဦးဒိုးလုံး ဘယ်ရောက်နေလဲဆိုတာ ဖြေကြစမ်းပါဦး ... "

ဟု ခက်ထန်စွာ မေးလိုက်သံကြောင့် နောက်သို့ လှည့်ကြည့်လိုက်ရာ ခြောက်လုံးပြူးတစ်လက်ဖြင့် အသင့်ချိန်ထား



www.burmeseclassic.com

www.burmeseclassic.com



သော မောင်သိန်းဆွေကို တွေ့ရပေတော့သည်။ သူကပင် ဆက်လက်၍ ...

"မလှုပ်ကြနဲ့ ... ဟိုဘက်က ဦးဘဇော်ကလည်း ခင်ဗျားရဲ့ သေနတ်လေးကို တဆိတ်လောက် လှမ်းလိုက်ပါဗျာ ... အကြောင်းကြောင်းတော့ မလုပ်လေနဲ့နော် ... ဒါပဲ ... "

ဟုပြောရင်း သေနတ်မှာလည်း သူ၏လက်တွင်းသို့ ရောက်သွားလေ၏။

ကိုဘဇော်၏ သေနတ်မှာ သူ၏အိတ်ထဲတွင် ရှိနေသည်ကို ကိုသိန်းဆွေ အဘယ်သို့ သိနေသည်ကို ကျွန်ုပ်တို့မှာ တွေးမရအောင် ဖြစ်နေပေသည်။

သို့ရာတွင် မောင်မောင်ကြီးထံတွင် သေနတ်တစ်လက်ရှိသေးကြောင်းကို သိဟန်မတူသဖြင့် တော်ပေသေး၏။

သိန်းဆွေက မုန့်ခြောက်အပဲ့ကလေးကို ကိုင်ထားသော လက်ဖြင့် သူ၏မျက်နှာရှေ့တွင် မမြင်ရသည့် ယင်ကောင်တစ်ကောင်ကို ဝှေ့ရမ်းလိုက်ရင်း ပါးစပ်ကို ဖြလျက် ...

"မင်းကလည်း တော်တော်နောက်တဲ့ ကောင်ပဲ ... သေနတ်နဲ့ မကြည့်စားကောင်းဘူးကွ ... "

"မောင်မောင်ကြီး ... မင်းကလည်း ဘုမသိဘမသိနဲ့ ဝင်ပါနေပြန်ပြီ ... အခြောက်တိုက် သေနေဦးမယ် ... အဲဒီဗေဒင်ဆရာ လူသေကိုတော့ တွေ့အောင်ဟောနိုင်ပြီး သတ်တဲ့ လူကို ဟောစမ်းပါဦး ... "

ဟုပြောရင်း သိန်းဆွေအား ချိန်ရွယ်ထားသော သေနတ်ပြောင်းကို မောင်မောင်ကြီးဘက်သို့ လှည့်လိုက်လေ၏။

မောင်မောင်ကြီးကား ငါးသေတ္တာအကြွင်းအကျန်များကို ကျကျနနပင် မုန့်ခြောက်များနှင့် ကော်ယူရင်း မော်၍ပင် မကြည့်ဘဲ စားသောက်မည့်ဟန် ပါးစပ်နားတွင် တေ့ပြီးမှ ...

"ဖြည်းဖြည်းပေါ့ကွာ ... မင်းလည်းဆာမှာပေါ့ ... စားပါဦးလား ... "

ဟုပြောလိုက်ပြန်၏။

"ဟား ... ဟား ... ဟား ... ဒါမျိုးမရဘူးလေ ... ဟိုတုန်းက လစ်သွားလို့ ခံလိုက်ရတာ ... "

"ဟော ... ဟော ... ဘယ်တုန်းက ခံလိုက်ရတာလဲကွ ...







www.burmeseclassic.com

www.burmeseclassic.com



နားမလည်ဘူး ... ”

သိန်းဆွေမှာ သူ့စကားမှားသွားသဖြင့် တစ်ကြောင်း တကယ်လည်း ဆာနေသဖြင့် တစ်ကြောင်း ပိုမိုဒေါသဖြစ်လာလျက် ရမ်း၍ ကြဲလေတော့၏။

“ဟေ့ ... လျှာရှည်တယ်ကွာ ... ဘယ်သူလဲ ... ပြောမလား မပြောဘူးလား ... ”

“မပြောရင် မင်းက ဘာလုပ်မလို့လဲ ... ”

မောင်မောင်ကြီး၏ အသံမှာလည်း မာလာလေပြီ။

“မပြောရင် မင်းကိုသတ်ရလိမ့်မယ် ... မင်း လက်ချက်လည်း ဖြစ်နိုင်တာပဲ ... ဒါကြောင့်လည်း ငါ့ဦးလေး ဘယ်နေရမယ် ဆိုတာ မင်းသိနေတာပေါ့ ... ”

ဟု စွပ်စွဲပြောဆိုကာ နောက်တစ်ဖန် ဆက်လက်၍...

“ဟိုဘက် ညွှန့်သည်ကရော ... ခင်ဗျား‌ရဲ့ ရွှေလိုဏ်ဂူ မြေပုံကို ကျုပ်ဦးလေးက ယူတာမို့ သတ်လိုက်တာလား ... ဒီကြောင့်သာ ခင်ဗျားထွက်ပြေးတာ ဖြစ်ရမှာပေါ့ ... ”





ဟု ပြောပြန်သည်။

“ဟော ... ဟော ... မင်းဟာက ဘာမှမသေချာပါလား ကွ ... ဘယ်သူသတ်တယ်ဆိုတာ မင်းရဲ့ဦးလေးကို သေချာ မေးခဲ့ဖို့ ကောင်းတယ် ... နောက်ပြီး ကိုဘဇော်ရဲ့ မြေပုံကို တော့ ကိုဒွေးလှိုင်ယူသွားတယ်ဆိုတာ ... သူ့ရေးတဲ့ စာထဲ မှာ အရှင်းနေသားပဲကွာ ... ”

“ဒါကို မယုံနိုင်ဘူး ... ကိုဘဇော်ဟာ သူ့ကို မထင်အောင် တမင်ရေးထားနိုင်တာပဲ ... ”

“အေး ... အဲဒီအချက်ကို ကိုယ်တောင်မတွေးမိဘူး ... မင်း က ဒီလိုတော့ အလာကြီးပဲ ... ”

ဟု မောင်မောင်ကြီးလည်း အနည်းငယ်တွေဝေသွားရာမှ ပြောလိုက်ကာ နေရာမှဖြေးညှင်းစွာ ထ၍ စစ်လွယ်အိတ်များ ရှိရာသို့ ခပ်တည်တည် လျှောက်နေလေလျက် မောင်စိန်တင်က ...

“ဟေ့ကောင် ... ရပ်ကွာ ... ဘာညာဏ်များဦးမလို့လဲ ...”

ဟု မေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သေရတော့မဲ့ဟာ ... ရေလေးတော့ ဝအောင်သောက်ပါ ရစေဦးကွာ ... "

ဟု ပြောရင်း ရေဘူးကို ဆွဲယူကာ ဇိမ်နှင့်သောက် နေပြီး ...

"တကယ်ဆိုတော့လည်း မသတ်ရဲသေးပါဘူးကွ ... ဟင်— ဟင်... မင်းဦးလေး သတ်တဲ့လူကို သိချင်သေးတယ် မဟုတ် လား ... "

ဟု ပြောနေရာမှ စူးစိုက်စွာ နားထောင်နေသော မောင်သိန်းဆွေအား ကျေနပ်ဟန်ကြည့်လိုက်ပြီး ဆက်ပြောပြန် သည်။

"အေး ... မင်းဦးလေးဟာ ကိုဘဇော် အိပ်နေတုန်းမှာ မင်း ခုနက ပြောသလိုပဲ ... ရွှေလိုဏ်ဂူမြေပုံကို ယူနေတာပေါ့ ကွာ ... ဟဲ ... ဟဲ ... သူတစ်ပါးမပေးတဲ့ ပစ္စည်းကို ကာယကံရှင် ကိုဘဇော်ကို အိပ်ဆေးမိထားပြီးပြီလို့ စိတ်ချ လက်ချလုပ်နေတဲ့ မင်းဦးလေးဦးဒိုးလုံးဟာ ထင်သလောက် ကံမကောင်းရှာဘူးပေါ့ကွာ ... မြေပုံခိုးနေရင်းတန်းလန်း





ကိုဒွေးလှိုင်နဲ့မိလို့ သေနတ်ချင်းပြိုင်ပစ်ကြတာကိုး ... အင်း... ကိုဒွေးလှိုင်ဟာ သေနတ်ပစ် အတော်ကျွင်လည် တယ်လို့ ဆိုရမှာပေါ့ ... "

"ဩော် ... ဒွေးလှိုင် ... ဒွေးလှိုင် ... ဟင်း ... ငါထင် လိုက်သားပဲ ... တွေ့ရောပေါ့ကွာ ... "

"ကဲ ... ဘာပဲဖြစ်ဖြစ် မင်းတို့ဟာလည်း ငါ့ရဲ့ ရန်သူတွေ ပဲ ... အရင်ဆုံး နှုတ်ပိတ်ထားရတာပေါ့ကွာ ... "

"တွေ့ရင် မင်းသေမှာပေါ့ ... မသေတောင် ငါတို့က ရှိနေ သေးတာပဲ ... "

"ဒါပေမဲ့ ... မင်းဦးလေး အလောင်းကြီးကို ရဲအဖွဲ့က အလှ ကြည့်နေမလားကွ ... ဒီကိစ္စမင်းထင်သလောက် မင်းအကြံ ဖျက်လိုက်ပါတော့ ... "

"ဟား ... ဟား ... ဟား ... ဒါ မင်းလက်ချက်နေမှာပဲ ... ရဲအဖွဲ့က အလာကောင်းပေမဲ့ အခါနှောင်းနေပြီကွ ... "

ဟူသော အသံနှင့်အတူ 'ဒိုင်း'ခနဲ မြည်ဟီးသွား သော သေနတ်သံ ဆက်တိုက်ထွက်ပေါ်လာလေရာ ကျွန်ုပ်၏ သူ



www.burmeseclassic.com

www.burmeseclassic.com



ငယ်ချင်း မောင်မောင်ကြီးသည် သူဝါသနာပါလှသော စွန့်စားမှု စုံထောက်အလုပ်နှင့်တကွ လူ့ဘဝကြီးတစ်ခုလုံးကို စွန့်လွှတ်ရလေပြီဟု လွန်စွာပင် ဝမ်းနည်းသွားရလေသည်။

နောက်တစ်ချီ၌မူ ကျွန်ုပ်တို့ ကျန်လူများအလှည့်သို့ ဤကြမ္မာဆိုးကြီး ကျရောက်ပေတော့မည်ဟုသာ အောက်မေ့လိုက်မိ၏။ သို့သော် ကံကြမ္မာဟူသည်ကား အတော်လေးပင် ထူးခြားဆန်းကြယ်လှပေ၏။

အကြောင်းသော် မီးခိုးတလူလူ ထွက်နေသော ခြောက်လုံးပြူးကို တင်းကျပ်စွာ ကိုင်ထားလျက်ရှိသည့် မောင်သိန်းဆွေအား မြင်တွေ့လိုက်ရသောကြောင့်ပင်တည်း။

မောင်မောင်ကြီးနှင့်တကွ ကျွန်ုပ်တို့အားလုံးမှာ ဝမ်းသာအားရဖြစ်နေစဉ် ...

'ဒိုင်း'ခနဲ သေနတ်သံ ထပ်မံထွက်ပေါ်လာပြီး မောင်သိန်းဆွေ၏ လက်မှ သေနတ်မှာ အောက်ဆီသို့ လွတ်ကျသွားလေတော့၏။

မောင်သိန်းဆွေ၏ လက်မောင်း၌ကား သွေးချင်းနီ





နေသည်ကို တွေ့ရလျက် ကံကြမ္မာ၏ ထူးခြားစွာလှည့်စားလိုက်ပုံမှာ စိတ်နာဖွယ်ကောင်းလှပေသည်။

"ကဲ ... မင်းတို့အားလုံး နေရာက မရွေ့ကြနဲ့တော့ ... "

ဟု ပြောရင်း မောင်မောင်ကြီးမှာ လဲနေရာမှ ကြိုးစား၍ ထနေသည်ကို တွေ့ရကာ မောင်သိန်းဆွေ ပစ်လိုက်သော ကျည်ဆန်မှာ ဘယ်ဘက်ပေါင်ရင်း၌ မှန်ထားကြောင်းကို မြင်ရလေသည်။

တစ်ခဏအတွင်း အပြောင်းအလဲ လျင်မြန်ပုံကြောင့် ကြက်သေ သေနေကြသော်လည်း အသက်ဘေးနှင့်တွေ့ကာ သွေးနီးကြရတော့မည့် ပထမအကြိမ် မောင်မောင်ကြီးအား ပစ်ပြီဟု ထင်မှတ်စဉ် များစွာမှ ယူကြုံးမရဖြစ်ရ ယခုမူ ထိုကဲ့သို့ အဖြစ်မခံ။ တစ်ယောက်ကောင်း အသေခံစွန့်ကာ ကျန်လူများ၏ အသက်ကို ကယ်ဆယ်ပြီး မိုက်ကန်းလွန်းသော သူ့အား အပြစ်ရစေမည်ဟု စိတ်ကို အပြီးအပိုင် ဆုံးဖြတ်မိတော့၏။

မီးဖိုကလေးမှ အလင်းရောင်များမှာလည်း တဖြည်းဖြည်းချင်း မှေးမှိန်နေခဲ့ရာ ပြင်ပမှ အမှောင်ထုပင် ဂူအတွင်းထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ချဉ်းနင်းဝင်ရောက်လျက် ရှိချေပြီ။

မိုးကြိုးထစ်ချုန်းသံတို့မှာလည်း စိတ်နှလုံး ချောက်ချားဖွယ်ပင် ဖြစ်နေသော်လည်း ကျွန်ုပ်တို့မှာ ဂရုမစိုက်နေနိုင်တော့ချေ။

သေလုသေခင် ဖြစ်နေသော မီးတောက်ကလေးမှ လှုပ်ရှားနေသေးသော အလင်းရောင် တစ်ချက်ချက်တွင် လက်၍သွားသော လျှပ်ရောင်၏ နိမိတ်စွန်းတွင် ကျွန်ုပ်တို့ သူငယ်ချင်းသုံးယောက်နှင့်အတူ ကိုဘဇော်တို့ပါ မလှုပ်မယှက် ရပ်လျက် နေသော မောင်သိန်းဆွေအား ကြည့်ကာ အံ့ဖွယ်ကောင်းသည့် ဤအခြေအနေမျိုးတွင် ဘယ်ဘဝက ဝဋ်ကြွေးကြောင့် ဆုံစည်းရလေသနည်းဟု ထိတ်လန့်တုန်လှုပ်စွာ တွေးမိကြမည်ကား မလွဲချေ။

ထိုအခိုက် မြည်ဟီးထစ်ချုန်းလိုက်သော မိုးကြိုးသံကြီးလည်း ဂူအတွင်းဆီသို့ စုပြုံပြီးဝင်လာရာ ကျွန်ုပ်တို့တစ်တွေမှာ ပြန်လည် အသက်ဝင်လာကြသူများပမာ ဖြစ်လာကြပြီး မောင်မောင်ကြီးမှပင် အာခြောက်ကြီးနှင့် တံတွေးမြိုလိုက်သံကို ကြားလိုက်မိပေသည်။





ထိုမိုးချိန်းသံပင်လျှင် မောင်သိန်းဆွေအား အချက်ပေးလိုက်သလို ဖြစ်လျက်သူ၏ မျက်နှာမှာလည်း ခက်ထန်တင်းမာသွားပြီး သေနတ်ပြောင်းကိုလည်း မောင်မောင်ကြီးရှိရာသို့ ရွေ့လျားသွားကာ သေနတ်မောင်းကို 'ဂျောက်'ခနဲ အတင်လိုက်တွင် ကျွန်ုပ်တို့လည်း အားကိုအစွမ်းကုန်ထုတ်ရင်း ဖွတ်ပြေးထွက်လိုက်လေတော့၏။

ထိုစဉ်တွင် မီးဖို၏ တစ်ဘက်မှ ကိုဘဇော်လည်း ပြေးထွက်လာသည်ကို သတိပြုလိုက်မိကာ မောင်မောင်ကြီးတစ်ဦးတည်းကိုသာ သည်းသည်းမည်းမည်း ဖြစ်နေသော မောင်သိန်းဆွေအဖို့ မမျှော်လင့်သော အနှောင့်အယှက်ကြောင့် အတော်ကြီး အကျပ်ရိုက်သွားပုံရလေသည်။

သို့သော် နားရွက်နားမှ ရှီခနဲ ဖြတ်သွားသော သေနတ်ကျည်ဆန်က ကျွန်ုပ်၏ မျှော်လင့်ခြင်း ရောင်ခြည်ကို ဆိတ်သုဉ်းမှုဖြစ်စေပြီး မမျှော်လင့်သော အဖြစ်အပျက်တစ်ရပ်ကြောင့် မိမိမျက်စေ့ကိုပင် ယုံကြည်မှုကင်းမဲ့လုနီးပါး ရှိချေ၏။

အကြောင်းမှာသော်ကား မောင်သိန်းဆွေ၏ သေနတ်



www.burmeseclassic.com

www.burmeseclassic.com



မှာ အောက်တွင် လွတ်ကျနေလျက် ညာဘက်လက်ကို ဆုတ်ကိုင်ထားသော သူ၏ဘယ်ဘက်လက်ချောင်းများကြားမှ သွေးများယိုစီးနေသည်ကို တွေ့ရပြီး သူ၏မျက်နှာပြင်တွင်ကား ဒေါသဖြစ်ခြင်း မကျေနပ်ခြင်း၊ အံ့အားသင့်ခြင်းတို့ဖြင့် ရောပြွမ်းနေတော့သည်။

ထိုအချိန်တွင် သူ၏ သေနတ်ကို ပြန်လည်ကောက်ယူရန် ကြိုးစားနေသော မောင်သိန်းဆွေကို ဒူးထောက်လျက် ၎င်းမောင်သိန်းဆွေ၏ သေနတ်အား ပိုင်နိုင်ကျစ်လျစ်စွာ ဆုပ်ကိုင်မိခြင်းဖြစ်နေသော မောင်မောင်ကြီးအား မီးဖိုဘေးတွင် ဝမ်းလျားမှောက်လျက် ၎င်းယမ်းငွေ့မသေသေးသော ခြောက်လုံးပြူးတစ်လက်ကို တည်ငြိမ်စွာကိုင်ရင်း လျှောက်လာနေသော မည်းမည်းသဏ္ဍာန်တစ်ခုမှာ တလှပ်လှပ်ဖြင့် ပြန်လည်တောက်ပလာသော မီးအလင်းရောင်တွင် သဏ္ဍာန်ရှင်၏ မျက်လုံးအစုံများ စူးရှတောက်ပြောင်လျက်လည်းကောင်း တွေ့ရှိရလေ၏။

ကျွန်ုပ်လည်း ကျနေသော သေနတ်ကို ကောက်ယူလိုက်လေလျှင် ကိုဘဇော်လည်း သူ၏ ပစ္စတိုသေနတ်ကို ပြန်လည်နှိုက်ယူလိုက်စဉ် မောင်မောင်ကြီးလည်း သေနတ်အား ဆုပ်





ကိုင်ရင်း မောင်သိန်းဆွေနှင့်အတူ ရောက်ရှိလာကြလေသည်။

'ငွေးလှိုင်' ဟုနာမည်ကိုလှမ်းခေါ်၍ ကိုဘဇော်သည် ဆိတ်ငြိမ်ခြင်းအား ဖြိုခွင်းလိုက်လေသည်။

"ကိုဘဇော် ... ကျွန်တော် နည်းနည်းနောက်ကျသွားလို့ ဒီလိုဖြစ်ရတာ ... ဝမ်းနည်းပါတယ်ဗျာ ... "

"အင်း ... မင်းက အသက်ငယ်သေးတော့ စိတ်သိပ်ကြီးတာကိုး ... မင်းကိုငါ ခွင့်မလွှတ်နိုင်သလို မင်းကလည်း ပြီးပြီးသားတွေကို မေ့လိုက်ပါလား ... "

"ဒီလိုသာ မေ့နိုင်ရင် ဒီမျှလောက်ခရီးကို ကျုပ်အပင်ပန်းခံပြီး လိုက်မလာဘူး ... "

တကယ်ဆိုတော့ မောင်သိန်းဆွေမှာ ညှိမျှခွင့်လွှတ်သည်ကို လိုက်လျှောရန် ကောင်းသော်လည်း ကျွန်ုပ်တို့ အားလုံး၏ အသက်ကိုပင် ကြံစည်ခဲ့ပြီဖြစ်သောကြောင့် ကျွန်ုပ်တို့တစ်တွေ၏ ရှေ့တွင် နေနိုင်တော့မည် မဟုတ်သည့် အတူတူ တိုး၍သာ မိုက်မည့်ဟန် ဖြစ်ပေါ်နေလေသည်။

သူ့အား အစိမ်းလိုက်ပင် ဝါးစားမတတ် ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



သော မောင်သိန်းဆွေအား မြင်လျှင် ကိုဋ္ဌေးလှိုင်မှာ မျက်နှာတင်းမာ ခက်ထန်သွားပြီးမှ တစ်ဖန်ဣန္ဒြေဆယ်လျက် ...

"ကဲ ... ကိုဘဇော် ... အချိန်ရှိတုန်း ကျွန်တော့်နောက်ကို လိုက်ခဲ့ကြဗျာ ဖြစ်ပြီးသားတွေကို မေ့ထားခဲ့ပြီး ... ဒီနေရာ ထက်တော့ ကောင်းတဲ့ဆီသွားကြတာ ကောင်းပါတယ် ... သွားမယ် ... မောင်သိန်းဆွေ ... "

ဟုပြောပြီး လမ်းမလျှောက်နိုင်ဘဲ ဖြစ်နေသေးသော် မောင်သိန်းဆွေအား ဖေးကူတွဲခေါ်သွားသည်နှင့် ကျွန်ုပ်တို့လည်း ပစ္စည်းများကို မြင်းပေါ်တွင် တင်ယူကာ မှောင်ကြီးမည်းမည်းတွင် ထွက်သွားသော ကိုဋ္ဌေးလှိုင်တို့နောက်သို့ လိုက်ကြစဉ် မိုးများလည်း စတင်၍ ပြင်းထန်စွာပင် ရွာသွန်းလာခဲ့လေတော့၏။

နောက်သို့လည်း ပြန်မဆုတ်သာသော ကျွန်ုပ်တို့ တစ်တွေမှာ တစ်ခဏအတွင်း မိုးရေများဖြင့် ရွှဲရွှဲစိုကုန်ကြလေသည်။

ထိုအခိုက် လျှပ်စစ်ရောင်လည်း ဝင်းခနဲ လက်သွားရာ ကိုဋ္ဌေးလှိုင်နှင့် မောင်သိန်းဆွေတို့ ထွေးလုံး၍ တောင်ခြေလျှောတစ်ခုစီမှ ဒလိမ့်ခေါက်ကွေးကျသွားသည်ကိုသာ ကျွန်ုပ်တို့





ရှေ့တွင် မြင်လိုက်ရလေ၏။

လေကလည်း ပြင်း၊ မိုးကလည်း ထန်နေသောကြောင့် ကျွန်ုပ်တို့ ဆင်းလိုက်ပြေးရန်မှာလည်း မလွယ်ကူ၊ မည်သို့လုပ်ရမည် မသိဖြစ်နေစဉ် မောင်မောင်ကြီးလည်း သေနတ်တရမ်းရမ်းနှင့် ဆင်းပြေးလိုက်သွားလေတော့သည်။

လျှပ်ရောင်ခြည်တို့လည်း အဘက်ဘက်မှ အဆက်ပြတ်ဆိုသလို လက်နေသောကြောင့် လုံးထွေးသတ်ပုတ်နေကြသောသူနှစ်ယောက်နှင့်တကွ ဒယိမ်းဒယိုင်နှင့် ပြေးလိုက်သွားသော မောင်မောင်ကြီးကိုပါ မျက်ခြည်မပြတ် မြင်နေကြရလေသည်။

မောင်မောင်ကြီးလည်း ၎င်းတို့နှစ်ယောက်နှင့် မလှမ်းမကမ်းသို့ ရောက်သွားသောအခါ၌ ကိုဋ္ဌေးလှိုင်နှင့် မောင်သိန်းဆွေမှာ တစ်ကွဲစီ ဖြစ်သွားကြပြီး ၎င်းတို့၏ တစ်ဘက်တွင်ကား ဋ္ဌေလိုဏ်ဂူချောက်ကြီးမှာ ကြောက်မယ်ဖွယ်ရာ မဲမဲကြီးတည်ရှိနေ၏။

မောင်သိန်းဆွေမှာ ချောက်နှုတ်ခမ်း ကမူလေးပေါ်တွင် ထောက်လျက်သားရှိနေပြီး ၎င်း၏ ရှေ့တည့်တည့်၌ ကိုဋ္ဌေး



www.burmeseclassic.com

www.burmeseclassic.com



လှိုင်မှာ လဲလျက်ရှိရာမှ မတ်တပ်ရပ်လိုက်သည်။

မောင်သိန်းဆွေလည်း တဖြည်းဖြည်း ထလိုက်ရ သူ၏ လက်ထဲမှ လျှပ်စစ်ရောင်ကြောင့် အရောင်လက်သွားသော ကိုဗြေးလှိုင် သေနတ်ကို တွေ့ရသည်နှင့် တစ်ပြိုင်နက် သေနတ် ပြောင်းမှ မီးရောင် လက်ခနဲ ထွက်သွားပြီး မောင်သိန်းဆွေ၏ အင် ဆန္ဒ နောက်ဆုံး၌ ပြည့်ဝပေပြီတကားဟု အောက်မေ့လိုက်လေ၏။

သို့ရာတွင် မောင်သိန်းဆွေမှာ လက်၌ ဒဏ်ရာနှင့် ဖြစ်နေ၍ တစ်ကြောင်း၊ မတ်တတ်ရပ်လိုက်စဉ်တွင် ဒဏ်ရာရထား သော ဘယ်ဘက်ခြေထောက်ကြောင့် ကိုယ်မှာ အနည်းငယ် တိမ်း သွား၍ တစ်ကြောင်း၊ ကိုဗြေးလှိုင်အား မထိမှန်ဟု ထင်မှတ်နေ ကိုဗြေးလှိုင်မှာ တဖြည်းဖြည်းခြင်း ခွေလဲကျသွားရာ အံ့အားသင့်စွာ ဖြင့် တွေတွေကြီး ရပ်နေသော မောင်မောင်ကြီးက နောက်မှနေ၍ ရောက်သွားကာ ဖမ်းထားလိုက်သည်ကို လျှပ်စီးရောင်တွင် တွေ့ မြင်လိုက်ရလေသည်။

နောက်တစ်ခဏ၌ အမှောင်ထုသည် ဓေတ္တမျှ လွှမ်း မိုးလျက်ရှိပြီး တစ်ပြိုင်နက် အလိုလိုထွက်ပေါ်လာသော သေနတ်သံ





များနှင့်အတူ မောင်မောင်ကြီးဘက်မှ ဝင်းခနဲ လက်သွားသော ရောင်နီတန်းကလေးနှစ်ခု ဆက်တိုက် ထွက်ပေါ်လာ၏။

မောင်သိန်းဆွေဘက်မှလည်း ရဲခနဲထွက်လာသော မီးနီတန်းတစ်ခုမှာ အပေါ်သို့ ခွေတက်သွားသည်ကို တွေ့လိုက်ရ လျှင် အလွန်တစ်ရာ စူးရှကျယ်လောင်စွာနှင့် အော်လိုက်သော အသံ ကြီးကို ကြောက်ခမန်းလိလိ ကြားလိုက်ရသောအခါ၌ကား ...

ဝင်းလက်သော လျှပ်စစ်၏ အလင်းရောင်တွင် မောင်သိန်းဆွေအား မတွေ့မမြင်လိုက်ရတော့ဘဲ မိုးကြိုးထစ်ချုန်း သံကြီးက အားလုံးသော အသံတို့ကို ဖုံးလွှမ်းသွားသော အမှောင် ထုသည်သာ မင်းမူလျက်ရှိနေလေ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com









## ရန်ငြိုးကျေပွဲ

ကျွန်ုပ်တို့လည်း မိုးရွာကြီးထဲတွင် ထိတ်လန့်စိုးရိမ်စွာနှင့် ရှိနေကြရာ ကိုဒွေးလှိုင်အား တွဲလျက်ခေါ်လာသော မောင်မောင်ကြီးတို့ ရောက်လာမှ အပေါ်သို့ ဆက်၍တက်ခဲ့ကြပြန်သည်။

ထိုအချိန်၌ မိုးတွေ အလွန်သည်းနေသည့် ကြားထဲမှ ...င် မီးရောင်မှိန်မှိန်ကလေးတစ်ခု လှုပ်ရှားနေသည်ကို မြင်ရသဖြင့် ကျွန်ုပ်တို့လည်း ထိုမီးရောင်ကလေးရှိရာသို့ ကိုဒွေးလှိုင်မှာ ဂူထဲသို့ ...ဦးဒိုးလုံး ညွှန်ကြားသည့်အတိုင်း သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီပင် အတော်ကြီးမားသော မီးတုတ်ကြီးထို ကိုင်ကာ ဂူဝမှ စောင့်နေသော ဦးဒိုးလုံးအား တွေ့ရလေ၏။ ဂူထဲ သို့ဝင်မသွားသေးဘဲ ကိုဘမော်အား တဖွဖွမေးနေရာ မောင်မောင် ကြီးက သူ့အားတွဲထားရင်း ...

"ကိုဘဇော် ... နောက်မှာရှိပါတယ် ... ကိုခွေးလိုင် ... တကယ်ဆိုတော့ သူဟာ ခင်ဗျားနှမ မသက်ဝေကိုပါ သိပ် တွေ့ချင်နေမှာပဲ ... "

ဟု ပြောလိုက်လေ၏။

ဤတွင် ကိုခွေးလိုင်ရော ကျွန်ုပ်မှာ အံ့အားသင့်လျ စွာဖြင့် ကြည့်နေမိကြသည်။ အဘိုးကြီးမှာလည်း တရွှေ့ အခြေအ ခံရသည့်အလား ထိတ်လန့်အံ့သြစွာဖြင့် မီးတုတ်ကြီးကို ကိုင်ကာ မှင်သက်မိသူပမာ တွေတွေကြီး ရပ်နေစဉ် ကိုခွေးလိုင်လည်း ဦး ခေါင်းကို ဖြည်းလေးစွာ ညိတ်ရင်း ဂူထဲသို့ ဝင်သွားလေရာ ခြေ ထောက်မှ ဒဏ်ရာကြောင့် ယိုင်လဲလု ရှိနေ၏။

ဂူအတွင်း၌ကား အလွန်တရာ ကြီးမားသော မီး ကြီးကို တွေ့ရပြီး ရုတ်တရက် ကျွန်ုပ်တို့ထံသို့ ပြေးလာနေသော





မသက်ဝေအား တွေ့ရပါတော့သည်။

မသက်ဝေလည်း အနားသို့ ရောက်လျှင် အစ်ကိုဖြစ် သူ ကိုခွေးလိုင်အား ဖေးမလျက် စိုးရိမ်တကြီးပင် ...

"အမယ်လေး ... အစ်ကိုလေး ... ဘယ်လိုဖြစ်လာတာလဲ... ဒဏ်ရာကြီးနဲ့ပါလား ... အင်း ... ဒါ လက်စသတ်တော့ ကိုဘဇော်ရဲ့ လက်ချက်ပေါ့နော် ... အမယ်လေး ... ရန်ငြိုး ကြီးလှချည်လား ... ကိုဘဇော်ရယ် ... "

ဟု ဝမ်းနည်းလိုက်လှဲစွာ ပြောကြားနေလေတော့ သည်။

"မသက်ဝေ ... ညီမလေး ... ကိုဘဇော်ကို အထင်မလွဲပါနဲ့ ကွယ် ... ကိုဘဇော်ဟာ အစ်ကိုလေးတို့အပေါ်မှာ ဒီ လောက် ရက်စက်မယ် မထင်ပါဘူး ... ဒါ ... ဟိုခွေး သစ္စာ ဖောက် ဗိုလ်ဗျဂ္ဂရဲ့တူ မောင်သိန်းဆွေလက်ချက်ပဲ ... ပြီး တော့ အစ်ကိုလေး ညှာလိုက်လို့ ဒီလိုဖြစ်ရတာ ... နာလှ တယ်ကွယ် ... "

ထိုအခိုက် ဝင်ရောက်လာသော ကိုဘဇော်သည် ချ



www.burmeseclassic.com

www.burmeseclassic.com



အား မော်ကြည့်လိုက်သော မသက်ဝေအား တွေ့လိုက်ရလေ၏ရာ နားမလည်နိုင်လောက်သော အံ့သြခြင်းဖြင့် နေရာတွင် တုံ့ရပ်သွားပြီးမှ နေသားတကျရှိနေပြီးဖြစ်သော ကိုဒွေးလှိုင်၏ အပါးက သနားစဖွယ် ထရပ်လိုက်ကာ မိမိထံအပြေးကလေးလာနေသည်ကို အစုံသော လက်နှစ်ဖက်ဖြင့် ကမ်းလင့်လျက် ဖမ်းယူပွေ့ဖက်၍ ထားလိုက်လေသည်။ (ကိုဘမော်သည် မသေဘဲ ကိုဘဇော်အသွင်ဖြင့်နေကြောင်း မသက်ဝေ၏ အစ်ကိုလေးက ပြောပြထားပြီးဖြစ်၏)။

"အို ... အစ်ကိုမော်ရယ် ... "

"ဝေ ... ဝေ ... မသက်ဝေလေး ... ကိုယ့်ကို ခွင့်လွှတ်ပါကွယ် ... "

ချစ်သူနှစ်ဦး၏ ချစ်ရည်လွှမ်းသော အသည်းနှလုံးကြားမှ ကြင်နာမှု၊ ယုယမှုတို့နှင့် ရောယှက်၍ ထွက်ပေါ်လာသော အသံကို ကြေကွဲဖွယ်ရာ ကြားလိုက်ရပေသည်။

ချစ်သည်။ တကယ်ဆိုတော့ မသက်ဝေသည် လင်ဖြစ်သူ ကိုဘမော်အား အသက်ပေး၍ပင် ချစ်ခဲ့ရပါသည်။





ကြင်နာလည်း ကြင်နာပါသည်။ ယုလည်းယုယပါသေးသည်။

ကိုဘမော်ကလည်း ထို့အတူပင်။

ထို့နောက်သော်ကား ကိုဘမော်ချစ်သော မသက်ဝေသည် သူမချစ်သော ကိုဘမော်၏ ရင်ခွင်ထဲတွင် အကြင်အနာ အယုယမှုမှ ပေါက်ဖွားလာသော ချစ်မျက်ရည်ဥကလေး တွေတွေကျ၍ ရှိုက်၍ရှိုက်၍ ငိုနေပါတော့သည်။

ကျွန်ုပ်တို့ကတော့ အသက်ရှူရန်ပင် မေ့နေကြတော့သလို ကိုဒွေးလှိုင်တစ်ယောက်ကတော့ ဝမ်းသာသည်၊ ဝမ်းနည်းသည်မသိရသော မျက်ရည်ကြည်ကလေးများသာ ဝေလျှံနေသည့် မျက်လုံးအစုံဖြင့် ကြည့်နေသည်မှာ မျက်တောင်ခတ်ရန်ပင် သတိရပါသေး၏လော မပြောတတ်တော့ပါ။

ထို့အတူ မလှုပ်မယှက် အူကြောင်ကြောင်ဖြစ်နေရှာသော ဦးဒိုးလုံးကြီးခမျာမှာတော့ သနားစရာပင် ကောင်းချေသေး၏။

ထို့နောက်၌ကား ကိုဘမော်သည် မသက်ဝေအား



www.burmeseclassic.com

www.burmeseclassic.com



တွဲယူ၍ လျှောက်လာရာ နံရံတွင်မှီခါ ထိုင်နေသော ကိုဌေးလှိုင် လည်း နေရာကိုအနည်းငယ်ပြင်ကာ ...

"ကဲ ... ကိုဘမော် ... ခင်ဗျားတွေ့ချင်လှတဲ့ မသက်ဝေတို့ မောင်နှမကို တွေ့ရပါပြီလေ ... ဒီတစ်ခါ ကျွန်တော်ပြော ချင်တာကတော့ ... အစ်ကိုကြီးဖြစ်သူ ဝင်းကိုဟာ သန်းတင် အမည်ပြောင်းပြီး ဂျပန်သူလျှိုအထင်နဲ့ ဗိုလ်ဗျဂ္ဂတို့ အသတ် ခံခဲ့ရသလို ... ညီမလေးဝင်းမေဟာလည်း မသက်ဝေအဖြစ် နာမည်တွေပြောင်းခဲ့ပြီး ... ကိုဘမော်ရဲ့ ဇနီးမယားဖြစ်နေရ တယ် ... ဘာပဲဖြစ်ဖြစ် ကျွန်တော့်အပေါ်မှာ ဘယ်လိုပဲ ခွင့်မလွှတ်နိုင်သည့်တိုင်အောင် လုံးဝအပြစ်ကင်းမဲ့ရှာတဲ့ ညီမလေး မသက်ဝေကိုတော့ ခွင့်လွှတ်ပါလို့ ... "

"အို ... ကိုဝင်းနိုင်ခေါ် ကိုဌေးလှိုင် ... ကျွန်တော်လည်း မှားပါတယ်ဗျာ ... ခင်ဗျားတို့အားလုံးကိုပဲ ကျွန်တော် ခွင့် လွှတ်ပါပြီ ... တကယ်ဆိုတော့လည်း ခင်ဗျားဟာ ... ကျွန်တော်ရဲ့ အသက်သခင်ဖြစ်နေပါပြီလားဗျာ ... မရဏ ရှေ့လိုဏ်ဂူကိစ္စနဲ့ ပတ်သက်လို့ ... ပြီးပြီးသားတွေကို





ကျွန်တော်တို့အားလုံး မေ့လိုက်ကြပါစို့ ... အာဃာတတွေ ဖြေလိုက်ကြပါစို့ ... "

"ဝမ်းသာပါတယ်ဗျာ ... ကျွန်တော်လည်း ခင်ဗျားကို စောင့် ကြည့်နေတာပါ ... ညနေကမှ ခင်ဗျားတစ်ယောက်တည်း ရောက်လာတာ တွေ့ရတယ် ... ဒါနဲ့ ခင်ဗျားနေရာကို မှတ် သားပြီး ... ခုနက ဆင်းလိုက်လာတာပဲ ... ကံကောင်း ထောက်မတော့ လှုပ်ရောင်အလင်းမှာ သိန်းဆွေတို့ကို တွေ့လိုက်ရတယ် ... ဘယ်လိုများ ရောက်လာသလဲလို့ ကျွန်တော်လည်း သူ့နောက်ကလိုက်နေတာ ... အမှောင်ထဲ မှာဆိုတော့ မျက်ခြည်ပြတ်သွားတယ် ... ဒီတော့ ကျွန်တော် ချောင်ခိုနေရသေးတယ် ... မတော်လို့ ကျွန်တော့်အရင် သူက တွေ့သွားမှာစိုးရသေးတာကိုး ... အဲဒီကို ရှာနေတုန်း သေနတ်သံတစ်ချက် ကြားရတယ် ... နောက်ထပ်တစ်ချက် ကြားရပြန်တော့ ခင်ဗျားဂူထဲကို ပြေးဝင်လာတော့တာပဲ... ခင်ဗျား သူနဲ့တွေ့နေပြီလို့ ကျွန်တော်ထင်လိုက်မိတာ ... ထင်တဲ့အတိုင်းလည်း ဖြစ်နေတာပဲ ... "



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် မောင်မောင်ကြီးလည်း အာဃာတစိတ်မရှိတော့ဘဲ မောင်သိန်းဆွေ၏ လက်မောင်းမှ ဒဏ်ရာများကို ဆေးများ ကြည့်ရှုထည့်ပေးကာ ပတ်တီးဖြင့် စီးနှောင်ပေးပြီး ကိုဝင်းနိုင်ခေါ် ကိုဌေးလှိုင်၏ ဒဏ်ရာအတွက် ဆေးထည့်ရန် ပြင်ဆင်လေသည်။

ကျွန်ုပ်လည်း စိုရွှဲနေသော အဝတ်အစားအားလုံးကို မသက်ဝေ၏ အကူအညီဖြင့် မီးဖိုဘေးတွင် ခြောက်သွေ့ရန် ပြုလုပ်လျက် ရေမစိုသော အဝတ်များကို လဲလှယ်ဝတ်ဆင်လိုက်ကြလေသည်။

ကိုဝင်းနိုင်ခေါ် ကိုဌေးလှိုင်မှာ မိုးကာအင်္ကျီကို ဝတ်ဆင်ထားသော်လည်း မိုးရေထဲတွက် ကျခဲ့သောကြောင့် ရေတွေဖြင့် တစ်ကိုယ်လုံး စိုရွှဲလျက်ပင်ရှိနေသေးရာ ကိုဘမော်၏ အကူအညီဖြင့် အဝတ်များကို ချွတ်ယူကာ မောင်မောင်ကြီးက ဆေးများထည့်ပေးနေလေသည်။

ဒဏ်ရာမှာ မပြင်းထန်လှ၍ တော်ပေသေးသည်။ ညာလက်ဖျံဘက် ရင်အုံကို အနည်းငယ်ပေါက်မှန်သွားခြင်း ဖြစ်ရာ





နံရိုးတစ်ချောင်းတစ်လေမျှထိခိုက်ခြင်းမရှိဟု ဆိုသောကြောင့် အသက်ဘေးအတွက်ကား စိုးရိမ်ဖွယ် မရှိတော့ပေ။

ထိုအကြောင်းကို ကြားလိုက်ရသော မသက်ဇော်မှာ ဝမ်းသာလွန်း၍ မျက်နှာကလေးပင် ဝင်းထိန်လျှင်လန်းလျက် ရှိလေသည်။

ဦးဒိုးလုံးကြီးလည်း စောစောကကဲ့သို့ ယောင်ချာချာဖြစ်မနေတော့ဘဲ ရေနွေးတည်ခြင်း၊ စားသောက်ရန် ပြင်ဆင်ခြင်း၊ ပစ္စည်းများ နေထားတကျ ရွှေ့ပြောင်းထားခြင်း အလုပ်ရှုပ်လျက် ရှိနေတော့သည်။

အဘိုးကြီးအား ကြည့်ရသည်မှာ အတော်ပင်ပန်းနေဟန်ဖြင့် လေးလံထိုင်းမှိုင်းလျက် ရှိနေသည့်အပြင် ခြေထောက်တစ်ဖက်ကလည်း ထော့နဲ့ထော့နဲ့နှင့် ဖြစ်နေရာ မောင်မောင်ကြီးပင်လျှင် အားမလိုအားမရ ဖြစ်လာကာ လက်တစ်ဖက်မသန်ဘဲ ကူညီကာ လုပ်ကိုင်နေတော့သည်။

ကျွန်ုပ်တို့ အားလုံးကိုတော့ ကိုဝင်းနိုင်သည် အားနာမှုနှင့် ရောယှက်သော ကြင်နာခြင်းဖြင့် ကြည့်ရှုနေပေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမောင်မောင်ကြီး ... ကျွန်တော့်အကြောင်းကို ဘယ်လို သိနေသလဲဟင် ... "

ကိုဝင်းနိုင်ကတော့ ဤကဲ့သို့ပင် မေးလိုက်သည်။ သူသည် တစ်ခဏမျှအတွင်း ကျွန်ုပ်တို့ပြောဆိုသံများမှ ကျွန်ုပ်တို့ နာမည်များကိုပင် ကျက်မှတ်မိနေပုံရပေသည်။

မသက်ဝေကလည်း မောင်မောင်ကြီး၏ အသံကို နားစွင့်လျက် နေလေသည်။

"ကျွန်တော် သိထားတာက ဒီလိုဗျာ ... "

ဟုအစချီကာ မောင်မောင်ကြီးလည်း ဖြစ်ပျက်သမျှ အကြောင်းများကို ကိုဘမော် ကျွန်ုပ်တို့ထံ ရောက်လာပြီး မသက် ဝေ၏ စာကို ဖတ်ရှုရသည့် အချိန်ထိအောင် အကျဉ်းချုံး၍ ပြောပြ သွားပြီးနောက် ...

"ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီ အထက်မြန်မာပြည် မြို့လေး တစ်မြို့မှာ ကိုဝင်းကို၊ ကိုဝင်းနိုင်၊ မသက်ဝေဆိုတဲ့ မောင်နှမ (၃)ယောက်နဲ့အတူ သူတို့ရဲ့ မိဘနှစ်ဦးဟာ သတ္တုတွင်း အလုပ်ကို လုပ်ကိုင်နေကြတယ် ... "





"အဲဒီလို နေတဲ့အခါမှာ စစ်တွေဖြစ်ပြီးတဲ့နောက် ဂျပန်ခေတ် မှာ အင်္ဂလိပ်လေယာဉ်ပျံတစ်စင်းက ပစ်လိုက်တဲ့ လက်နက်နဲ့ သူတို့ရဲ့ မိဘနှစ်ပါးစလုံးဟာ အသက်ဆုံးသွားကြရတယ် ... ကိုဝင်းကိုဟာ ဒီအချိန်က တခြားရောက်နေပြီး ကိုဝင်းနိုင်နဲ့ မသက်ဝေတို့ပဲ ရှိခဲ့ကြတယ် ... အဲဒီ ကိုဝင်းကို ဆိုတဲ့ အစ်ကိုအကြီးဆုံးဟာ အင်္ဂလိပ်တွေကို စိတ်နာပြီး အသက်သေသည့်တိုင်အောင် လက်စားချေမယ်ဆိုကာ တစ်ဦးတည်းသော ညီမလေး မသက်ဝေကိုမှ မငဲ့တော့ဘဲ စိတ်ထက်ထက်နဲ့ ထွက်သွားတော့တယ် ... ဒီအကြောင်း တွေကို မသက်ဝေရဲ့ စာထဲမှာပါလို့ သိရတာပဲ ... "

"အဲ ... နောက်တော့ ကိုဘမော်ရဲ့ ဒိုင်ယာရီထဲမှာ ပါတဲ့ အတိုင်း စစ်ဗိုလ်သုံးယောက်တို့ဟာ ရွှေလိုဏ်ဂူစခန်းမှာ စစ် တိုက်ရင်းနဲ့ ကိုသန်းတင်ဆိုတဲ့ ဂျပန်စပိုင်တစ်ယောက်ကို ဖမ်းမိပြီး ကိုဘမော်ရဲ့ သဘောကို လက်မခံကြဘဲ သတ်ပစ် လိုက်ကြတယ် ... "

"အဲဒါဟာ တခြားလူ မဟုတ်ဘဲ မသက်ဝေတို့ရဲ့ အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြီးကိုဝင်းနိုင်ကနေ အမည်ပြောင်းထားတဲ့ ကိုဒွေးလှိုင်ဖြစ်နေတယ်ဆိုတာကို ဆက်စပ်ယူကြည့်မယ်ဆိုရင်ပဲ နောက်ပိုင်းဖြစ်ပျက်လာတဲ့ အကြောင်းရင်းကို ရိပ်စားလာမိတော့တယ် ... ဘာကြောင့်လဲဆိုတော့ ဒီညက သူဟာ တိတ်တဆိတ် သေမသွားရှာဘဲ အသတ်ခံရကာနီးမှကပ်ပြီး လူတစ်ယောက်နဲ့ ကြုံကြုံဖန်ဖန် တွေ့လိုက်ရပုံကလေးကို ကိုဘမော်ကတော့ ... အမှတ်မထင် သူ့ရဲ့ ဒိုင်ယာရီမှာ ခပ်သဲ့သဲ့ကလေး ရေးထားတာကို တွေ့ကြရပြီကိုး ... ”

“အင်း ... အဲဒီလိုခဲခဲယဉ်းယဉ်းနဲ့ ဗိုလ်တွေရဲ့ အကြိုက်ပွါးရိုက်ပြီး တွေ့ရှာတဲ့သူဟာ ကိုဝင်းနိုင်များဖြစ်နေမလား ”

ဟုပြောပြီး မောင်မောင်ကြီးက ရပ်နားထားသည်။

ကိုဝင်းနိုင်ကတော့ နှုတ်ခမ်းထောင့်ကလေး တွန့်သွားရုံမျှ ပြုံးလိုက်၏။ သည်ထက် ပိုမိုအံ့ဩချီးမွမ်းခြင်းငှာ မတတ်နိုင်တော့။ ဤသို့ မထင်တော့သလို ဦးခေါင်းကို ညိတ်သည်ဆိုရုံမျှ ညိတ်လိုက်သည်မှာ သက်တောင့်သက်သာ ရှိလှ၏။

မောင်မောင်ကြီးကတော့ ကိုဝင်းနိုင်ခေါ် ကိုဒွေး





လှိုင်၏ မျက်နှာနားသို့ ကပ်ကာ တိုးတိုးမေးလိုက်သော်လည်း ကျွန်ုပ်တို့တစ်တွေ ကြားလောက်အောင်ကား ကျယ်လောင်ပါသေးသည်။

“မှတ်တမ်းထဲမှာ ပါသလို ကိုဝင်းနိုင်အပေါ် သက်ညှာလိုက်တဲ့အတွက် ဗွေလိုဏ်ဂူမြေပုံကိုတောင် ကြည်ကြည်ဖြူဖြူ ရပါတယ်လို့ ဆိုထားရင် သူ့ရဲ့အသက်သေအောင် ကြိုးစားသင့်ပါသေးသလား ... ”

မောင်မောင်ကြီး၏ မျက်လုံးအစုံကမူ ကိုဝင်းနိုင်၏ မျက်နှာပြင်တွင် တစ်စုံတစ်ရာကို ပြင်းပြင်းထန်ထန် ရှာဖွေနေပုံရသော်လည်း ကျေနပ်ဟန်မပေါ်ချေ။

“ကျွန်တော့်အစ်ကို ကိုဝင်းကိုဆိုသူဟာ လက်စားချေတဲ့ ဝါသနာသိပ်ကြီးပါတယ် ... ကျွန်တော်ကိုယ်တိုင်က တစ္ဆတ်ထိုးမမိုက်တတ်ပေမဲ့ အစ်ကိုတစ်ယောက်လုံး ကိုယ့်မျက်စိရှေ့မှာ မတရားသဖြင့် ရက်ရက်စက်စက် အသတ်ခံရတာ မြင်လိုက်ရတော့ အစ်ကိုရဲ့ ဆန္ဒကိုဖြည့်ဖို့ အခွင့်အခွန်ပြုခဲ့တယ်”

“သူ့အပေါ်မှာ စွပ်စွဲထားတဲ့ ပြစ်မှုမျိုး ... အဲဒီအချိန်မှာ ရှိ



www.burmeseclassic.com

www.burmeseclassic.com



တာ်မှန်ပေမဲ့ အဲဒီအရင်က အယူများပြီး တိုင်းပြည်နဲ့ လူမျိုး အပေါ်မှာ သစ္စာဖောက်ခဲ့တာမို့ ဒီဖြစ်ချက်နဲ့တော့ သူဟာ အသေခံထိုက်နေပြီတဲ့ ... ”

“ကျွန်တော့်ကို တွေ့တော့ သူစိတ်အားအတော်တက်လာပေမဲ့ သူ့ရဲ့ဆုံးဖြတ်ချက်ကို ပြင်ဖို့ နည်းနည်းမှ စိတ်မကူး တော့ဘူး ... တကယ်ဆိုရင် ကျွန်တော့်ကိုယ်ပေါ်မှာ လက်နက်အပြည့်စုံပဲ ကယ်နိုင်ပြီလားဗျာ ... ဒါပေမဲ့ သူကတော့ အသက်ရှင်ပြီးကို နေချင်တော့ဟန်မတူဘူး ... ”

“အဲ ... သူကိုယ်တိုင်ကတော့ သေထိုက်ပေမဲ့ သူ့ကိုသတ်လိုက်တဲ့ ဗိုလ်ဗျူဂ္ဂနဲ့ ဗိုလ်တေဇာ ... ကိုဘမော်ဆိုတဲ့ လူတွေလည်း သူ့လိုသေကြပါစေတဲ့ ... သူ့အပေါ်မှာ တာဝန်ကျေပြွန်စေချင်ရင် သူ့ကိုကယ်မဲ့အစား သူတာဝန်မဲ့ခဲ့တဲ့ နှမတွေးလေး မဝင်းမေ(ခေါ်) မသက်ဝေအပေါ်ကိုသာ ပိုပြီး တော့ တာဝန်သိရစ်ပါတဲ့ ... ”

“တစ်နေ့တော့ ညီမလေး မသက်ဝေကို သွားတွေ့တယ် အဲဒီအချိန်မှာ ကိုဘမော်နဲ့ ကိုဘဇော်တို့တစ်တွေဟာ တောတွေ တောင်တွေထဲမှာ ရွှေလိုဏ်ဂူဥစ္စာသိုက်ကို လိုက်နေတဲ့အတွက်ကြောင့် စိတ်မချမ်းသာဘူး ... ကိုဘမော်ကို တစ်မြို့ တစ်ရွာမှာသာ အတည်တကျနေစေချင်တဲ့ ဆန္ဒတွေ ရှိနေတယ် ... ”

“ကျွန်တော်ဝင်းနိုင်ဟာ ဥပဒေကို ကျော်ခိုင်းပြီး ထင်ရာတွေ လျှောက်စိုင်းနေလိုက်တာ ... ညီမလေးမသက်ဝေရဲ့ စကားကို ကြားရတော့ လက်စားချေတဲ့ အလုပ်တွေ စွန့်ပြီး တစ်နေရာမှာ အဆင်ပြေမယ်ဆိုရင် တစ်ဦးတည်းသာ ရှိတော့တဲ့ ညီမလေးနဲ့အတူတကွ နေလိုတဲ့ စိတ်ဓါတွေပေါ်လာတယ် ... ”

“ဒါနဲ့ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသလို ကိုဘမော်လည်း အိမ်အပြန် ပြန်ကပ်နိုင်ရေးနဲ့ ရတနာရွှေငွေတွေလည်း ရနိုင်ရေးအတွက် ဒီဘက်ဒေသမှာ နှံ့စပ်ပြီး အတွေ့အကြုံများခဲ့တဲ့ ကျွန်တော်ဟာ မြေပုံတွေရဲ့ သတင်းအနံ့တွေ ရှာပြီး မြေပုံရှိနေသူတွေဆီက နည်းအမျိုးမျိုးနဲ့ ခိုးယူခဲ့မိတယ် ...”

“ဒါကလည်း အောင်မြင်တယ်ဆိုမှ သူတို့ဆီ ပြန်လည်သွား







www.burmeseclassic.com

www.burmeseclassic.com



ကာ အကျိုးအကြောင်းရှင်းပြပြီး ထိုက်သင့်သလို အကျိုး ခံစားခွင့်ရကြဖို့ပါပဲ ... ကျွန်တော်ဟာ ခင်ဗျားတို့ ထင်သလို လူသတ်ပြီး မြေပုံယူဖို့ ကြိုးစားတာ မဟုတ်ရပါဘူး ... ကျွန် တော်တကယ် သုံးခဲ့တာ အိပ်ဆေးအစစ်ပါဗျာ ... ဒီဆေးမျိုး အခုတောင် ပါသေးတယ် ... "

"ဟော ... ဖြစ်ရပြန်ပါပြီဗျ ... "

ဟုပြောပြီးမောင်မောင်ကြီးမှာ သွားများပေါ်အောင် ပြုံးရင်း ...

"အင်း ... ခင်ဗျားက အိပ်ဆေးသုံးသကိုး ... "

ဟုပြောလိုက်ပြန်သည်။

"ဒါကြောင့် ... ခင်ဗျားတည်းခိုခဲ့တဲ့ တည်းခိုအိပ်ခန်းထဲက အိပ်ဆေးထစ်ပြားတွေ့မိတာ အခုမှပဲ ရှင်းသွားတော့တယ် ဗျာ ... "

"ဟုတ်တယ် ... သုံးခဲ့တယ် ... သိပ်ပြီးအေးချမ်းတဲ့အခါ များမှာ ဘယ်လောက်ခရီးပန်း အိပ်ပျက်နေပေမဲ့ အိပ်လို့ မရဘူးဗျ ... အဲဒီအချိန်ကစပြီး အိပ်ဆေးကို သုံးတဲ့အကျင့်





စလာတာပါပဲ ... အဲဒီနေ့ကတော့ အိပ်ဆေး(၃)လုံးတည်း သာ ကျန်တာနဲ့ ပုလင်းကိုပါ ညီမလေး မသက်ဝေကို ပေး ခဲ့တယ် ... "

"ဒါပေမဲ့ ကိုဘဇော်ရဲ့ အမြွာညီ ကိုဘဇော်တစ်ယောက် ရွှေ လိုဏ်ဂူအနီးမှာ သေဆုံးနေတာတော့ ကျွန်တော့်မျက်စိနဲ့ အသေအချာမြင်ခဲ့ရတာပါပဲ ... တကယ်လို့သာ ပုလင်းထဲ မှာ အိပ်ဆေးများများ ပါသွားမယ်ဆိုရင် အိပ်ဆေးလွန်လို့ သေတယ် ထင်မိမှာပဲ ... "

"ဩော် ... ဒါဖြင့် သေသွားသူက ကျွန်တော့်ညီ မောင်ဘ ဇော်မှန်း ခင်ဗျားက အစကတည်းက သိနေတာပေါ့ ... ဟုတ်လား ... "

"သိပြီလား ... ကိုဘဇော် ... ခင်ဗျားတို့ သုံးယောက်ရွှေ လိုဏ်ဂူဘက် ထွက်စကတည်းက ကျွန်တော်စိတ်ပျက်နေ ပါပြီ ... ကျွန်တော့်ညီမလေး မသက်ဝေဟာ အိပ်ဆေး(၃) လုံးထဲ၌ လူ(၃)ယောက် ဘယ်အိပ်ပျော်နိုင်လိမ့်မလဲ ... ဒီအထဲ မြေပုံက တစ်ယောက်တစ်ခုစီဆိုတော့ တစ်ပုံရှ



www.burmeseclassic.com

www.burmeseclassic.com



အောင် ယူနိုင်တောင်မှ ကျန်တဲ့မြေပုံတွေနဲ့ ခင်ဗျားတို့တစ်တွေဟာ ရွှေလိုဏ်ဂူရှာတဲ့ အလုပ်ကို စွန့်လွှတ်ကြမှာ မဟုတ်ဘဲကိုး ... ဒါနဲ့ ခင်ဗျားညီ ကိုဘဇော်သေနေတာကို ခင်ဗျားတို့ တွေ့လိုက်တဲ့အချိန်မှာ ကျွန်တော်လည်း ခင်ဗျားတို့ နောက်ကရောက်လာပြီး ... တကယ်သေနေတာတွေ့တော့ တော်တော်အံ့သြသွားတယ် ... ”

“သူ စောစောက တစ်ယောက်တည်း ထွက်သွားပေမဲ့ ကျွန်တော်က သိပ်အရေးမထားလိုက်ဘဲ ခင်ဗျားတို့ကိုသာ ဂရုစိုက်နေမိတယ် ... တကယ်လို့သာ သူ့နောက်ကို လိုက်သွားမိရင် မြေပုံရမှာထက် သူသေရတဲ့အကြောင်းရင်းကို ခင်ဗျားတို့ထက် ပိုပြီးတိတိကျကျ သိရမှာပဲ ... ”

“အဲဒါနဲ့ ခင်ဗျားညီ ကိုဘဇော်သေရတာဟာ ရွှေလိုဏ်ဂူတွင်းထဲ ဓာတ်ငွေ့ဆိုးတွေကြောင့်ပဲဆိုတာ အဲဒီတုန်းက အတူပါလာသူ ကိုခင်မောင်ဦးအဖြစ်ကို မြင်ရလို့ သိရင်ပဲ ကျွန်တော့်စိတ်ထဲမှာ ရှင်းသွားပြီး ပြန်လာခဲ့တော့တယ် ... နောက် ... မြစ်ကြီးနားရောက်တော့ သေတဲ့လူဟာ ကိုဘ





မော်ဖြစ်တဲ့ အကြောင်းကို သိရတဲ့အခါ ကိုယ့်နားကိုတောင် မယုံနိုင်အောင် ဖြစ်ရတော့တယ် ... ”

“ခင်ဗျားတို့ ညီအစ်ကိုနှစ်ယောက်ဟာ ရုပ်ချင်းတူလွန်းတော့ ... ကျွန်တော်တောင် မျက်စိမှားခဲ့တာ ဖြစ်မှာပဲလို့ အောက်မေ့ပေမဲ့ မကျေနပ်နိုင်အောင် ဖြစ်နေတယ်ဗျ ... ဒါနဲ့ မနေနိုင်တဲ့အဆုံး တစ်နေ့မှာ ခင်ဗျားဆီကိုလာပြီးတမင်အကြောင်ရိုက်ပြီး ဝင်ရောက်စုံစမ်းကာ ပြောတော့တာပါပဲ”

“ခင်ဗျား အစ်ကိုနဲ့ ကျွန်တော်က သိပ်ပြီး ခင်ကြတာပဲလို့ ဆိုကာရှိသေး ... အံ့သြတဲ့ သက်ာမကင်းမှုအရိပ်အယောင်တွေ့ရပြီး ကျွန်တော်ထင်တာ မလွဲဘူးဆိုတာ သေချာပြီပေါ့ ... ဒါပေမဲ့ ဒီလိုညီအစ်ကိုချင်း အပြောင်းအလဲ လုပ်တာ မသိဘဲ ဖြစ်နေရာက တစ်နေ့မှာ ဦးဒိုးလုံးကြီးနဲ့ တွေ့ပြီး ညီမလေး မသက်ဝေရဲ့ သတင်းကိုကြားရတော့မှ သြော်... လက်စသတ်တော့ ကိုဘမော်ဟာ မသက်ဝေကို စွန့်ပစ်ချင်လို့ ကိုဘဇော်အဖြစ် လူချင်းပြောင်းပစ်တာပါလားဆိုတာ ရိပ်မိတော့တယ် ... ”

www.burmeseclassic.com



"အင်း … ကျွန်တော့် အစ်ကိုဝင်းနိုင်အတွက် လက်စားချေဖို့ မလိုခဲ့တာဟာ … ညီမလေးမသက်ဝေအတွက် လက်စားချေအောင် ဖြစ်လာတာပေါ့ဗျာ … ဒီအတွင်းမှာပဲ ကျွန်တော်ရဲ့ ကိုယ်ရေးကိစ္စတွေကလည်း ရှုပ်လာပြန်တော့ ကိုဘမော်ကိုအဆက်အသွယ်မပြတ်အောင် ကြိုးရှည်နဲ့လှန်ထားရင်း မြစ်ကြီးနားက လစ်ခဲ့တော့တယ် … တကယ်ဆိုတော့လည်း ကိုဘမော်ကလည်း သက်ာမကင်းနဲ့ ကျွန်တော့်နောက်ကို လိုက်နေမှန်း သိနေပြီလားဗျာ … "

စကားပြောနေဆဲ ထိုအချိန်တွင် မိုးမှာလည်းသည်း၍မည်း၍ကောင်းတုန်း အခြေအနေတွင်သာ ရှိနေသေး၏။ ထို့ကြောင့် ကျွန်ုပ်တို့အားလုံးလည်း အဆင်သင့် ဖျော်ပြီးနေသော ကော်ဖီများနှင့် မုန့်များကို စားသောက်ကြရပြန်သည်။

ချမ်းချမ်းအေးအေးဖြင့် ကော်ဖီပူကလေးသောက်ပြီး မီးဖိုနားကွေးရသည်မှာ ဇရာမ စည်းစိမ်ကြီးဖြစ်နေပေသည်။

ထိုစဉ်တွင် မောင်မောင်ကြီးက …

"အင်း … အခု ကော်ဖီသောက်ရတာတောင် ခပ်လန်းလန်းပဲ ဟေ့ … "





ဟုပြောလိုက်သောကြောင့် မသက်ဝေနှင့် ဦးဒိုးလုံးတို့မှာ မျက်လုံးအဝိုင်းသားနှင့် ဖြစ်သွားကြလေသည်။

"ဟား … ဟား … ဟား … ရဲရဲသာ သောက်ပါကွ … သေရင် အသိသာကြီးပဲ … "

ဟု မောင်သိန်းဆွေက တစ်ချက်ဝင်နောက်လိုက်ပြန်သောကြောင့် ရယ်မောသံကလေးများနှင့် အတော်လေးပင် စိုပြေသွားလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com









## စကားဆုံခြင်း

"ခင်ဗျားတို့လည်း ရိက္ခာပစ္စည်းတွေ တော်တော် ပြည့်စုံပါ ကလား ... "

ဟု ကျွန်ုပ်က အဆက်အစပ်မရှိ မေးလိုက်မိပြန်၏။

"ဟောဒီ ဦးဒိုးလုံးရဲ့ ကျေးဇူးပေါ့ ... မြို့ပြင်ရောက်ပြီးမှ ပြန် ဝယ်ရရှာတာ ... သူ့ခမျာ ပစ္စည်းတွေ တစ်ထမ်းကြီးနဲ့ မိုးရွာ ကြီးထဲမှာ ခြေထောက်တောင် ခိုက်မိသေးတယ် ထင်ပါ ရဲ့... ဒီတစ်ခါ ခရီးသွားရတာများ ပင်ပန်းလိုက်ပုံ မပြော လိုက်ချင်ပါဘူး ... "



www.burmeseclassic.com

www.burmeseclassic.com



"မပြောလိုက်ပါနဲ့လေ ... ကျွန်တော်တို့က မပြောဘဲနဲ့ သိနိုင်နေတာပဲဗျ ... "

ဟု မောင်မောင်ကြီးက ပြောလိုက်လေ၏။

"အင်း ... ကိုမောင်မောင်ကြီးက ကျွန်တော်တို့အကြောင်း ဘယ်လိုသိနေတယ်ဆိုတာတောင် မမေးမိပါဘူး ... "

ဟု လှမ်းမေးလိုက်ပြန်၏။

"ဟုတ်ကဲ့ ... ဒီလိုပါ ... ကိုဝင်းနိုင်နဲ့ ကိုဌေးလှိုင်ဟာ တစ်ယောက်တည်းဖြစ်ပြီး ခင်ဗျားဆိုတာ သိရင်ပဲ ... ကိုဘမော်ဟာ ခင်ဗျားကို သတ်လိုက်လေမလား ... ကိုဘမော်ပဲ ထပ်ပြီးအသတ်ခံရလေဦးမလားလို့ စိုးရိမ်နေတုန်းမှာလား ... ဦးဒိုးလုံးက ဗိုလ်တေဇာကို သတ်လိုက် ... "

"အဲလို ဘယ့်နှယ် ... ဒိုးလုံးက ဗိုလ်တေဇာကို သတ်ရမလဲ... မောင်မောင်ကြီး မှားနေပြီကွဲ့ ... "

"ကျွန်တော် မသေချာဘဲ မပြောပါဘူးဗျာ ... ကဲ ... နားထောင်ကြ ... အချက်အလက်နဲ့ ပြောပြပါ့မယ် ... "

"တစ်အချက်က သူစောစောတုန်းက ဖျောက်တွေဖေါက်နေတယ် ... "





"နှစ်အချက်က သူ့လက်ထဲမှာ ကိုဘမော်ရဲ့ သေနတ်ရှိနေတယ် ... ဒီလောက်ဆိုရင်ပဲ လုံလောက်နေပါပြီဗျာ ... ဒီလိုလုပ်ရာမှာ ခင်ဗျားမြင်သွားတဲ့အတွက် သေနတ်တစ်ချက် အပစ်ခံရလို့ လက်မောင်းမှာ ဒဏ်ရာရနေတယ် မဟုတ်လား ... တော်တော်ကြာရင် လူသတ်မှုအတွက် ရဲအဖွဲ့က လိုက်လာရင် ... နဂိုကမှ ဝရမ်းပြေးနေတဲ့ ခင်ဗျားဟာ မဆိုင်ဘဲနဲ့ အခြောက်တိုက် အမိခံရတော့မယ်ဆိုပြီး ထွက်ပြေးခဲ့ရတယ် မဟုတ်လား ... ဒါပေမဲ့ ဌေးလှိုင်အဖို့တော့ လူသတ်မှုကို ကိုဘမော်အပေါ် ပုံနိုင်ပေမဲ့ ခင်ဗျားအသက်ရှင်နေသရွေ့ စိတ်မအေးစရာဖြစ်ပြီး ခင်ဗျားနောက်လိုက်လာရတာလား ... "

"ဒါဖြင့် ဘာပြုလို့ အဲဒီနေ့ မနက်က ဌေးလှိုင်ဟာ ဦးဒိုးလုံးကို လိုက်ရှာနေရသေးလဲ ... "

မှောင်သိန်းဆွေကပင် ထပ်၍မေးလိုက်ခြင်းဖြစ်သော်လည်း မောင်မောင်ကြီးက ဖြေနိုင်ပေသည်။

"ဒါက သူ့အပေါ်လည်း သင်္ကာကင်းအောင် ... အမှန်တော့



www.burmeseclassic.com

www.burmeseclassic.com



သူက ဦးဒိုးလုံးထက် ကိုဒွေးလှိုင်ဘယ်ရောက်နေလဲဆိုတာ ကို ပိုသိချင်နေတာပဲကွ ... ”

“မှားနေပြီ ... မှောင်မောင်ကြီး ... လုံလုံးကြီး မှားနေပြီ... ဘာကြောင့်လဲဆိုတော့ ဗျူဂွကြီးကို သတ်လိုက်တာဟာ ကျွန်တော်ကိုယ်တိုင် ဖြစ်နေပြီကိုး ... ”

“ဟာ ... ဒီလိုဆိုလည်း (Self Defence) ဆဲဖ်ဒီဖင့်စ် ကိုယ့်ကိုယ်ကို ကာကွယ်တာပါပဲ ... ”

“ဥပဒေအရ ဒီလို ယူနိုင်ပါတယ် ... ”

ကိုဝင်းနိုင်ခေါ် ကိုဒွေးလှိုင်သည် မောင်မောင်ကြီးအား နားမလည်နိုင်သော အမူအရာဖြင့် ကြည့်နေသည်။ ထို့နောက်သော်ကား တစ်စုံတစ်ခုကို ပြင်းပြင်းထန်ထန်ကြီး စူးစမ်းရှာဖွေနေလေသည်။

“မြို့ပြင်ပွဲရုံကို ကျွန်တော်တို့ သူငယ်ချင်း သုံးယောက်ရောက်ခဲ့ကြတုန်းက ပထမဦးဆုံး သတိပြုမိတာကတော့ ကိုဒွေးလှိုင် စစ်ကိုင်းဘက်သွားတယ်တဲ့ ... အမှန်က ကိုဒွေးလှိုင်တစ်ယောက်တည်း မဟုတ်ဘူး ... အဖော်တစ်ယောက်လည်း ပါရဦးမယ် ... ”





“ဒါဖြင့် အဲဒီ ကိုဒွေးလှိုင်နဲ့ လိုက်သွားတယ်ဆိုတဲ့ တခြားအဖော်တစ်ယောက်က ဘယ်သူလဲ ... ”

“အဲဒါ ... ခင်ဗျား ဇနီးချော မသက်ဝေပေါ့ ... ”

“ဟင် ... ”

ဟူ၍ ကိုဘမော်၏ ပါးစပ်မှ အာမေဋိတ်သံ ထွက်ပေါ်သလိုပင်။ မသက်ဝေကိုယ်တိုင်လည်း အံ့အားကြီးသင့်ကာ ကော်ဖီချိုင့်ကိုကိုင်ရင်း တွေတွေကြီး ဖြစ်နေလေသည်။

“ဒါဖြင့် ကိုယ်တို့နှစ်ယောက်ဟာ မြို့ပြင်ပွဲရုံခန်းကြီးထဲမှာ နီးရက်နဲ့ ဝေးနေကြတာပေါ့ ... မသက်ဝေရဲ့ ... ”

“ဟုတ်တာပေါ့ ... အစ်ကိုလေးကမှ ကျွန်မကို ဒီအကြောင်းတွေ ပြောမပြဘဲ ... ကျွန်မမှာ အိမ်တွင်းပုန်း ကုလားမ ဖြစ်နေတော့တာပေါ့ ... ”

ဟု ပြောဆိုရယ်မောနေရင်း ...

“ဘယ်လိုကြောင့် မသက်ဝေမှန်း သိနေရတာလဲ ... မောင်မောင်ကြီးရဲ့ ... ”

ဟု မေးပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကိုယ်တော်ချောမှာ ကော်ဖီကို မော့ရင်း စကားကို တော်တော်နှင့် မဆက်ဘဲ နေပြန်သဖြင့် ကျွန်ုပ်တို့မှာ သိချင်ဇောကြီးလှစွာ ဟင်ခနဲ သက်ပြင်းရှည်ကြီးကို ချလိုက်သောကြောင့် ရှိရပေသေးသည်။

"အထက်က အမကြီးထွက်သွားချိန်မှာပဲ ကိုဒွေးလှိုင်လည်း ပျောက်သွားတယ် ... ပြီးတော့ ကိုဒွေးလှိုင်ရောက်တဲ့နေ့မှာ မိန်းမတစ်ယောက်ပါလာပြီး ကိုဘမော်ရောက်တဲ့အခါ ပြန်ပျောက်သွားပြန်တယ် ... ဒါပေမဲ့ တကယ်ပြန်သွားတာမှ မဟုတ်ဘဲ ... အိပ်ခန်းထဲမှာ လောလောဆယ်နေထားတာ တွေ့ရတော့ ... လုံးမတွေ့အောင် တမင်စီမံထားတာ သိရတာပေါ့ ... ဒါဟာလည်း ကိုဘမော် မျက်စိလည်အောင် လုပ်လိုက်တဲ့ ကိုဒွေးလှိုင်ရဲ့ မျက်လှည့်တစ်ခုပဲပေါ့ ... ကျွန်တော်က ကိုဒွေးလှိုင်ဟာ ကိုဝင်းနိုင်ဘယ်မှာလဲဆိုတဲ့ မေးခွန်းကို မေးနေမိတယ် ... မသက်ဝေကို သူတော်တော်ချစ်တယ် ... သူတို့မှာလည်း ဒီမောင်နှမ နှစ်ယောက်တည်း ရှိကြတာမို့ တကယ်ဆိုရင် ကိုဘမော် ရောက်လာကတည်းက မသက်ဝေကို လိုက်ရှာကြရမယ် ... "





"ဒါပေမဲ့ ကိုဒွေးလှိုင်ဟာ မရှာဘူး ... ဘာပြုလို့လဲ ... အဖြေကတော့ ရှင်းနေတာပဲ ... ရှာနေစရာမလိုလို့ပေါ့ ... ဒီထက်သေချာတာက ကိုဒွေးလှိုင်ရဲ့အဖေါ်ဟာ ကုတ်အင်္ကျီဝတ်ပြီး ဦးထုပ်ဆောင်းထားသတဲ့ ... ဒါဟာ မသက်ဝေကို ရုပ်ဖျက်ပေးထားတာပဲပေါ့ ... "

ကိုဘမော်က မသက်ဝေအား 'ဘယ်လိုလဲ' ဟူသော အကြည့်မျိုးဖြင့် လှမ်းကြည့်လိုက်သောကြောင့် မသက်ဝေ၏ မျက်နှာတွင် ရှက်သွေးဖြန်းသွားသည်ကို ရှက်ပြုံးကလေးဖြင့် ကြိုးစား၍ ဖုံးကွယ်နေပုံမှာ မီးရောင်တွင် ကြည့်၍ပင် လှပနေသေးတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com









## ရန်သူမယား မရက်စက်ခြားလည်း...

ဂူအတွင်းထဲတွင်ကား ပကတိ ဆိတ်ငြိမ်ခြင်းက မင်းမူနေရာ မောင်သိန်းဆွေကမူ ထိုကဲ့သို့ ဆိတ်ငြိမ်မှုကို မုန်းတီးဟန်ဖြင့် စကားစလိုက်ပြန်လေသည်။

"ဟေ့ ... ဟိုဘက်ထောင့်မှာ ပြန်ပေါင်းထုပ်စ လင်မယား နှစ်ယောက် ဘာတွေပြောနေကြသလဲ မသိပါဘူးကွာ ..."

ကျွန်ုပ်တို့၏ စကားသံများ ရပ်စဲသွားလျှင် တတွတ်တွတ်နှင့် ပြောနေသော မသက်ဝေ၏ အသံကိုကြားရပြန်သဖြင့် လှမ်းကြည့်လိုက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုဘေး၌ ထိုင်နေသော ကိုဘမော်၏ ရှေ့မှ ဝမ်းလျားမှောက်လျက် တံတောင်ထောက်ထားသော လက်ပေါ်တွင် မေးတင်ရင်း ချစ်သူတို့ဘာသာဘာဝ ကြည်နူးစွာ တိုင်ပင်နှီးနှောသော ဇနီးမောင်နှံကို တွေ့ရလေသည်။

ဦးဒိုးလုံးကြီးကို ကြည့်လိုက်ပြန်လျှင်မူ ဂုန်နီအိတ်ရှည်တစ်နေရာတွင် ဆောင့်ကြောင့်ထိုင်ရင်း ဒူးပေါ်ခေါင်းတင်ကာ ငိုက်မြည်းနေရှာသည်ကို တွေ့ရပြန်သည်။

ကျွန်ုပ်၏ လက်မှ ရိုးမားနာရီလေးက (၁၁)နာရီထိုးရန် ၁၉ မိနစ်ခန့်သာ လိုတော့ကြောင်း ညွှန်ပြနေ၏။ ကိုဌေးလှိုင်ကတော့ ထိုအချင်းအရာ အာလုံးကို စိတ်မဝင်စားဟန်ဖြင့် မျက်လုံးကို တစ်ချက်မျှ ဖွင့်ရမ်းလိုက်ကာ မောင်မောင်ကြီးအား မေးနေပြန်သည်။

"ကိုယ့်စိတ်ထဲမှာ ခိုးလိုးခုလုနဲ့ တစ်ခုခုကို မကျေမနပ်သလိုဖြစ်နေတာတော့ အမှန်ပါပဲ ... မောင်မောင်ကြီးရဲ့ ... ဒါပေမဲ့ ဘာကိုမျက်စိ ရှန်းနေတယ်ဆိုတာ စဉ်းစားလို့မရဘူး ..."

"ကျွန်တော်လည်း အစက ခင်ဗျားလိုပါပဲ ... ကိုဌေးလှိုင်





ရယ် ... ဒါပေမဲ့ ကျွန်တော်က ခင်ဗျားထက် စုံစုံလင်လင်လေး သိလိုက်ရတော့ မျက်စေ့လည်ပြေသွားတယ် ဆိုပါတော့ ... အမှန်က ဒီမျက်လှည့်ဟာ တမင်တကာကြီးဖန်တီးယူထားတာတော့ မဟုတ်ဘူးဗျ ... ပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေတဲ့ တိုက်ဆိုင်မှုကလေးတွေကြောင့် ကြည့်ရှုသူ လူတွေအဖို့ အလိုလိုမျက်စိလည်စရာ ဖြစ်နေတာပါပဲ..."

ဟုပြောရင်း မောင်မောင်ကြီးသည် ကိုဌေးလှိုင်အားစူးစိုက်ကာ ကြည့်နေသည်။ ကိုဌေးလှိုင်၏ မျက်လုံးထဲတွင်မတော့အရောင်တစ်ချက်လက်သွားသလို မျက်နှာပြင်တွင်မတော့ အသိဉာဏ်ကျောကလေးများ လှုပ်ရှားနေသလို ထင်မြင်လာပေသည်။

ထို့နောက် မောင်မောင်ကြီးသည် စီးကရက်တလိပ်ကို မီးညှိကာ ဖိမ်နှင့်ဖွာနေသည်။ ထိုအခါမှ ကျွန်ုပ်တို့လည်း စီးကရက်သောက်ချင်လာကာ အသီးသီး စီးကရက်ကိုယ်စီနှင့် ရှိသမျှဖိမ်ကလေးကို ယူလျက် မှိန်းနေကြလေ၏။

"ဩော် ... ကိုဘမော် ... သိပ်အေးမနေနဲ့နော် ... ခင်ဗျားအဖို့ အဲလိဘီ (Aneibi) သက်သေအထောက်အထားလိုလိမ့်ဦးမယ် ... "



www.burmeseclassic.com

www.burmeseclassic.com



“ကိစ္စမရှိပါဘူး … မောင်မောင်ကြီးရာ … အဲဒီညအတွက် ကိုယ်မြစ်ကြီးနားဘူတာရုံမှာ အိပ်တဲ့အကြောင်း ရုံပိုင်တစ်ယောက်လုံး သက်သေရှိနေတာပဲ … စိတ်ချရပါတယ် … ကိုယ့်သူငယ်ချင်းပဲ … ”

“ဩော် … ဒီအကြောင်းတောင် သိနေမှကိုး … သေတဲ့လူဟာ ကိုဘမော်နောက်ကို ခြေရာခံလိုက်နေတဲ့ ဆားပုလင်းစုံထောက် တစ်ယောက်ဗျ … ”

“အင်း … မြစ်ကြီးနား ဘူတာက ကြားခဲ့တာပဲ … ဒါနဲ့ အချုပ်ထဲ ရောက်နေမှာစိုးလို့ အနားတောင် မသီတော့ဘဲ ဒီတောထဲ တောင်ထဲကို တန်းပြီးလစ်လာခဲ့တာပေါ့ … အင်း … ဒါကလည်း တစ်မှောင့်ပဲ … ”

“မတစ်မှောင့်ပါနဲ့လေ … ခင်ဗျားကို မြစ်ကြီးနားဘူတာမှာ ရထားပေါ်က အဆင်း … ကျွန်တော်တို့ တွေ့လိုက်ပါသေးတယ် … ခင်ဗျား … ဒီအရင်တစ်ရက်က ရထားမှ မမီဘဲ မြစ်ကြီးနားကို သွားမဲ့ လေယာဉ်ပျံကလည်း လွဲနေတာတောင် လမ်းမှာ ကြည့်လို့မမြင်ဘူး … ”





“အင်း … ကိုဒွေးလှိုင်ကို မတွေ့အောင် ရှောင်နေသေးတာကိုး … ”

“တကယ့်ကို ထူးဆန်းတာပဲဗျာ … သတ်တဲ့လူဟာ ကိုဘမော်မဟုတ်ဘဲ သေသွားတဲ့လူကို ကိုဘမော်ထင်ပြီး သတ်လိုက်တာများ ဖြစ်နေရင်တော့ ခင်ဗျားအတွက် ဓားစာခံသွားရတာပေါ့ … ”

ကိုဒွေးလှိုင်၏ မျက်နှာမှာ အလင်းရောင်ယှက်သန်းလာပြီး အောက်ပါအတိုင်း ဝင်ပြောပြန်လေ၏။

“ဒီလူဟာ ကိုဘမော် ဝတ်တတ်တဲ့မိုးကာ အင်္ကျီကြီး ဝတ်ပြီး အိမ်ဝင်းထဲ ဝင်သွားတာကို မြင်လိုက်တဲ့ ကလေးတစ်ယောက်ရှိပေမဲ့ သဏ္ဌာန်ရှင်ကို မဖမ်းမိဘူး … ကလေးတစ်ယောက်စိတ်ဟာ အလွန်ဖြောင့်မှန်တာတောင် မမှတ်မိဘူးဆိုတော့ မြင်နေကျ သဏ္ဌာန်တစ်ခုမဟုတ်လို့တော့ နောက်ထွက်လာတာကို မြင်လိုက်တဲ့လူရှိပေမဲ့လည်း ကိုဘမော်လိုလို ကိုဒွေးလှိုင်လိုလို သူ့စိတ်မှာ ဇဝေဇဝါ ဖြစ်နေပုံထောက်တော့ သဏ္ဌာန်ရှင်ဟာ လာနေမကျတဲ့သူရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရမယ် … ဒါမှမဟုတ် လာနေကျပေမဲ့ မိုးကာခြုံလွှာကြီးကို ဝတ်နေမကျတဲ့ သူရင်လည်း ဖြစ်ရပေလိမ့်မယ် … ကိုဘမော်သာ ဖြစ်ခဲ့ရင် ဇဝေဇဝါဖြစ်ဖို့ မလွယ်ဘူး … နောက်ပြီး ဒီထက် လူပုံကို အဖမ်းရခက်သွားတာက လူသတ်တရားခံရဲ့ ခြေထောက်မှာ ဒဏ်ရာရထားတဲ့အတွက် လမ်းသွားရာမှာ မူပြောင်းနေလို့ပဲ … ဒါနဲ့အခု ခင်ဗျားခြေထောက်မှာ ဒဏ်ရာကြီးနဲ့ပါလား ကိုဌေးလှိုင် … ”

ကိုဌေးလှိုင်၏ မျက်နှာတွင်ကား စိတ်ပျက်လက်ပျက် မှျော်လင့်ချက်ကုန်ခမ်းသော အသွင်များ ပေါ်လွင်နေသည်။

တကယ်ဆိုတော့ သူမလိုလားအပ်သော်လည်း မျှော်လင့်သလို ဖြစ်နေလေပြီ … သူသည် မောင်မောင်ကြီး၏ မျက်လုံးအစုံကို ကြည့်ကာ …

“ကျွန်တော် သတ် … သတ်လိုက်မိတာ မှားပါတယ်ဗျာ…”

ဟုခဲခဲယည်းယည်း ဝန်ခံစကားပြောလိုက်သည်တွင် ကျွန်ုပ်တို့ အားလုံးမှာ ကိုဌေးလှိုင်အား အံ့အားသင့်စွာဖြင့် ကြည့်လိုက်မိကြလေတော့၏။





“ဘာလို့ ဒီလိုလုပ်ရတာလဲ … ကိုဝင်းနိုင် … ”

မောင်မောင်ကြီးကတော့ သူ၏ မျက်လုံးများကို ကိုဌေးလှိုင်၏မျက်နှာပေါ်မှ မရွေ့လျားစေဘဲ ဖြည်းလေးစွာ မေးလိုက်လေသည်။

ကိုဌေးလှိုင်၏ မျက်နှာကတော့ တည်ငြိမ်မှု ကင်းကွာနေပေပြီ။ သူ၏ ရဲဝံ့သော မျက်လုံးအစုံကလည်း ယခုမူ မောင်မောင်ကြီး၏ မျက်လုံးအစုံအား ယှဉ်ပြိုင်၍ မကြည့်ဝံ့တော့သလို… တကယ်ဆိုတော့ ကိုဌေးလှိုင်ဟာ သနားစရာပင် ကောင်းနေပါပြီ။

မောင်မောင်ကြီးက လေးနက်သော အမူအရာဖြင့် ပတ်ဝန်းကျင်ကို တစ်ချက်လှည့်၍ အကဲခတ်လိုက်သည်။

မသက်ဝေကတော့ နားမလည်သော အမူအရာဖြင့် ထိတ်လန့်စွာ ကြည့်နေလျက် ကိုဘမော်ကလည်း အံ့သြလှစွာဖြင့် ယုံကြည်ရန် ခက်ခဲသောအသွင်ကို ဆောင်နေ၏။

ဦးဒိုးလုံးကြီးမှာလည်း ငိုက်မြည်းရာမှ တုန်တုန်ရီရီနှင့် မျက်စိအပြူးသား ဖြစ်နေပေပြီ။

“အဘိုးကြီး … ခင်ဗျားကြည့်ရတာ ဖျားနေပြီနဲ့တူတယ်…



www.burmeseclassic.com

www.burmeseclassic.com



ဒီဆေးမှုန့်လေး သောက်လိုက်ပါလား ... တစ်ခါတည်း ပျောက်သွားမယ်ဗျ ... ”

ဟုပြောကာ မောင်မောင်ကြီးသည် မြစ်ကြီးနား ဆေးဆိုင်ဆေးရောင်းသော တရုတ်ကြီးထံမှ ဝယ်ယူလာသော ဆေးပြားကို ပေးလိုက်လေ၏။

“ဒါဟာ ဆင်နစ်ပေါင်ဒါ ခေါ် အဆိပ်ဖြူဆေးပြားပဲ ... စပိုင်လုပ်သူတွေ ... တကယ့်အရေးပေါ်ပေါက်တဲ့အခါမှာ သုံးတတ်တယ် ... ဒီအဆိပ်ကို မသောက်နဲ့ ... ”

ဟု ပြောပြောဆိုဆို ဦးဒိုးလုံး၏ ပါးစပ်နားသို့ ရောက်လုနေပြီဖြစ်သော ဆေးပြားကို ပုတ်ချလိုက်လေသည်။

ဦးဒိုးလုံးသည် ပြူးကြောင်ကြောင်ဖြင့် ကြည့်နေရာမှ ကိုဒွေးလှိုင်ဘက်သို့ လှည့်ကြည့်လိုက်သည်တွင် ကိုဒွေးလှိုင်ကတော့ မျက်နှာလွှဲနေလိုက်တော့သည်။

ထို့နောက် သူသည် ကိုဒွေးလှိုင်၏ မိုးကာကြီးကို ကောက်၍ ခြုံလိုက်ကာ ပါးစပ်မှ ...

“ဆရာလေး ... ဆရာလေး ... ”





ဟုရေရွတ်ရင်း ခြေထောက်ထော့နဲ့ ထော့နဲ့နှင့် ထွက်သွားလေသည်။ သူ၏ ခြေသလုံးတွင် ပတ်တီးစီးထားသည်ကို မြင်၍ ကျွန်ုပ်လည်း ...

“ခြေထောက် နိုင်းမိလည်းလာလယ် ... ဘာဖြစ်လည်းလာ... ညာဖြစ်လည်းလာ ... ”

ဆိုသော ဆေးဆိုင်မှ တရုတ်ပေါက်ဖော်၏ ပြောစကားကို ပြန်လည်ကြားယောင်နေမိလျက် ...

ကိုဒွေးလှိုင်မှာမူ ကျွန်ုပ်တို့အား ကယ်တင်ရန် ရောက်လာစဉ်က ခြေထောက်တွင် တစ်စုံတစ်ရာမရှိ။ ထို့နောက် မိုးရေထဲတွင် ထွေးလုံးကျရာမှ ထိခိုက်မိခဲ့ဟန်တူသော လောလောလတ်လတ် ဒဏ်ရာဖြစ်ကြောင်းကို သတိပြုမိလိုက်လေတော့သည်။

“ဥပဒေအပြင်ဘက်က လူတစ်ယောက်ကို ဥပဒေထဲ ပြန်မသွင်းချင်နဲ့တော့ ... မောင်မောင်ကြီးရယ် ... ”

ဟု ကြေကွဲဖွယ်ရာ ပြောဆိုလိုက်ပြန်သည်။

ဂူအတွင်းထဲမှ ကုတ်ချောင်း ကုတ်ချောင်းနှင့် ထွက်သွားသော ဦးဒိုးလုံးကြီးအား ဝိုင်းကြည့်၍ နေလိုက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မောင်မောင်ကြီးလည်း ဖြည်းလေးစွာ ပင် ကိုဒွေးလှိုင်နှင့် အတူလျှောက်သွားကြသဖြင့် ကျွန်ုပ်တို့အားလုံး လည်း လှုပ်ရှားနေသော နှလုံးသား ကိုယ်စီဖြင့် နောက်မှလိုက်ပါ သွားကြပြန်သည်။

မိုးများကား သည်း၍မည်း၍ ကောင်းတုန်းပင် ရှိနေ ၏။ ကျွန်ုပ်တို့ ဂူပေါက်ဆီသို့ ရောက်သောအချိန်တွင်ကား ရွာသွန်း နေသော မိုးထဲတွင် လေတိုးသံဖြင့် နောက်တွင်လွင့်ကာ ဝဲကာ ရှိ ခနေသောခြုံထည်ကြီးနှင့် လူရိပ်သဏ္ဌာန်တစ်ခုကို တစ်ချက်တစ်ချက် ဝင်းလက်လိုက်သော လျှပ်ရောင်တွင် မြင်တွေ့လိုက်ရလေသည်။

လျှပ်ရောင်တွင် မိုးရေကြောင့် ဝင်းပြောင်နေသော ှိုးကာ ခြုံထည်ကြီးနှင့် ထိုသဏ္ဌာန်ရှင်ကတော့ နောက်သို့ တစ်ချက် ာလေးမှ ငုံ့ကြည့်ပုံမရ။ ခိုက်ခိုက်နှင့်သာ ရှေ့ဆီသို့ တိုးကာ တိုး ာ သွားနေ၏။

သဲဏ္ဌာန်ရှင်၏ ရှေ့တွင်ရှိသော အမှောင်ထုသည် ပည်းကောင်း၊ မိုးကြိုးထစ်ချုန်း မြည်ဟည်းသံများသည် လည်း ကောင်း၊ ထိုသဏ္ဌာန်ရှင်အား ကြောက်ရွံ့နောက်တွန့်လိုသော စိတ် ဉား ဖြစ်ပေါ်စေခြင်းငှာ မစွမ်းဆောင်နိုင်တော့ပြီ။





အမှောင်ထုကား အလွန်တရာမှပင် ကြီးမားလာ လေသည်။ ထိုသဏ္ဌာန်ရှင်၏ ရှေ့တည့်တည့်တွင်ရှိနေသော လျှို မြောင်ကြီး၊ ချိုင့်ကြွင်းကြီးများသည် ပို၍မဲမှောင်နေလေ၏။

သို့သော် သဏ္ဌာန်ရှင်ကတော့ အလင်းကို ကျော်ခိုင်း ခဲ့ပြီမို့ အမှောင်ဆီသို့သာ ရှေ့ရှုနေတော့ပြီ။ ထိုအချိန်တွင်ကား ကျွန်ုပ် တို့တစ်တွေလည်း သဏ္ဌာန်ရှင်၏ ညည်ရွယ်ရင်းကို တစထက် တစ်စ ရိပ်စားမိတော့သည်။

ကျွန်ုပ်နံဘေးတွင် ရပ်နေသော မောင်မောင်ကြီး သည် ဂနာမငြိမ်နိုင်ဘဲ ရှိနေရာမှ ဖြုန်းခနဲ ပြေးထွက်လိုက်လေ၏။

သို့သော် မောင်မောင်ကြီးမှာ ဂူအပြင်ဆီသို့ ဝင် ရောက်မသွားချေ။ သူ၏နောက်တွင် ကပ်၍ရပ်နေသော မောင်သိန်း ဆွေနှင့် ကိုဘမော်တို့က အချိန်မီ ဆွဲလိုက်ခြင်းကြောင့် ဖြစ်သည်။

ထို့နောက်သော်ကား မောင်မောင်ကြီးလည်း ပြေး လိုက်ရန် ထပ်မံကြိုးစားခြင်း မပြုတော့ချေ။ ကြိုးစား၍လည်း အ ကြောင်းထူးတော့မည် မထင်။ သူ့ထိုက်နှင့်သူ့ကံ. သူ၏ ကံကြမ္မာ ကို သူကိုယ်တိုင် ဖန်တီးယူနိုင်သည်ကို မဆိုင်သူတစ်ဦးက ဝင်



www.burmeseclassic.com

www.burmeseclassic.com



ရောက်စွက်ဖက်ရန် ကြိုးစားချင်သော ဆန္ဒကို ခင်တွယ်လိုစိတ် မရှိ တော့ပြီဟု ထင်မြင်မိပေသည်။

ထိုသဏ္ဍာန်ရှင်သည် ရွေ့လျားနေတုန်းပင်။ ရပ်တည်ခြင်းဟူ မတတ်နိုင်။ ဘဝ၏ တစ်ခုတည်းသော မျှော်လင့်ခြင်း၏ ဆုံးရာပန်းတိုင်ဆီသို့သာ မမိုတ်မသုန် ဦးတည်ကာနေလေ၏။

နောက်တစ်ချိန် လျှပ်ရောင် ဝင်းသွားသောအခါတွင်ကား လှိုက်မ်းပါးစောင်း ဦးမော့မော့လေးပေါ်တွင် ဘွားခနဲပေါ်လာသော လေမင်း၏ ပျက်ရယ်ကျည်စယ်မှုကြောင့် ကိုယ်ရုံမိုးကာ ခြုံလွှာဝဲကာ ရပ်တည်၍ နေသည်ကို တွေ့ရသည်မှာ အချိန်ကို ငံ့လင့်နေသည်နှင့် တူပေ၏။

"ဘုရား ... ဘုရား ... ဘုရား ... ကယ်တော်မူပါ ... "

မသက်ဝေ၏ အသံသည် စိုးရိမ်ခြင်းနှင့် ရောပြွမ်းကာ တီးတိုးပေါ်ထွက်လာသည်။ မပြတ်ဝင်းလက်နေသော လျှပ်စစ်ရောင်ခြည်များ ဆိတ်သုဉ်းမသွားမီ တစ်ခဏလေးမျှသော ကာလတွင် ခြုံလွှာကြီးသည် ပျံ့ဝဲကျသွားပြီးနောက် သဏ္ဍာန်ရှင်လည်း ကျွန်ုပ်တို့၏ မျက်မှောက်မှလည်းကောင်း၊ ကမ္ဘာလောကကြီး တစ်ခုလုံးမှ အပြီးအပိုင်ပျောက်ကွယ်သွားချေပြီ တကား ... ။





ထို့နောက် ကျွန်ုပ်တို့ အားလုံး ဂူအတွင်းထဲဆီသို့ ပြန်လည်ဝင်ခဲ့ကြသည်။ ချုပ်တည်း မျိုသိပ်ခြင်းဟူ မစွမ်းနိုင်ခဲ့တော့သော မသက်ဝေ၏ ငိုရှိုက်သံကလေးသည် ကြေကွဲဖွယ်ရာ ကျွန်ုပ်တို့၏ နားထဲဆီသို့ လိုမ့်ဝင်ရောက်လာလေသည်။

တကယ်တော့လည်း စိတ်ဓာတ်နုနယ်သေးသော မိန်းမသားတစ်ဦးအဖို့ သူမအပေါ် ကြင်နာစွာ စောင့်ရှောက်ခဲ့သော လူတစ်ဦးအား မည်မျှရက်စက်လှသည့် လူဆိုးကြီးတစ်ဦးဖြစ်နေပါကလည်း မျက်ရည်မကျဘဲ မေ့ပျောက်၍ ရနိုင်မည် မဟုတ်သည်မှာ ထူးဆန်းလှသော ဖြစ်စဉ်တစ်ရပ်တော့ မဟုတ်ပါချေ။

ထို့အတူ မိုက်မိုက်ကန်းကန်းလူတွေကို သွေးအေးအေးနှင့် သတ်ဝံ့သော ဦးဒိုးလုံးလို ယောက်ျားအရင့်မာကြီး တစ်ယောက်အဖို့လည်း သူ၏ ရှေ့တွင် အကြင်နာကင်းမဲ့စွာ ဒုက္ခ ဆင်းရဲတွေ့နေရသူ မသက်ဝေအား ရန်သူ၏ ဇနီးတစ်ယောက်ဖြစ်နေပါမူလည်း မျက်နှာလွှဲ၍ မရက်စက်နိုင်သည်မှာလည်း သဘာဝတရားကို လွန်ဆန်လိုက်သော ဖြစ်စဉ်တစ်ရပ်ပင် မဟုတ်ပါလား။

* * *



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ကျွန်ုပ်တို့အားလုံးက အသက်အန္တရာယ်များလှသော မရဏာရှေ့လိုဏ်ဂူကြီးအတွင်းသို့ ဆက်လက်ဆင်းကြည့်ရန် မကြိုးစားတော့ချေ။

အားလုံးပြန်လှည့်လာခဲ့ကြလေရာ နောက်တစ်ပတ်ခန့်အကြာတွင် ကိုဝင်းနိုင်ခေါ် ကိုဌေးလှိုင်တို့ကို သက်ဆိုင်ရာ ရဲတပ်ဖွဲ့မှပြစ်မှုကျူးလွန်သော တရားခံများအဖြစ်နှင့် မြစ်ကြီးနားမြို့ဖမ်းဆီးလိုက်၍ ဗဟိုတရားရုံးကြီးတွင် အမှုရင်ဆိုင်နေရကြောင်းသတင်းကြားလိုက်ရလေသတည်း။

တယောက်သူများကြည့်နှုးနှုးကဲ့မြန်မာပေါ်ပါစေ

အောင်ကျော်စွာ

(၂၅-၃-၂၀၀၄)



၀၄

BURMESE CLASSIC

www.burmeseclassic.com